# ဖက်ဒရယ်စနစ်
# Federalism

၂၀၁၅ ခုနှစ် မေလ

## ဤစာစဉ်နှင့် စပ်လျဉ်း၍

ဤဖွဲ့စည်းပုံ တည်ဆောက်ရေး လမ်းညွှန်စာတမ်းများသည် (၁) နိုင်ငံသားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရအရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ အမြော်အမြင်ရှိစွာ ရွေးချယ်မှုများပြုလုပ်နိုင်ရေး အကူအညီပေးခြင်းဖြင့်လည်းကောင်း (၂) ပြည်တွင်းမှ ဆုံးဖြတ်ချက် ချမှတ်သူများအား ကောင်းမွန်သောအချက်အလက် ပြည့်စုံသော နိုင်ငံအခြေအနေနှင့် သက်ဆိုင်မှုရှိသော ပံ့ပိုးမှုပေးနိုင်ရေး အစိုးရချင်း ဆက်သွယ်ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် အခြား ပြင်ပမှလုပ်ငန်းဆောင်ရွက်သူများကို အကူအညီပေးခြင်းဖြင့်လည်းကောင်း နိုင်ငံအတွင်း ဖွဲ့စည်းပုံတည်ဆောက်ရေး သို့မဟုတ် ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ လမ်းညွှန်စာတမ်းများကိုအထူးပြု ကျွမ်းကျင်သူမဟုတ်သော စာရှုသူများအတွက်မိတ်ဆက် အနေဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံတည်ဆောက်သည့် ယခင်အသိပညာ သို့မဟုတ် အတွေ့အကြုံရှိပြီးသူများ အတွက် ပြန်နွှေးနိုင်ရန်လည်းကောင်း စီစဉ်ပြုစုထားပါသည်။ ဖွဲ့စည်းပုံ တည်ဆောက်သူများ ကြုံတွေ့ရမည့် လက်တွေ့ရွေးချယ်ရန်များကို အခြေခံလျက် အကြောင်းအရာအလိုက် စီစဉ်ပြုစုထားပြီး ရှုပ်ထွေးသော အကြောင်းအရာများကို လွယ်ကူလျင်မြန်စွာ သိရှိနားလည်နိုင်ရေး ရှင်းလင်းတင်ပြထားပါသည်။

## International IDEA အဖွဲ့အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ International Institute for Democracy and Electoral Assistance (International IDEA) သည် ကမ္ဘာတစ်ဝန်း ရေရှည်တည်တံ့နိုင်သော ဒီမိုကရေစီ ထွန်းကားရေး ပံ့ပိုးမှုပေးရန် ဆောင်ရွက်သည့် အစိုးရအများပါဝင်သော အဖွဲ့အစည်း ဖြစ်ပါသည်။

© International IDEA

## ခြုံငုံဖော်ပြချက်

**ဖက်ဒရယ်စနစ် ဆိုသည်မှာ အဘယ်နည်း။**

- ဖက်ဒရယ်စနစ်မှာ အစိုးရအဆင့်အသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံတစ်ရပ် ဖြစ်ပါသည်။ ယင်းသို့ ခွဲဝေရာတွင် ဖက်ဒရယ်နိုင်ငံတွင် ပါဝင်သည့် နယ်မြေဒေသများ (တိုင်းဒေသကြီး/ ပြည်နယ်များ) အနေဖြင့် အချို့သော မူဝါဒနယ်ပယ်များတွင် ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့် အများအပြားရရှိရေး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးထားပြီး အခြားမူဝါဒနယ်ပယ်များတွင်မူ သဘောတူညီထားသောမူများနှင့်အညီ လုပ်ပိုင်ခွင့်အာဏာကို အတူတကွကျင့်သုံးရန် စီမံထားပါသည်။ သို့ဖြစ်၍ ဖက်ဒရယ်စနစ်သည် တစ်စိတ်တစ်ဒေသ **ကိုယ်ပိုင်အုပ်ချုပ်ခြင်း**နှင့် တစ်စိတ်တစ်ဒေသ **အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း** တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။ (Elazar 1987)

**ဖက်ဒရယ်စနစ်ကို အဘယ်ကြောင့် ကျင့်သုံးသင့်သနည်း**

- **ကိုယ်ပိုင်စရိုက်လက္ခဏာများ Identity ကို ထိန်းသိမ်းနိုင်ခြင်း** - နယ်မြေဒေသအသီးသီးတွင် ကိုယ်ပိုင်စရိုက်လက္ခဏာ၊ တိုင်းရင်းသားလူမျိုး၊ ယုံကြည်ကိုးကွယ်မှု သို့မဟုတ် ဘာသာစကားအလိုက် စုဝေးနေထိုင်ကြသော နိုင်ငံများတွင် ဖက်ဒရယ်စနစ်သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ အပြန်အလှန်ညှိနှိုင်းလျက် ပြေလည်မှု ရရှိရေးအတွက် နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။
- **စွမ်းဆောင်ရည်ပြည့်မှု (Efficiency)** - ဖက်ဒရယ်စနစ်သည် ဆုံးဖြတ်ချက်များကို အသင့်တော်ဆုံး အဆင့်တွင် ချမှတ်နိုင်စေခြင်း၊ လုပ်ပိုင်ခွင့်အာဏာများ အလွန်အမင်း စုစည်းနေခြင်းမဖြစ်စေရန် အကာအကွယ်ပေးခြင်း၊ ဒီမိုကရေစီ ပါဝင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ဖန်တီးပေးခြင်း တို့ကြောင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာပေးနိုင်ရေး နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။

| | |
|---|---|
| ဖက်ဒရယ်စနစ်ကို အဘယ်ကြောင့် မကျင့်သုံးသင့်သနည်း။ | • အချို့နိုင်ငံများတွင် ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းကြောင့် ပဋိပက္ခများကို ဖြေရှင်းရန်နှင့် အုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန် အထောက်အကူ ဖြစ်ခဲ့သော်လည်း ဖက်ဒရယ်စနစ်သည် ရှိရင်းကွဲပြားခြားနားမှုများကို ပိုမိုဆိုးဝါးလာစေပြီး တစ်ခါတစ်ရံ ပဋိပက္ခများကို ပိုမိုနက်ရှိုင်းစေခြင်း သို့မဟုတ် နိုင်ငံတော်ယန္တရားပျက်ပြားခြင်းများကိုလည်း ဖြစ်စေနိုင်ပါသည်။<br>• ဖက်ဒရယ်စနစ်သည် ရှုပ်ထွေးပြီး မကြာခဏ ဥပဒေထုံးတမ်းအခြေပြု အစိုးရပုံသဏ္ဍာန်တစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ ကုန်ကျစရိတ် မြင့်မားနိုင်ပြီး ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း မူဝါဒများ ကျင့်သုံးခြင်းတို့တွင် တစ်စုတစ်စည်းတည်း လုပ်ဆောင်နိုင်ရန် အဟန့်အတား ဖြစ်နိုင်ပါသည်။ |
| ဖက်ဒရယ်စနစ်ကို မည်သည့်နိုင်ငံများတွင် ကျင့်သုံးပါသနည်း။ | • ဖက်ဒရယ်စနစ်ကို သာမန်အားဖြင့် ယဉ်ကျေးမှု မတူကွဲပြားမှု များပြားသော သို့မဟုတ် နိုင်ငံနယ်နိမိတ် ကျယ်ပြောသောနိုင်ငံများတွင် ကျင့်သုံးလေ့ရှိပါသည်။ ထင်ရှားသော ဖက်ဒရယ် သို့မဟုတ် ဖက်ဒရယ်တစ်ပိုင်း နိုင်ငံများမှာ အာဂျင်တီးနား၊ ဘယ်လ်ဂျီယမ်၊ ဘရာဇီး၊ ကနေဒါ၊ ဂျာမနီ၊ အိန္ဒိယ၊ မလေးရှား၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ စပိန်၊ တောင်အာဖရိကနှင့် အမေရိကန်ပြည်ထောင်စု စသည်တို့ ဖြစ်ပါသည်။ |

## ဖက်ဒရယ်စနစ်သည် မည်သည့်ကိစ္စရပ်ကို အဓိကကိုင်တွယ်ပါသနည်း။

ဖက်ဒရယ်စနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရအဆင့်အသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေခြင်းကို ထည့်သွင်းပြဋ္ဌာန်းထားရှိသည့် နိုင်ငံတော်အစိုးရ စနစ်တစ်ရပ်ဖြစ်ပါသည်။ သာမန်အားဖြင့် အဓိကအဆင့် နှစ်ဆင့် ရှိပါသည်။ (၁) အမျိုးသားအဆင့် သို့မဟုတ် ဗဟိုအဆင့် သို့မဟုတ် ဖက်ဒရယ်အဆင့်နှင့် (၂) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်တို့ ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်အာဏာကို သုံးဆင့်ခွဲခြားသည့် ဖက်ဒရယ်စနစ်များလည်း ရှိပါသည်။ ယင်းတို့တွင် ဒေသန္တရအစိုးရ (မြို့နယ်အဆင့်) လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုပြဋ္ဌာန်းပေးထားပါသည် (ဥပမာ တောင်အာဖရိက)။ သို့မဟုတ် နယ်မြေဒေသအလိုက် ဖက်ဒရယ်စနစ်နှင့် ဘာသာစကားအလိုက် ဖက်ဒရယ်စနစ်တို့ကို တစ်ပြိုင်နက်တည်း ပေါင်းစပ်အသုံးပြုသော ရှုပ်ထွေးသည့်စနစ်များလည်း ရှိပါသည် (ဥပမာ ဘယ်လ်ဂျီယမ်)။

နယ်နိမိတ် သတ်မှတ်ဖော်ပြနိုင်သည့် သီးခြားတည်ရှိနေသော ရပ်ရွာအသိုက်အဝန်းများသည် ၎င်းတို့အတွက် အထူးအရေးပါသောကိစ္စရပ်များကို ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်ရှိရန် အာမခံချက်ရရှိပြီး ပိုမိုကြီးမားသော ဖက်ဒရယ်ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအနေဖြင့်လည်း ဘုံသက်ဆိုင်သည့် ကိစ္စရပ်များတွင် အတူတကွ လုပ်ပိုင်ခွင့် အာဏာကိုကျင့်သုံးဆောင်ရွက်နိုင်ပါမည်။

ထိုသို့လုပ်ဆောင်နိုင်စေရန် ဖက်ဒရယ်စနစ်တွင် အစိုးရအဆင့်အသီးသီး၌ ဥပဒေပြုမှု၊ အုပ်ချုပ်မှု (နှင့် တစ်ခါတစ်ရံ တရားစီရင်ရေး) အင်စတီကျူးရှင်းများရှိသည့်အပြင် အစိုးရအဆင့်အသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာများခွဲခြားထားပုံကို အခိုင်အမာ ပြဋ္ဌာန်းပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရအဆင့်အသီးသီးအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန် တာဝန်ယူသည့် အခြေခံဥပဒေဆိုင်ရာ တရားလွှတ်တော်တစ်ရပ်လည်း ရှိပါသည်။

အကြောင်းရင်း နှစ်ရပ်ကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန် စဉ်းစားလေ့ ရှိပါသည်။


- *ကိုယ်ပိုင်စရိုက်လက္ခဏာကို ဖော်ဆောင်သော ဖက်ဒရယ်စနစ်* - နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ယဉ်ကျေးမှု၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု သို့မဟုတ် အခြားနည်းလမ်းဖြင့် သီးခြားစီရှိနေသော

အမျိုးသား/လူမျိုး ရပ်ရွာအသိုက်အဝန်းများသည် အကျိုးစီးပွားတူညီခြင်း သို့မဟုတ် ကိုယ်ပိုင်စရိုက်လက္ခဏာ တူညီခြင်းကြောင့် နိုင်ငံအတွင်း တစ်စုတစ်စည်းတည်း နေထိုင်လိုသော်လည်း အကျိုးစီးပွား ကွာခြားမှုလည်း ရှိခြင်း သို့မဟုတ် ကိုယ်ပိုင်စရိုက်လက္ခဏာလည်း ကွာခြားခြင်းကြောင့် နိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အများအပြားရယူလိုခြင်း ဖြစ်နိုင်ပါသည်။ (ဥပမာ ကနေဒါ၊ ဆွစ်ဇာလန်)

- *စွမ်းဆောင်ရည်ပြည့်ဝသော ဖက်ဒရယ်စနစ်* - ယဉ်ကျေးမှုတစ်မျိုးတည်း ဖြစ်သော်လည်း ပထဝီနယ်မြေ ကြီးမားကျယ်ပြန့်သောနိုင်ငံသည် ဒီမိုကရေစီကိုယ်စားပြုမှုနှင့် တာဝန်ခံမှုတိုးတက် ကောင်းမွန်စေရန် လုပ်ပိုင်ခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး နယ်မြေခံများအား အရင်းအမြစ်များနှင့် မူဝါဒများကို ထိန်းချုပ်ခွင့် ပိုမို၍ပေးအပ်ခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသား မူဝါဒရေးရာများတွင် တစ်စုတစ်စည်းတည်း လုပ်ဆောင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းထားရှိပါသည် (ဥပမာ ဂျာမနီနှင့် အာဂျင်တီးနားတို့ ဖြစ်ပါသည်)။

ဖက်ဒရယ်စနစ်သည် ကိစ္စရပ်အချို့တွင် **စည်းလုံးညီညွတ်စွာ အတူတကွလုပ်ဆောင်**လိုပြီး အခြားသော ကိစ္စရပ်များ တွင် **မတူကွဲပြားမှုနှင့် ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်** ရှိလိုခြင်းကို ညှိနှိုင်းရန်ကြိုးပမ်းခြင်း ဖြစ်ပါသည်။ (အောက်ဖော်ပြပါ ပုံ ၁ ကို ကြည့်ပါ။) တူညီသော အကျိုးစီးပွားများနှင့် တူညီသော ကိုယ်ပိုင်စရိုက်လက္ခဏာများက တစ်ဖက်၊ မတူကွဲပြားသော အကျိုးစီးပွားများနှင့် မတူကွဲပြားသော ကိုယ်ပိုင်စရိုက်လက္ခဏာများကတစ်ဖက် ချိန်ဆလျက် နိုင်ငံတစ်နိုင်ငံအတွက် ဖက်ဒရယ်စနစ်သည် သင့်တော်မှု ရှိမရှိ (သင့်တော်လျှင်လည်း မည်သည့် ပုံစံဖြင့် ဖက်ဒရယ် အင်စတီကျူးရှင်းများ ဖွဲ့စည်းသင့်ကြောင်း၊ မည်သည့်အတိုင်းအတာအထိ ဖက်ဒရယ်မှုကို ကျင့်သုံးသင့်ကြောင်း) အဓိကအားဖြင့် သုံးသပ်နိုင်ပါသည်။

**ပုံ ၁ - မတူကွဲပြားမှုအတွင်းတွင် စည်းလုံးညီညွတ်မှုရယူရန် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်း**

| ၁။ သီးခြားနိုင်ငံများ | ၂။ တစ်ပြည်ထောင်နိုင်ငံ | ၃။ ဖက်ဒရယ်နိုင်ငံ |
|---|---|---|
|  |  |  |
| မတူကွဲပြားမှုနှင့်ကိုယ်တိုင် အုပ်ချုပ်မှုရှိသည်။ စည်းလုံး ညီညွတ်မှုနှင့် အတူတကွ နေထိုင်မှု မရှိ။ | မတူကွဲပြားမှုနှင့် ကိုယ်တိုင် အုပ်ချုပ်မှု မရှိ။ စည်းလုံး ညီညွတ်မှုနှင့် အတူတကွ နေထိုင်မှု ရှိသည်။ | မတူကွဲပြားမှုနှင့် ကိုယ်တိုင် အုပ်ချုပ်မှု ရှိသည်။ စည်းလုံး ညီညွတ်မှုနှင့် အတူတကွ နေထိုင်မှုလည်း ရှိသည်။ |

# ဖက်ဒရယ်စနစ်ကို အဘယ်ကြောင့် ကျင့်သုံးပါသနည်း။

## (က) ဖက်ဒရယ်စနစ် ကျင့်သုံးရခြင်း ကြောင်းကျိုးဖော်ပြချက်

ဖက်ဒရယ်စနစ်သည် **အတိုင်းအတာ**နှင့် **မတူကွဲပြားမှု**ဆိုင်ရာ ပြဿနာများကို အင်စတီကျူးရှင်းစနစ်ပိုင်း ဖြေရှင်းချက်တစ်ခုအဖြစ် ဖော်ပြခြင်းခံရလေ့ရှိသည်။

*အတိုင်းအတာ (Scale)* - ဒီမိုကရေစီ၏ဇစ်မြစ်မှာ နိုင်ငံသားများ နိုင်ငံရေးတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်သည့် ရှေးဟောင်းမြို့ပြနိုင်ငံနှင့် အလယ်ခေတ် မြို့ပြနိုင်ငံများတွင် စတင်ပေါ်ပေါက်ခဲ့ပါသည်။ မြို့လယ် စုရပ်တွင် စုဝေးလျက် မျက်နှာချင်းဆိုင်ဆွေးနွေးကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်လောက်သော နိုင်ငံငယ်များတွင်သာ ဒီမိုကရေစီကို ကျင့်သုံးနိုင်သည်ဟု သမိုင်းတစ်လျှောက်တွင်ယူဆခဲ့ကြပါသည်။ ပြည်သူ့ကိုယ်စားလှယ် အဖွဲ့အစည်းစနစ်များ ပေါ်ပေါက်လာပြီးနောက် ဒီမိုကရေစီကို နိုင်ငံအဆင့်တွင် ကျင့်သုံးလာနိုင်သော်လည်း အတိုင်းအတာ ပြဿနာရှိနေဆဲဖြစ်ပါသည်။ နိုင်ငံအရွယ်အစားကြီးမားလာခြင်းမှာ အကျိုးဆက်များ ရှိပါသည်။ အစိုးရနှင့် ပြည်သူလူထုအကြား အကွာအဝေး ပိုမိုများပြားလာသည်နှင့်အမျှ ပြည်သူလူထု၏အသံကို ကြားသိရန် ပိုမိုခက်ခဲလာပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် အုပ်ချုပ်သည့်အလွှာများက ကြီးစိုးမှုပိုမိုများပြားလာပါသည်။ ပြည်သူလူထု၏ လိုအပ်ချက်များ၊ ဆန္ဒများနှင့် ဦးစားပေးအချက်များကို အုပ်ချုပ်သူများသိရှိနားလည်မှု ပိုမိုနည်းပါးလာပါသည်။ သို့ဖြစ်၍ လူထုမနှစ်သက်သော၊ မသင့်တင့်မလျောက်ပတ်သော၊ ဖော်ဆောင်ရန် မဖြစ်နိုင်သော မူဝါဒများချမှတ်ကျင့်သုံး လာတတ်ပါသည်။ ဆန့်ကျင်မှုများနှင့် မကျေနပ်မှုများဖြစ်ပေါ်လာပြီး နိုင်ငံရေးစနစ်တစ်ခုလုံး ဂုဏ်သတင်းကျဆင်း လာတတ်ပါသည်။ ဖက်ဒရယ်စနစ်တွင် ဗဟိုမှကျင့်သုံးရန် လိုအပ်သောလုပ်ပိုင်ခွင့်အာဏာများကိုသာ ဗဟိုအဆင့်သို့ အပ်နှင်းထားပြီး ပြည်သူလူထုသည် ဒီမိုကရေစီ ထိန်းချုပ်မှုကျင့်သုံးရန်နှင့် မိမိတို့လိုအပ်ချက်နှင့်အညီ မူဝါဒများကျင့်သုံးနိုင်ရန် အခွင့်အလမ်းများ ပိုမိုရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် လုပ်ပိုင်ခွင့်အာဏာ အများအပြား ကျင့်သုံးခွင့်ပြုထားသဖြင့် ဤပြဿနာပြေလည်ရေး ဖြေရှင်းဆောင်ရွက်ရန် အထောက်အကူ ဖြစ်နိုင်ပါသည်။

*မတူကွဲပြားမှု (Diversity)* - ဖက်ဒရယ်စနစ်မှ ရရှိနိုင်သည့် အဓိက အကျိုးကျေးဇူးတစ်ရပ်မှာ တိုင်းရင်းသား၊ ဘာသာရေး၊ ဘာသာစကား သို့မဟုတ် အခြား ယဉ်ကျေးမှုအသိုက်အဝန်းများက လိုလားဆန္ဒရှိသည့် အတိုင်းကိုယ်ပိုင်စရိုက်လက္ခဏာနှင့် အကျိုးစီးပွားများ သီးခြားစီရှိသည့် လူမျိုးအဖြစ် **အသိအမှတ်ပြုရန်** မူဘောင်တစ်ရပ် ရရှိခြင်း ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်သည် ယင်းအုပ်စုများအား **ကိုယ်ပိုင်အတွင်းရေးစီမံခန့်ခွဲပိုင်ခွင့်** အာမခံချက်ပေးပြီး တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်မှုအဖွဲ့အစည်းစနစ်များထားရှိလျက် ကိုယ်တိုင်အုပ်ချုပ်မှု အများအပြား ကျင့်သုံးခွင့်ပြုပြီး တစ်ချိန်တည်းမှာပင် ဖက်ဒရယ် သို့မဟုတ် အမျိုးသားအဆင့် အဖွဲ့အစည်းစနစ်များလည်း ထားရှိပြီး လုပ်ငန်းအချို့ကို အခြားသော ရပ်ရွာအသိုက်အဝန်းများနှင့် အတူတကွလုပ်ဆောင်ပါသည်။ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကိုယ်ပိုင်အတွင်းရေးစီမံခန့်ခွဲပိုင်ခွင့်နှင့် အသိအမှတ်ပြုမှု ခံယူခွင့်တောင်းဆိုချက်များကို ဖြည့်ဆည်းပေးခြင်းအားဖြင့် လူနည်းစုများကို အကာအကွယ်ပေးပြီး ပဋိပက္ခမဖြစ်စေရန်တားဆီးနိုင်ပါသည်။ ဒီမိုကရေစီအင်စတီကျူးရှင်းစနစ်များ၏ တရားဝင်ဖြစ်မှုကိုတိုးတက်မြင့်မားစေပြီး ခွဲထွက်ရန်အားပေးမှုများကို လျော့နည်းကျဆင်းစေပါသည်။

သို့ရာတွင် ဖက်ဒရယ်စနစ်သည် (အနည်းဆုံးအားဖြင့် အစဉ်အလာအတိုင်း နားလည်သဘောပေါက်ပြီး ကျင့်သုံးသော ဖက်ဒရယ်စနစ် ပုံစံများသည်) ရပ်ရွာအသိုက်အဝန်း အသီးသီးနယ်မြေအလိုက် စုစည်းနေထိုင်ကြမှသာလျှင် သင့်တော်ပါသည်။ ပထဝီနယ်မြေဒေသအလိုက် တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ဘာသာစကားအသိုက်အဝန်းများ စုစည်းနေထိုင်ခြင်း မရှိပါက အခြားနည်းလမ်းများဖြင့် အများသဘောတူ နိုင်ငံရေး ဖြစ်စေသည့် နည်းလမ်းများမှာ ပိုမိုကောင်းမွန်နိုင်ပါသည်။ (ဖက်ဒရယ်စနစ် မဟုတ်သော အခြားရွေးချယ်နိုင်သည့် နည်းလမ်းများ အပိုင်းကို ကြည့်ပါ။)

ထို့ကြောင့် ဖက်ဒရယ်စနစ်သည် အချို့နိုင်ငံများအတွက် သင့်တော်သည်မှန်သော်လည်း နိုင်ငံအားလုံးအတွက် သင့်တော်သည်ဟု မဆိုနိုင်ပါ (Anderson 2008: 12)။ လူမျိုးဘာသာယဉ်ကျေးမှု တစ်မျိုးတည်းရှိသော နိုင်ငံငယ်များသည် သီးခြားလွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဆိုပါက ဖက်ဒရယ်စနစ်ကျင့်သုံးရန်ယေဘုယျ

အားဖြင့် လိုအပ်မည်မဟုတ်ပါ။ နိုင်ငံအရွယ်အစားကြီးမားလျှင် သို့မဟုတ် နယ်မြေအလိုက် စုစည်းနေထိုင်ကြသော လူနည်းစုများရှိလျှင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန် စဉ်းစားလေ့ရှိပါသည်။

### (ခ) အတူယှဉ်တွဲရေး ဖက်ဒရယ်စနစ် 'Coming Together' နှင့် အတူပေါင်းစည်းရေး ဖက်ဒရယ်စနစ် 'Holding Together'

သမိုင်းတစ်လျှောက်တွင် နိုင်ငံငယ်များသည် ဘုံရန်သူများနှင့် ရင်ဆိုင်ရသောအခါ သို့မဟုတ် နိုင်ငံဆက်လက်တည်တံ့ရန် စိန်ခေါ်မှုအခက်အခဲများနှင့် ရင်ဆိုင်ရသောအခါ နိုင်ငံပေါင်းချုပ်အဖွဲ့များ သို့မဟုတ် ကွန်ဖက်ဒရေးရှင်းနိုင်ငံများအဖြစ် စာချုပ်ချုပ်ဆိုလျက် သို့မဟုတ် နိုင်ငံတည်ထောင်ရေးသဘောတူညီချက် ချုပ်ဆိုလျက် တည်ထောင်ကြပါသည်။ သို့ဖြင့် ယင်းနိုင်ငံငယ်များသည် ပြည်တွင်းမူဝါဒ အပိုင်းကဏ္ဍအများစုတွင် ကိုယ်တိုင်ဆုံးဖြတ် ဆောင်ရွက်ခွင့်မဆုံးရှုံးဘဲ အချို့သောလုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ငန်းများကို အတူတကွလုပ်ဆောင်နိုင်ပါသည်။ အထူးသဖြင့် နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် ကုန်သွယ်ရေးတို့ ဖြစ်ပါသည်။ သို့ရာတွင် အချို့သော အပိုင်းကဏ္ဍများ၌ ယင်းကဲ့သို့ အစောပိုင်း နိုင်ငံပေါင်းချုပ်အဖွဲ့များ သို့မဟုတ် ကွန်ဖက်ဒရေးရှင်းများမှာ ယနေ့ခေတ်ဖက်ဒရယ်နိုင်ငံများထက်အစိုးရချင်းဆက်စပ်ဆောင်ရွက်သောအဖွဲ့အစည်းများနှင့်ပိုမို၍အလားသဏ္ဍာန်တူပါသည်။ ၎င်းတို့၏ ကွန်ဖက်ဒရေးရှင်း လွှတ်တော်ညီလာခံများမှာ စစ်မှန်သော လွှတ်တော်များမဟုတ်ဘဲ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များစုစည်းလျက် ညီလာခံကျင်းပခြင်း ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် ကွန်ဖက်ဒရေးရှင်း ပြဋ္ဌာန်းချက်များ (၁၇၈၁-၉) အရ ကနဦးတွင် ယင်းသို့သော စည်းနှောင်မှုမတင်းကြပ်သည့် ပြည်ထောင်စုဖြစ်ပါသည်။ လွှတ်တော်သည် တိုက်ရိုက်အခွန်စည်းကြပ်နိုင်စွမ်းမရှိဘဲ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရများအပေါ် မှီခိုအားထားရပါသည်။ ယင်းအားနည်းချက်များကိုဖြည့်ဆည်းရန်အတွက် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်တွင်းရေးကိစ္စရပ် အများအပြားတွင် ပြည်နယ်များအား အပ်နှင်းထားသော အခွင့်အရေးများကို အလေးဂရုပြုပြီး ပိုမိုစုစည်းညီညွတ်သော ပြည်ထောင်စုကို တည်ထောင်နိုင်မည့် ဖက်ဒရယ်နိုင်ငံ အမျိုးအစားသစ်တစ်မျိုးကို ဖွဲ့စည်းတည်ထောင်ပါသည်။ 'ကျွန်ုပ်တို့ ပြည်သူလူထု' အတွက် ပြဋ္ဌာန်းပြီး ('ကျွန်ုပ်တို့ လူမျိုးအသီးသီး' ဟု ရည်ညွှန်းမထားပါ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား စာချုပ်မဟုတ်ဘဲ နိုင်ငံတည်ထောင်သည့် ဥပဒေဖြစ်ပါသည်၊ စုစည်းတည်ထောင်သော ဖက်ဒရယ်နိုင်ငံသစ်၏ အခြေခံအုတ်မြစ်ဥပဒေ ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရသည် လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်များထံမှ ရရှိခြင်းမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုတစ်ခုလုံးရှိ ပြည်သူလူထုထံမှ တိုက်ရိုက်အပ်နှင်းခြင်း ဖြစ်ပါသည်။ ယင်းအခြေခံဥပဒေအရ အမေရိကန်ပြည်ထောင်စု နိုင်ငံသားများကို ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရဟူသော အာဏာပိုင်အဖွဲ့အစည်းနှစ်ရပ်က အုပ်ချုပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းပေးထားသော လုပ်ပိုင်ခွင့်နယ်ပယ် အသီးသီးတွင် တိုက်ရိုက်ဥပဒေပြုခွင့်အာဏာ ရှိပါသည်။ ယင်းစနစ်မှာ နောက်ပိုင်းဖက်ဒရယ်စနစ်များအတွက် (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍) နမူနာပုံစံအဖြစ် အသုံးပြုကြခြင်း ဖြစ်ပါသည်။

တစ်ကျော့ပြီးတစ်ကျော့ ဒီမိုကရေစီနိုင်ငံများ တိုးတက်များပြားလာခြင်းနှင့်အတူ ကမ္ဘာတစ်ဝန်း ဖက်ဒရယ်စနစ်သည်လည်း ပြန့်ပွားခဲ့ပါသည်။ ယခုအခါ ဖက်ဒရယ်နိုင်ငံများအနက် ဒီမိုကရေစီနိုင်ငံသစ်များနှင့် ဒီမိုကရေစီအခြေခိုင်ပြီး နိုင်ငံများ၊ ဓလေ့ထုံးတမ်းဥပဒေကျင့်သုံးသည့် နိုင်ငံများနှင့် တရားမမှု ဥပဒေကျင့်သုံးသော နိုင်ငံများ၊ သမ္မတစနစ်ကျင့်သုံးသောနိုင်ငံများ၊ တစ်စိတ်တစ်ပိုင်း သမ္မတစနစ်ကျင့်သုံးသော နိုင်ငံများ၊ လွှတ်တော်က အစိုးရအကြီးအကဲ ရွေးကောက်တင်မြှောက်သောနိုင်ငံများ ပါဝင်ပါသည်။ လူနေသောကုန်းမြေတိုက်ကြီးအားလုံးတွင်လည်း ဖက်ဒရယ်နိုင်ငံများရှိပါသည်။ ဖက်ဒရယ်စနစ် ပြန့်ပွားလာသည်နှင့်အမျှ ရှိရင်းနိုင်ငံတော်အနေဖြင့် လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်သောနည်းလမ်းအဖြစ် ပိုမို၍အသုံးပြုလာကြပါသည်။ အရွယ်အစားကြီးမားသော နိုင်ငံများ သို့မဟုတ် မတူကွဲပြားမှုများပြားသော နိုင်ငံများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုသော ဖိအားပေးမှုများ၊ ခွဲထွက်လိုသော ဖိအားပေးမှုများကိုရင်ဆိုင်လျက် နိုင်ငံကိုစုစည်းထားနိုင်မည့် နည်းလမ်းကိရိယာတစ်ရပ် ဖြစ်လာပါသည်။

ဖက်ဒရယ်နိုင်ငံများသည် အမြဲတစေ ဖက်ဒရယ်နိုင်ငံဟု မိမိတို့ကိုယ်ကို ရည်ညွှန်းခြင်းမရှိပါ။ ဖက်ဒရယ်အဆင့်ကိုလည်း အမျိုးသား 'national' အစိုးရ၊ ဗဟို 'central' အစိုးရ၊ ပြည်ထောင်စု 'union' အစိုးရဟု အမျိုးမျိုး ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ ပြည်နယ်များကိုလည်း အမျိုးမျိုး ခေါ်ဝေါ်ကြပါသည်။ ဩစတြေးလျ၊ မလေးရှားနှင့် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်များ 'states' ဟု ခေါ်ပါသည်။ အာဂျင်တီးနား၊ ကနေဒါ၊ တောင်အာဖရိကတို့တွင် ပြည်နယ်များ 'provinces' ဟု ခေါ်ပါသည်။ ဘယ်လ်ဂျီယမ်နှင့် အီတလီတို့တွင် ဒေသများ 'regions' ဟု ခေါ်ပါသည်။ ဆွစ်ဇာလန်တွင် နယ်မြေများ 'cantons' ဟု ခေါ်ပါသည်။ စပိန်တွင် ကိုယ်ပိုင်အုပ်ချုပ်သော ရပ်ရွာအသိုက်အဝန်းများ 'autonomous communities' ဟု ခေါ်ပါသည်။ ဩစတြီးယားနှင့် ဂျာမနီတွင် ပြည်နယ် 'Länder'[1] ဟု ခေါ်ပါသည်။ ဖက်ဒရယ်စနစ်ပုံသဏ္ဍာန်ကွဲပြား ခြားနားမှုများ၊ အနှစ်သာရပိုင်း လုပ်ပိုင်ခွင့်အာဏာ ခွဲဝေခြင်းများနှင့်အညီ ဝေါဟာရအသုံးအနှုန်းများကို ခွဲခြားအသုံးပြုသည်ဟု မဆိုနိုင်ပါ။

## (ဂ) ဖက်ဒရယ်စနစ်မှ ရရှိနိုင်သည့် အခြားအကျိုးကျေးဇူးများ

*ဖက်ဒရယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဗဟုဂါဒအပေါ် အခြေခံပါသည်။* ဖက်ဒရယ်စနစ်တွင် မည်သည့်အစိုးရအဆင့်မျှ အကြွင်းမဲ့အာဏာမရှိဘဲ အမျိုးသားအဆင့်နှင့် အမျိုးသားအဆင့်အောက် အဖွဲ့အစည်းစနစ်များအကြား လုပ်ပိုင်ခွင့်အာဏာမျှဝေရန် လိုအပ်ပါသည်။ ဖက်ဒရယ်စနစ် အဓိပ္ပာယ်သတ်မှတ်ချက်အရ ကောင်းမွန်စွာ လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်သော ဖက်ဒရယ်စနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဗဟုဂါဒအပေါ် အခြေခံပါသည်။ လုပ်ပိုင်ခွင့်အာဏာ ဗဟိုအချက်အချာများအကြား ဟန်ချက်ညီပြီး ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုနှင့် သဘောတူညီထားသော ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများ ကျယ်ပြန့်သည့်မူဘောင်အရ လူနည်းစုများကို အသိအမှတ်ပြုခြင်းအပေါ် အခြေခံပါသည်။

### ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီ

Mikhail Filippov နှင့် Olga Shvetsova (2011: 3) တို့ လုပ်ဆောင်ခဲ့သည့် သုတေသနအရ 'အောင်မြင်မှုရရှိသော ဖက်ဒရယ်စနစ်ဖြစ်ရန် ကောင်းစွာလုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဒီမိုကရေစီ အဖွဲ့အစည်းစနစ်များ၊ တရားစီရင်ရေးစနစ်၊ စုစည်းဖွဲ့စည်းထားသော အမျိုးသားအဆင့် နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီနည်းကျ နိုင်ငံရေးပြိုင်ဆိုင်မှုမှ ပေါ်ထွက်လာသည့် သင့်တင့်လျောက်ပတ်သော ရွေးကောက်ပွဲဆိုင်ရာ ဆွဲဆောင်မှုများ လိုအပ်ပါသည်။ စာအုပ်စာတမ်းများတွင် ဖော်ပြထားသည့် အဓိကတွေ့ရှိချက်မှာ ဒီမိုကရေစီကောင်းစွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်သော နိုင်ငံများတွင်သာ ဖက်ဒရယ်စနစ်သည် တည်ငြိမ်မှုရှိပြီး ထိရောက်သော အစိုးရအုပ်ချုပ်မှု ပုံသဏ္ဍာန်ရှိနိုင်ပါသည်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီမရှိပါက ဖက်ဒရယ်စနစ်သည် အဆုံးစွန်တွင် တည်ငြိမ်မှုမရှိသောအုပ်ချုပ်မှုပုံသဏ္ဍာန်ဖြစ်ပါသည်။ ထိုအခါ တစ်ဆင့်ချင်း နိုင်ငံပြိုကွဲခြင်းသို့လည်း ဦးတည်သွားနိုင်ပါသည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်မည်ကာမတ္တအဖြစ်မျှသာ ကျန်ရှိခြင်းလည်း ဖြစ်နိုင်ပါသည်။'

*လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုအခြေခံကို ကျယ်ပြန့်စေခြင်း။* ဖက်ဒရယ်စနစ်သည် ဖက်ဒရယ်အဆင့် သို့မဟုတ် အမျိုးသားအဆင့်တွင် အနည်းစုဖြစ်သော နိုင်ငံရေးအုပ်စုများအား ပြည်နယ်အဆင့်တွင် ရွေးကောက်တင်မြှောက်ခံရာထူးတာဝန်များ ထမ်းဆောင်နိုင်စေပါသည်။ အမျိုးသားအဆင့်တွင် ကြီးစိုးလွှမ်းမိုးသော ပါတီရှိသည့် နိုင်ငံများတွင် နိုင်ငံရေးဆိုင်ရာ အားလုံးပါဝင်နိုင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာ ချိန်ညှိမှုတို့ကို အားပေးမြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ပါသည်။ ဥပမာ တောင်အာဖရိကတွင် ၁၉၉ဂ ပြည့်နှစ်များအတွင်း ဒီမိုကရေစီအကူးအပြောင်း လုပ်ဆောင်ချိန်မှစ၍ အမျိုးသားအဆင့် ရွေးကောက်ပွဲကျင်းပပြုလုပ်တိုင်း အာဖရိက အမျိုးသားကွန်ဂရက်ပါတီသည် အများစုအနိုင်

---

[1] ဤဖက်ဒရယ်စနစ် အခြေပြု စာတမ်းတွင် တိုင်းဒေသကြီး/ပြည်နယ်ကို နိုင်ငံတွင် ပါဝင်သော ယူနစ် 'constituent unit' နှင့် အမျိုးသားအဆင့်အောက် ယူနစ် 'sub-national unit' ဟူ၍ အဓိပ္ပာယ်တူအနေဖြင့် အလဲအလှယ် အသုံးပြုသွားပါမည်။ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များမှာ မတူကွဲပြားသော လူမျိုး စရိုက်လက္ခဏာ ရှိခြင်း သို့မဟုတ် အသိအမှတ်ပြုထားသော အမျိုးသားအဆင့် သတ်မှတ်ချက်ရှိခြင်းကြောင့် အမျိုးသားအဆင့်အောက် 'sub-national' ဟု သုံးနှုန်းခြင်းသည် ယင်းတောင်းဆိုချက် သို့မဟုတ် အသိအမှတ်ပြုခြင်းကို ငြင်းဆိုသည့် သဘောမဟုတ်ပါ။

ရရှိပါ သည်။ သို့ရာတွင် အတိုက်အခံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့သည် အနောက်အငူပြည်နယ် Western Cape Province တွင် အာဏာရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ရွေးကောက်တင်မြှောက်ခံ ရာထူးတာဝန်များထမ်းဆောင်ရာ၌ ကျယ်ပြန့်သည့် အခြေခံရှိခြင်းကြောင့် အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများ၊ ဆင်းရဲနွမ်းပါးသူများ၊ အခြား အစဉ်အလာအရ ကိုယ်စားပြုပါဝင်မှု နည်းပါးသူများအတွက်လည်း အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပါသည်။

*မူဝါဒဖော်ထုတ်ရာတွင် ဆန်းသစ်တီထွင်ပြီး လက်တွေ့ကျသော ချဉ်းကပ်ပုံများကို အားပေးခြင်း။* တိုင်းဒေသကြီး/ပြည်နယ်များကို မိမိတို့ လိုအပ်ချက်များနှင့် ကိုက်ညီသောမူဝါဒများ ဖော်ထုတ်ရေးဆွဲခွင့် ပြုခြင်းဖြင့် ဖက်ဒရယ်စနစ်သည် မူဝါဒချမှတ်ရေး ဆန်းသစ်တီထွင်ခြင်းနှင့် စမ်းသပ်ဆောင်ရွက်ခြင်းတို့ကို အားပေးနိုင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များသည် အမျိုးသားအဆင့်တွင် နိုင်ငံရေးအရ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဆန်းသစ်တီထွင်သော မူဝါဒများကိုလမ်းသစ်ထွင် အသုံးပြုနိုင်ပါသည်။ ဥပမာ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်သည် ဝင်ငွေနည်း ပြည်နယ်သူ ပြည်နယ်သားများအတွက် ဆေးဝါးကုသမှု ရယူနိုင်သည့် အတိုင်းအတာကို များစွာတိုးချဲ့ပေးသည့် အစိုးရမှ တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်သော ကျန်းမာရေး အာမခံစနစ်တစ်ရပ်ကို ထူထောင်နိုင်ခဲ့ရာ အမျိုးသားအဆင့်တွင် အလားတူဖြည့်ဆည်းဆောင်ရွက်ခြင်း မရှိပါ။

*ဗဟိုအဆင့်အာဏာပိုင်များအတွက် ဝန်ထုပ်ဝန်ပိုးလျော့နည်းကျဆင်းခြင်း။* ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းဖြင့် ဗဟိုအစိုးရသည် ပြည်တွင်းအုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုပေးရေး လုပ်ငန်းအများအပြားကို ကိုင်တွယ်ရန် မလိုအပ်တော့ဘဲ မဟာဗျူဟာစိန်ခေါ်မှုများနှင့် အမျိုးသားအဆင့် ဦးစားပေးများကိုသာ အဓိကထား လုပ်ဆောင်နိုင်ပါသည်။

*ပထဝီနယ်မြေအကြားတွင် အရင်းအမြစ်များကို မျှဝေခြင်း။* ဖက်ဒရယ်စနစ်သည် နိုင်ငံတော်နယ်မြေဒေသအားလုံးအတွက် အရင်းအမြစ်များကို သဘောတူညီထားသော အချိုးအစားဖြင့် ခွဲဝေပေးရန် အာမခံချက်ပေးသော ဘဏ္ဍာငွေကြေးမျှဝေခြင်းအစီအမံနှင့် အခြားဘဏ္ဍာရေးအစီအမံများဖြင့် ပြည်သူပိုင် အရင်းအမြစ်များကို ပိုမိုကျယ်ပြန့်စွာ ခွဲဝေပေးနိုင်ပါသည်။ ဗဟိုအစိုးရသည် ယခင်က အရင်းအမြစ်များကို မြို့တော်တွင် စုစည်းထားလေ့ရှိသည့် အခြေအနေများတွင် ဤအချက်ကြောင့် အကျိုးဖြစ်ထွန်းနိုင်ပါသည်။

*စွမ်းဆောင်ရည်နှင့် ဒီမိုကရေစီ တာဝန်ယူမှု တိုးတက်ဖွံ့ဖြိုးစေခြင်း။* တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများသည် နိုင်ငံသားများ၊ ကိုယ်စားလှယ်များနှင့် အစိုးရအရာရှိများအတွက် လေ့ကျင့်ရေးကွင်းများသဖွယ် အသုံးဝင်ပါသည်။ ဗဟိုချုပ်ကိုင်သောနိုင်ငံတွင် မြို့တော်၌သာ နိုင်ငံရေးဖြစ်စဉ်များရှိပြီး မြို့တော်မှဝေးရာတွင် ရှိနေသူများသည် ရွေးကောက်ပွဲများနှင့် လူထုဆန္ဒခံယူပွဲများမှလွဲ၍ ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်း နည်းပါးပါသည်။ ဖက်ဒရယ်နိုင်ငံတွင် အများပြည်သူကဏ္ဍ၊ အစိုးရပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရရှိသူ အရေအတွက်များစွာ ပိုမိုများပြားပါသည်။

## (ဃ) ဖက်ဒရယ်စနစ်၏ အားနည်းချက်ဖြစ်နိုင်ခြေများ

*လုပ်ငန်းများထပ်ခြင်းနှင့် စုစည်းညီညွတ်မှု မရှိခြင်း။* ဖက်ဒရယ်စနစ်တွင် အစိုးရလုပ်ငန်းများ ထပ်နေခြင်း၊ အစိုးရအဆင့်အသီးသီး၏ မူဝါဒများ ထပ်နေခြင်း သို့မဟုတ် ဆန့်ကျင်နေခြင်းများ ဖြစ်နိုင်ပါသည်။ မူဝါဒနယ်ပယ်အသီးသီးတွင် မည်သည့်အစိုးရအဆင့်က အဓိကလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားလေ့ ရှိသော်လည်း မူဝါဒအများအပြားမှာ လုပ်ငန်းနယ်ပယ်အများနှင့် သက်ဆိုင်ခြင်း သို့မဟုတ် အခြားမူဝါဒများအပေါ် ကြိုတင်မခန့်မှန်းနိုင်သော မလိုလားအပ်သည့် နည်းလမ်းများဖြင့် သက်ရောက်မှုရှိခြင်းများ ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ အစိုးရအဆင့်အသီးသီးသည် အခြားအစိုးရအဆင့်များ၏ လုပ်ဆောင်ချက်/မလုပ်ဆောင်သည့်အချက်များကြောင့် မူဝါဒရလဒ်ထွက်ပေါ်ရေးနှင့် ဝန်ဆောင်မှု ဖြည့်ဆည်းပေးရေးတာဝန်ကို ထမ်းဆောင်ရာတွင် အဟန့်အတားများ ကြုံတွေ့ရနိုင်ပါသည်။ နိုင်ငံသားများအနေဖြင့် မည်သည့်အဆင့်တွင် တာဝန်ရှိကြောင်း သိရှိရန် ခက်ခဲလာနိုင်ပါသည်။ သိရှိသည့်တိုင် အစိုးရအရာရှိများကို တာဝန်ခံနိုင်စေရန် ခက်ခဲနိုင်ပါသည်။

*လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်ပိုမိုများပြားခြင်း။* အစိုးရအဆင့်အများ ထားရှိခြင်းသည် ကုန်ကျစရိတ်ကြီးမားပါသည်။ အစိုးရအဖွဲ့အစည်းစနစ်များ များပြားခြင်းကြောင့် ရုံးများ၊ ဝန်ထမ်းများ၊ လစာများ၊ စရိတ်များအတွက် ပိုမိုကုန်ကျပါသည်။ ယင်းကုန်ကျစရိတ်များသည် ဖွံ့ဖြိုးမှုနည်းပါးဆဲနိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးဌာနအတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ပါသည်။

*နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကြွယ်ဝချမ်းသာမှု၊ အရင်းအမြစ်များနှင့် ထွက်ပေါ်ရလဒ်များ ကွာဟချက်ကြီးမားလာခြင်း။* ဘဏ္ဍာငွေကြေးခွဲဝေရန် ထိရောက်သော အစီအမံချမှတ်ထားခြင်း မရှိပါက (ပိုမို၍ ချမ်းသာကြွယ်ဝသော ပြည်နယ်များက ပိုမို၍ဆင်းရဲနွမ်းပါးသော ပြည်နယ်များကို ထောက်ပံ့ရန် သတ်မှတ်ချက်များမရှိပါက) ဖက်ဒရယ်စနစ်ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် ကွာဟချက်များ ကြီးမားလာနိုင်ပါသည်။ သဘာဝအရင်းအမြစ်များ မတူညီခြင်း သို့မဟုတ် အခြားဘဏ္ဍာငွေကြေးများ သို့မဟုတ် ဖွံ့ဖြိုးမှုအဆင့် မတူညီခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်သည် အများပြည်သူဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းနှင့် ဝန်ဆောင်မှုအရည်အသွေးဆိုင်ရာရလဒ်များ ကွာဟချက်ကိုလည်း ကြီးထွားစေနိုင်ပါသည်။

*တိုင်းဒေသကြီးပြည်နယ်များအကြား စီးပွားရေးပြိုင်ဆိုင်မှုကြောင့် ထိခိုက်မှုဖြစ်ခြင်း။* အထက်ပါတို့နှင့်ဆက်စပ်နေသော အချက်မှာ လူမှုရေးနှင့် စီးပွားရေး စည်းမျဉ်းသတ်မှတ်ရာတွင် ယူနစ်အဖြစ် ထားရှိသော နယ်မြေဒေသသည် လွတ်လပ်စွာကုန်သွယ်ခြင်းနှင့် ငွေရင်းငွေနှီး ရွှေ့ပြောင်းခြင်းအတွက် သတ်မှတ်သော ယူနစ်ထက် သေးငယ်နေပါက (ဥပမာအားဖြင့် လုပ်ငန်းခွင်အခြေအနေ သို့မဟုတ် သဘာဝပတ်ဝန်းကျင် စည်းမျဉ်းများကို တိုင်းဒေသကြီး/ပြည်နယ်များက သတ်မှတ်လျှင်) 'အနိမ့်ဆုံးအနေအထားသို့ အပြိုင်အဆိုင်သွားရောက်ကြခြင်း' ဖြစ်လာနိုင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များက အပြိုင်အဆိုင် လုပ်အားခနှင့် ကုန်ကျစရိတ်များ လျှော့ချခြင်းဖြင့် ငွေရင်းငွေနှီးကိုဆွဲဆောင်ရန် ကြိုးပမ်းကြခြင်း ဖြစ်ပါသည်။ ထိုသို့ဖြစ်ပါက သွေးစည်းညီညွတ်မှုကို ပျက်ပြားစေပြီး စီးပွားရေးတိုးတက်မှုဖြစ်စေမည့် မူဝါဒများကိုကျင့်သုံးရန် ပိုမိုခက်ခဲမည် ဖြစ်ပါသည်။

*တရားစီရင်ရေးအပိုင်းမှ နိုင်ငံရေးတွင် ပါဝင်လာခြင်း။* ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဆင့်အသီးသီးအကြားတွင် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပြဋ္ဌာန်းထားပြီးနောက် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်အဖွဲ့အစည်းများအကြား လုပ်ပိုင်ခွင့်များဆိုင်ရာ အငြင်းပွားမှုများကို ရွေးကောက်တင်မြှောက်ခံလွှတ်တော်များတွင် မဖြေရှင်းဘဲ တရားရုံးများတွင် ဖြေရှင်းကြရာမှ တရားစီရင်ရေးကဏ္ဍ၏ နိုင်ငံရေး အခန်းကဏ္ဍ တိုးမြင့်လာနိုင်ပါသည်။ ဒီမိုကရေစီနိုင်ငံအားလုံးတွင် တရားစီရင်ရေးကဏ္ဍ၏ သီးခြားလွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို ထိန်းသိမ်းရန် လိုအပ်ချက်က တစ်ဘက်၊ တရားစီရင်ရေးကဏ္ဍအနေဖြင့် တုံ့ပြန်မှုနိုင်မှုနှင့် အများပါဝင်မှုရှိစေခြင်းကတစ်ဘက် ဟန်ချက်ညီစေရန် ဂရုတစိုက်ဆောင်ရွက်ရပါသည်။ ဖက်ဒရယ်နိုင်ငံများတွင် ယင်းသို့ ဟန်ချက်ညီရေးမှာ အထူးသဖြင့် အရေးကြီးပါသည်။

*လူနည်းစုများ ဖယ်ထုတ်ခံရနိုင်ခြင်း။* ဖက်ဒရယ်စနစ်သည် ယဉ်ကျေးမှုပိုင်း လူနည်းစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အသိအမှတ်ပြုမှုရရှိရန် အခွင့်အလမ်းများ ဖြည့်ဆည်းပေးနိုင်သော်လည်း အထူးသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များကို တိုင်းရင်းသား၊ ဘာသာစကား၊ ယဉ်ကျေးမှု သို့မဟုတ် ယုံကြည်ကိုးကွယ်မှုအလိုက် တည်ထောင်ထားရာတွင် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း မတူညီသော လူနည်းစုအုပ်စုများ ပါဝင်နေပါက ယင်း လူနည်းစုများသည် ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းခံရနိုင်ပါသည်။ ထိုအခြေအနေတွင် ဗဟိုအစိုးရ အားကောင်းခြင်းဖြင့် နယ်မြေဒေသအလိုက် စုဝေးနေထိုင်ကြသောလူနည်းစုများကို အကာအကွယ်ပေးလျက် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုတူညီစွာ ဖြည့်ဆည်းပေးနိုင်ပါမည်။

*လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုသည့် နယ်မြေဒေသတွင်းမှ အုပ်ချုပ်သူအလွှာများ အားကောင်းလာခြင်း။* အားကောင်းသောအကျိုးစီးပွားအုပ်စုများသည် အများပြည်သူအကျိုးစီးပွားကို ခုတုံးလုပ်ကာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို ကိုယ်ကျိုးအတွက် အလွဲသုံးနိုင်ပါသည်။ အဂတိလိုက်စားမှုမှာ အမြဲတစေ တိုက်ဖျက်ရန် ခက်ခဲပြီး အထူးသဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် နယ်မြေခံ ကွန်ရက်များအတွင်း အမြစ်တွယ်နေပြီး အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအရာရှိများ မျက်ကွယ်တွင် ဖြစ်ပွားသဖြင့် တိုက်ဖျက်ရန် အထူး

သဖြင့် ခက်ခဲနိုင်ပါသည်။ မဲဆန္ဒရှင်အများအပြားသည် စီးပွားရေး သို့မဟုတ် လူမှုရေးအရ နယ်မြေခံ အုပ်ချုပ်သူများ အပေါ် မှီခိုနေရသည့် အခြေအနေများတွင် (ဥပမာ အုပ်ချုပ်သည့်အလွှာများက အလုပ်အကိုင်၊ မြေယာ သို့မဟုတ် အခြား ကိစ္စရပ်များကို ထိန်းချုပ်ထားလျှင်) ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော နိုင်ငံတော်အစိုးရသည် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဒီမိုကရေစီဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော အာဏာရှင်အုပ်ချုပ်မှု သို့မဟုတ် လူတန်းစား တစ်ခုက အုပ်ချုပ်မှုမဖြစ်ရန်မှာ အကြီးမားဆုံး စိန်ခေါ်မှုအခက်အခဲဖြစ်လာပါသည်။

*စွမ်းဆောင်ရည်မရှိခြင်းကြောင့် အုပ်ချုပ်မှု မထိရောက်ခြင်း။* တိုင်းဒေသကြီး/ပြည်နယ်အစိုးရများတွင် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များနှင့် ငွေကြေးအရင်းအမြစ်များ မရှိခြင်းကြောင့် ထိရောက်မှုမရှိဘဲ ဖြစ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသစ်ဖွဲ့စည်းတည်ထောင်စဖြစ်ပြီး အားနည်းသော အုပ်ချုပ်သည့်အဖွဲ့အစည်းများအား ဂန်ပိစေမည့် အန္တရာယ်ကို သတိပြုရပါမည်။ မနိုင်ဂန်ထမ်းစေခြင်းဖြင့် မကျေမနပ်ဖြစ်ခြင်း၊ မယုံကြည်ခြင်းနှင့် စိတ်ပျက်အားလျော့ခြင်းများ ဖြစ်လာနိုင်ပါသည်။

*မတည်ငြိမ်မှုနှင့် ဒီမိုကရေစီကိုထိခိုက်လာနိုင်သည့် ခြိမ်းခြောက်မှုများ။* ဖက်ဒရယ်စနစ်တွင် လုပ်ပိုင်ခွင့် အာဏာရှိသည့် ဗဟိုနေရာအများရှိခြင်းကြောင့် မတည်ငြိမ်မှုများဖြစ်လာနိုင်ပါသည်။ ဒီမိုကရေစီ မခိုင်မာပါက ပဋိပက္ခဖြစ်ပွားလာနိုင်သည့် အန္တရာယ်လည်းရှိပါသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းဖြင့် ကိုယ်တိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုများကိုကျေနပ်မှုရရှိစေပြီး ခွဲထွက်လိုသော ဆန္ဒလျော့နည်းကျဆင်းနိုင်သော်လည်း ခွဲထွက်ရေးတောင်းဆိုမှုများပြုလုပ်ရန် အဖွဲ့အစည်းများ ရရှိသွားခြင်းလည်းဖြစ်နိုင်ပါသည်။ ယင်းတောင်းဆိုမှုများအတိုင်း ထပ်မံ၍ လုပ်ပိုင်ခွင့်အာဏာများ လွှဲပြောင်းမပေးပါက မတည်ငြိမ်မှု၊ အကြမ်းဖက်ခွဲထွက်မှုတို့ ဖြစ်လာနိုင်ပါသည်။ သို့မဟုတ် ခွဲထွက်ရန် လုပ်ဆောင်မှုများကိုနှိမ်နင်းရန် ဒီမိုကရေစီနည်းမကျသော အစီအမံများ ကျင့်သုံးလာနိုင်ပါသည်။

**စဉ်းစားရန်အချက်** - ဖက်ဒရယ်စနစ်၏ အားသာချက်များနှင့်အားနည်းချက်များကို ထည့်သွင်းစဉ်းစားလျက် အားသာချက်များအများပြားဆုံးဖြစ်စေပြီး အားနည်းချက်များ အနည်းဆုံးဖြစ်စေရန် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မည်သို့ဆောင်ရွက်နိုင်ပါမည်နည်း။

# လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း

ဖက်ဒရယ်စနစ်၏ ပုံသဏ္ဍာန်ထက် အနှစ်သာရကို သိရှိနိုင်ရန် အစိုးရအဆင့်အသီးသီးသို့ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားပြီး ကျင့်သုံးလျက်ရှိသော နည်းလမ်းကို လေ့လာသုံးသပ်ရပါမည်။

## (က) ဥပဒေပြုအာဏာများ ခွဲဝေခြင်း

*ဥပဒေပြုလုပ်ပိုင်ခွင့်အာဏာစာရင်းများ။* ဖက်ဒရယ်စနစ်အများစုတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အာဏာများကို ဖက်ဒရယ်အဆင့်အဖွဲ့အစည်းများအကြားတွင်လည်းကောင်း၊ ဖက်ဒရယ်နိုင်ငံတွင် ပါဝင်သည့် ပြည်နယ်များအကြားတွင်လည်းကောင်း ခွဲဝေထားပါသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေစာသားတွင် ထည့်သွင်း၍ ဖြစ်စေ၊ နောက်ဆက်တွဲဇယားများအဖြစ်ဖြစ်စေ) **ဥပဒေပြုခွင့်စာရင်းများ** တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

အာဂျင်တီးနား၊ ဘြဇီး၊ ပါကစ္စတန် (၁၈ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ပြဋ္ဌာန်းပြီးနောက်)နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် စာရင်းတစ်ခုသာ ပြဋ္ဌာန်းထားပါသည်။ ယင်းစာရင်းတွင် ဖက်ဒရယ်အဆင့် အဖွဲ့အစည်းများ လုပ်ပိုင်ခွင့်ရှိသည့် မူဝါဒနယ်ပယ်များကို ဖော်ပြထားပါသည်။ ဤစာရင်းတွင် ပါဝင်ပြီး ဖက်ဒရယ်အာဏာပိုင်များထံ အတိအလင်းအပ်နှင်းမထားသော ကိစ္စရပ်အားလုံးမှာ မူအားဖြင့် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ကနေဒါကဲ့သို့သော အခြားနိုင်ငံများတွင် စာရင်းနှစ်ခု ထားရှိပါသည်။ ပြည်နယ်များသို့ ထုတ်ဖော် အပ်နှင်းထားသော လုပ်ပိုင်ခွင့်စာရင်းနှင့် ဖက်ဒရယ်အဆင့်သို့ အတိအလင်းပေးအပ်ထားသောလုပ်ပိုင်ခွင့်များ ဖြစ်ပါသည်။ ကနေဒါနိုင်ငံတွင် ကြွင်းကျန်အာဏာများကို ဖက်ဒရယ်အဆင့်ကရရှိပါသည်။ တစ်နည်းအားဖြင့် ပြည်နယ်အဆင့်တွင် ဆောင်ရွက်ခွင့်ရှိသည်ဟု အတိအလင်း ကြေညာထားခြင်းမရှိပါက ဖက်ဒရယ်စာရင်းတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ မူအားဖြင့် ဖက်ဒရယ်အဆင့်တွင် ဆောင်ရွက်နိုင်သည့်ကိစ္စရပ် ဖြစ်ပါသည်။

**ထပ်တူပြုအာဏာများ (Concurrent Power)** စာရင်းလည်း ထားရှိနိုင်ပါသည်။ ဥပမာ အိန္ဒိယ၊ နိုက်ဂျီးရီးယားနှင့် တောင်အာဖရိကတို့တွင် ရှိပါသည်။ ဖက်ဒရယ်အဆင့် အာဏာပိုင်များသာမက ပြည်နယ်အဆင့် အာဏာပိုင်များလည်း ဥပဒေပြဋ္ဌာန်းခွင့်ရှိသောနယ်ပယ်များဖြစ်ပါသည်။ ဖက်ဒရယ်အဆင့် ဥပဒေနှင့် ပြည်နယ်အဆင့် ဥပဒေများအကြား ဆန့်ကျင်နေလျှင် သာမန်အားဖြင့် ဖက်ဒရယ်အဆင့်ဥပဒေက ပြည်နယ်အဆင့် ဥပဒေအပေါ် လွှမ်းမိုးပါသည်။

- တောင်အာဖရိကနိုင်ငံတွင် စာရင်းနှစ်ခုထားရှိပါသည်။ ပထမစာရင်း (ဇယား ၄) တွင် ပြည်နယ်အဆင့် အာဏာပိုင်များက သီးသန့်ကျင့်သုံးမည့် လုပ်ပိုင်ခွင့်အာဏာများကို ဖော်ပြထားပါသည်။ နောက်စာရင်း (ဇယား ၅) တွင် ပြည်နယ်အာဏာပိုင်များနှင့် အမျိုးသားအဆင့်အာဏာပိုင်များ အတူတကွကျင့်သုံးမည့် လုပ်ပိုင်ခွင့် အာဏာများကို ဖော်ပြထားပါသည်။
- အိန္ဒိယနိုင်ငံတွင်စာရင်း ၃ခု ထားရှိပါသည်။ ပြည်ထောင်စုဥပဒေပြုစာရင်း (ဇယား ၇၊ စာရင်း ၁) တွင် ဗဟိုအဆင့်လွှတ်တော်၏ သီးသန့်လုပ်ပိုင်ခွင့်များကို ဖော်ပြထားပါသည်။ ပြည်နယ်အဆင့် လုပ်ပိုင်ခွင့်စာရင်း (ဇယား ၇၊ စာရင်း ၂) တွင် ပြည်နယ်လွှတ်တော်၏ သီးသန့်လုပ်ပိုင်ခွင့်များကို ဖော်ပြထားပါသည်။ ထပ်တူပြု ဥပဒေပြုစာရင်း (ဇယား ၇၊ စာရင်း ၃) တွင် အတူတကွ လုပ်ပိုင်ခွင့်ရှိသော နယ်ပယ်များကို ဖော်ပြထားပါသည်။

ယေဘုယျအားဖြင့် အတူတကွ လုပ်ပိုင်ခွင့်အာဏာများကို ထားရှိခြင်းဖြင့် ဖက်ဒရယ်စနစ်မှာ ပိုမို၍ စုစည်းညီညွတ်ပြီး ပြောင်းလွယ်ပြင်လွယ်ပုံစံ ဖြစ်ပါသည်။ မူဝါဒနယ်ပယ်တစ်ရပ်တွင် ဖက်ဒရယ်အဆင့်မှ သို့မဟုတ် ဗဟိုအစိုးရကဥပဒေပြဋ္ဌာန်းနိုင်ပြီး တစ်ချိန်တည်းမှာပင် ပြည်နယ်အဆင့်တွင်လည်း ယင်းမူဝါဒနယ်ပယ်တွင်ပင် လက်တွေ့ဖြစ်နိုင်ပြီးအဆင်ပြေသည့်အတိုင်းအတာအထိဥပဒေပြုခွင့်ကိုငြင်းပယ်ခြင်းမရှိသဖြင့်အစိုးရအဆင့်အသီးသီးအကြား လုပ်ငန်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို လက်တွေ့ကျကျ အမျိုးမျိုးပြောင်းလဲ၍ ခွဲဝေနိုင်ပါသည်။

*လွှမ်းမိုးခြင်း* - ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထပ်တူပြုအာဏာများကို ပြဋ္ဌာန်းထား ပါက ပဋိပက္ခမှု သို့မဟုတ် ဥပဒေအရ မသေချာမရေရာမှုကိုရှောင်လွှဲရန် လုပ်ပိုင်ခွင့်အာဏာအချင်းချင်း ဆန့်ကျင်ပါက သို့မဟုတ် သဟဇာတမဖြစ်ပါက မည်သည့်အစိုးရအဆင့်က လွှမ်းမိုးနိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းရမည် ဖြစ်ပါသည်။ အမျိုးသားအဆင့် သို့မဟုတ် ဖက်ဒရယ်အဆင့်က လွှမ်းမိုးလျှင် (ဥပမာ ဂျာမနီနှင့် အိန္ဒိယမှာကဲ့သို့) ထပ်တူပြု အာဏာသည် ဖက်ဒရယ်လွှတ်တော်က ကြားဝင်ဆောင်ရွက်ခြင်း မပြုခြင်းအားဖြင့် ပြည်နယ်များအား လုပ်ပိုင်ခွင့်ပေးသည့် နယ်ပယ်ဖြစ်ပါသည်။ မည်သည့်အချိန်တွင်မဆို ဖက်ဒရယ်အဆင့်ကကြားဝင်လျက် အတူတကွ လုပ်ပိုင်ခွင့်ရှိသော ကိစ္စရပ်များအပေါ် မိမိဆန္ဒအတိုင်း ဆောင်ရွက်နိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများက လွှမ်းမိုးလျှင် (ဤသို့ သတ်မှတ်ခြင်းမှာ နည်းပါးပါသည်၊ ၂၀၀၅ ခုနှစ် အီရတ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ယင်းသို့ ပြဋ္ဌာန်းထားပါသည်) အတူတကွ လုပ်ပိုင်ခွင့်အာဏာမှာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ဖက်ဒရယ် သို့မဟုတ် ပြည်ထောင်စုအဆင့် လွှတ်တော်ဆုံးဖြတ်နိုင်ရန် ထားရှိပေးသော လုပ်ပိုင်ခွင့်အာဏာများ ဖြစ်ပါသည်။ အတူတကွဆုံးဖြတ်ရမည့် ကိစ္စရပ်တစ်ခုအတွက် လုပ်ပိုင်ခွင့်အာဏာကို တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များက အချိန်မရွေး ဗဟိုမှပြန်လည်ရယူပြီး မိမိတို့၏ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးနိုင်ပါသည်။

*ကြွင်းကျန်အာဏာများ* - မူဝါဒနယ်ပယ်အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ခြင်းမရှိသဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်အာဏာများကို မည်သည့်အဆင့်ကရရှိကြောင်း ဖွဲ့စည်းပုံ

အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရပါသည်။ ပြည်နယ်များစုပေါင်း၍ တည်ထောင်သော 'coming together' ဖက်ဒရယ်နိုင်ငံများ (ဥပမာ အမေရိကန်ပြည်ထောင်စု)တွင် ကြွင်းကျန်အာဏာများကို ပြည်နယ်များ သို့မဟုတ် တိုင်းဒေသကြီးများက ရယူထားလေ့ရှိပါသည်။ တစ်နိုင်ငံတည်း ဆက်လက်တည်မြဲရန် ဖွဲ့စည်းသည့် 'holding together' ဖက်ဒရယ်နိုင်ငံများ (ဥပမာ အိန္ဒိယ) တွင် ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအဆင့် သို့မဟုတ် ဖက်ဒရယ်အဆင့်သို့ ပေးအပ်ထားလေ့ ရှိပါသည်။ (Anderson 2008: 26).

*ဥပဒေပြု လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးခြင်း* - အတူတကွ ကျင့်သုံးရမည့် လုပ်ပိုင်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားသည့်တိုင် လုပ်ပိုင်ခွင့်စာရင်းများမှာ ပုံသေသဘောဆောင်ပါသည်။ ပြောင်းလဲနေသော လူ့အဖွဲ့အစည်းများနှင့် မတူညီသော နိုင်ငံရေးအခြေအနေများ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန် ဖက်ဒရယ်စနစ်များတွင် အစိုးရအဆင့်အသီးသီးအကြား ဥပဒေပြဋ္ဌာန်းလျက် လုပ်ပိုင်ခွင့်များကို အကန့်အသတ်ဖြင့် လွှဲပြောင်းပေးနိုင်ရန် ပြဋ္ဌာန်းချက်များထားရှိပါသည်။ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းသို့သော ပြဋ္ဌာန်းချက်အချို့ ပါရှိပါသည်။

- ပြည်နယ် နှစ်ခု သို့မဟုတ် ပြည်နယ်များသည် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်များ လုပ်ပိုင်ခွင့်အာဏာ စာရင်းတွင်ပါဝင်သည့် လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုအဆင့် လွှတ်တော်သို့အပ်နှင်းနိုင်ပါသည်။ ထိုအခါ ဗဟိုအဆင့်လွှတ်တော်သည် ပြည်ထောင်စုအဆင့်တွင် ယင်းကိစ္စရပ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ထိုပြည်နယ်များအတွက် ဥပဒေပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို အမြဲတမ်းရရှိသွားပါသည်။ (အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၅၂)
- အထက်လွှတ်တော်သည် (အထက်လွှတ်တော်မှာ ပြည်နယ်လွှတ်တော်များက သွယ်ဝိုက်သော နည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်ထားခြင်း ဖြစ်ပါသည်) ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာ စာရင်းတွင်ပါဝင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် သုံးပုံနှစ်ပုံ မဲအများစုဖြင့် ဥပဒေပြုခွင့်ရှိကြောင်း ဆုံးဖြတ်ချက် ချမှတ်နိုင်ပါသည်။ ယင်းမှာ ဗဟိုအဆင့် ဥပဒေပြုခွင့် အတိုင်းအတာကို အကန့်အသတ် မရှိသလောက်နီးပါး တိုးချဲ့နိုင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့သော ဆုံးဖြတ်ချက်သည် သက်တမ်းအားဖြင့် တစ်နှစ်သာအတည်ဖြစ်နိုင်ပါသည်။ (သို့သော် အကန့်အသတ်မရှိ သက်တမ်းတိုးနိုင်ပါသည်။) ဤပြဋ္ဌာန်းချက်အရ ထုတ်ပြန်သော ဥပဒေများသည် ဆုံးဖြတ်ချက် အတည်ဖြစ်သည့်ကာလ ကုန်ဆုံးပြီးနောက် ခြောက်လအကြာတွင် ပျက်ပြယ်ပါသည်။ (အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အပိုဒ် ၂၄၉)

## (ခ) အုပ်ချုပ်ရေးအာဏာများ ခွဲဝေခြင်း

အုပ်ချုပ်ရေးအာဏာကို ခွဲဝေရာတွင် ဥပဒေပြုအာဏာကို ခွဲဝေသည့်အတိုင်း ခွဲဝေလေ့ရှိပါသည်။ သို့ဖြင့် ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများအတိုင်းအုပ်ချုပ်ရပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသော ဥပဒေများအတိုင်း အုပ်ချုပ်ရပါသည်။ အချို့နိုင်ငံများတွင်မူ (ဥပမာ ဂျာမနီနိုင်ငံတွင်) ဖက်ဒရယ်အုပ်ချုပ်ရေးအာဏာများမှာ ဖက်ဒရယ် ဥပဒေပြုအာဏာများထက် နယ်ပယ်ကျဉ်းမြောင်းပါသည်။ အချို့မူဝါဒနယ်ပယ်များတွင် ဖက်ဒရယ် ဥပဒေများကို ပြည်နယ် အုပ်ချုပ်ရေးအပိုင်းက တာဝန်ယူ၍ အကောင်အထည်ဖော်ခြင်းနှင့် လိုက်နာစေရန် အရေးယူဆောင်ရွက်ခြင်းများ ဖြစ်ပါသည်။ စနစ်တကျ ကောင်းစွာစီစဉ်ဆောင်ရွက်နိုင်ပါက ဤအစီအမံမှာ ဥပဒေပြုမူဘောင်များ စုစည်းညီညွတ်မှုကို ပေးစွမ်းနိုင်ပြီး တစ်ချိန်တည်းမှာပင် ဥပဒေများ အကောင်အထည်ဖော်ရာ၌ ဦးစားပေးသတ်မှတ်ရာတွင် ပြည်နယ်များအနေဖြင့် နှိုင်းချိန်ဆောင်ရွက်နိုင်ခွင့် ရရှိပါသည်။

## (ဂ) မည်သည့်အာဏာများကို မည်သည့်အဆင့်တွင် ကျင့်သုံးသင့်သနည်း။

ဖက်ဒရယ်နိုင်ငံအားလုံးနီးပါးတွင် ကာကွယ်ရေး၊ နိုင်ငံခြားရေး မူဝါဒ၊ နိုင်ငံသားဖြစ်မှုနှင့် လူဝင်မှုကြီးကြပ်ရေး၊ မက်ခရို စီးပွားရေး (ဥပမာ ငွေကြေးနှင့် နိုင်ငံခြားကုန်သွယ်ရေး) ကဲ့သို့သော ကိစ္စရပ်များအတွက် ဖက်ဒရယ်အာဏာပိုင်များကသာလျှင် သီးသန့်တာဝန်ယူ ဆောင်ရွက်ပါသည်။ အခြားကိစ္စရပ်များအတွက်မူ အစိုးရအဆင့်

အသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေသည့် အတိုင်းအတာမှာ များစွာကွာခြားပါသည်။ (အောက်ဖော်ပြပါ ပုံ ၂ ကို ကြည့်ပါ။) ယေဘုယျအားဖြင့် လက်တလောခေတ်စားလာသည့် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖက်ဒရယ်အဆင့်သို့ ပိုမို၍အာဏာများ အပ်နှင်းထားတတ်ပါသည်။ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းများတွင် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍ ကျယ်ပြန့်လာခြင်းနှင့် အညီဖြစ်ပါသည် (Irving 2008: 68)။ အချို့သော နိုင်ငံ အတူပေါင်းစည်းရေး ဖက်ဒရယ်စနစ်ကျင့်သုံးသည့် 'holding together' အခြေအနေများတွင်မူ အထက်ပါအတိုင်း မဟုတ်ဘဲ ပြောင်းပြန်ဖြစ်တတ်သည်ကို တွေ့ရပါသည်။ ပြည်နယ်အသီးသီးက လုပ်ပိုင်ခွင့်အာဏာများ တိုးတက်ရရှိရန် ဆောင်ရွက်လာကြပြီး ဖက်ဒရယ် သို့မဟုတ် ပြည်ထောင်စုအာဏာပိုင်များက လုပ်ပိုင်ခွင့်များ လျော့ကျလာခြင်းဖြစ်ပါသည် (ဥပမာ ဘယ်ဂျီယမ်၊ စပိန်)။ လက်တွေ့တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချလျက် လုပ်ပိုင်ခွင့်ရရှိရေးတောင်းဆိုမှု အတိုင်းအတာနှင့် ပြင်းထန်မှု၊ နစ်ဖက်ညှိနှိုင်းဆွေးနွေးနိုင်သည့် အင်အားတို့အပေါ် များစွာ မူတည်နေပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် နိုင်ငံတော်အစိုးရ အဆင့်အသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေမှုသည် လက်ခံနိုင်ဖွယ်ရာ ရှိမရှိနှင့် လက်တွေ့ကျမကျ ဆန်းစစ်ရာတွင် လုပ်ပိုင်ခွင့်အာဏာရရှိရေးနှင့် အရင်းအမြစ်ရရှိရေး တောင်းဆိုမှုအပြင် ထည့်သွင်းစဉ်းစားရမည့် စံချိန်စံနှုန်းအချို့ ရှိပါသည်။ ကောင်းမွန်သော ဟန်ချက်ညီမှုရရှိရန် လမ်းညွှန်အဖြစ် **Subsidiarity** မူ (လုပ်ပိုင်ခွင့်အာဏာကို ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်၊ အသေးငယ်ဆုံးအဆင့်၊ ဗဟိုချုပ်ကိုင်မှုအနည်းဆုံး အဆင့်တွင် ကျင့်သုံးစေရေးမူ) ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ လက်မခံသူများလည်း ရှိပါသည်။ ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာကျင့်သုံးမည်ဆိုပါက အောက်အဆင့်တွင် လုပ်စရာမရှိတော့ခြင်းမျိုး မဖြစ်စေရန် 'အောက်အဆင့်က လုပ်ငန်းဆောင်ရွက်နေခြင်းကို အထက်အဆင့်က ဝင်ရောက် စွက်ဖက်ခြင်းမပြုရန် လိုအပ်ပါသည်။ သို့သော် အောက်အဆင့်က လိုအပ်လျှင် အထက်အဆင့်က ပံ့ပိုးမှု ပေးပြီး အောက်အဆင့် လုပ်ငန်းဆောင်ရွက်မှုများကို လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘုံအကျိုးစီးပွားအတွက် ညှိနှိုင်းပေါင်းစပ်လုပ်ဆောင်ရန် အကူအညီပေးရပါမည်။'

တစ်နည်းအားဖြင့် ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံးမည်ဆိုပါက တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားပြီး ၎င်းတို့သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်ဟု ယူဆရပါသည်။ သို့ရာတွင် ကိုယ်တိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုအားလုံးကို လိုက်လျောရုံမျှဖြင့် ကောင်းမွန်သော အစိုးရ သို့မဟုတ် ရေရှည်တည်တံ့နိုင်သော ရလဒ်များ ထွက်ပေါ်လာမည်ဟု ယတိပြတ် မဆိုနိုင်ပါ။ ဥပမာအားဖြင့် စီးပွားရေး မတည်ငြိမ်မှုကိုရှောင်ရှားရန် ဖက်ဒရယ်အစိုးရအနေဖြင့် အလုပ်လက်မဲ့ခံစားခွင့်များ ကဲ့သို့သော စုစုပေါင်းဝယ်လိုအားအပေါ် အထူးသဖြင့် သက်ရောက်မှုရှိသော သို့မဟုတ် စီးပွားရေး သံသရာလည်သည်နှင့်မျှ အတက်အကျရှိသော အချို့အသုံးစရိတ်သုံးစွဲရေး တာဝန်များကို ဆက်လက်ရယူထားရန် လိုအပ်နိုင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုက လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံးခြင်းကြောင့် အခြား တိုင်းဒေသကြီး/ပြည်နယ်တစ်ခုကို များစွာထိခိုက်ခြင်း သို့မဟုတ် နစ်နာစေခြင်းလည်း ဖြစ်နိုင်ပါသည်။ (ဥပမာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များအကြား ရေ စီမံခန့်ခွဲမှု နယ်ပယ် များတွင် ဖြစ်နိုင်ပါသည်။) ထို့အပြင် ဘုံရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် အလို့ငှာ တိုင်းဒေသကြီး/ ပြည်နယ် နယ်နိမိတ်များကိုကျော်လွန်လျက် ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများလည်း ရှိပါသည်။ (အဝေးပြေးလမ်းများနှင့် အခြား အခြေခံအဆောက်အဦ စီမံချက်များကို ပူးတွဲငွေကြေးစိုက်ထုတ် ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများဖြစ်ပါသည်။) အလားတူ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော အများပြည်သူ ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်း တူညီသော အဆင့်အတန်းတစ်ခုထက် မနိမ့်စေဘဲ ဖြည့်ဆည်းပေးနိုင်ရန် အများပြည်သူ၏ မျှော်မှန်းချက်ကြောင့် ယင်းဝန်ဆောင်မှုများကို ပြည်ထောင်စုအဆင့်မှ စည်းမျဉ်းထိန်းချုပ်ရန် လုပ်ဆောင်ခြင်းသည် ကြောင်းကျိုးဆီလျော်သည်သာ ဖြစ်ပါသည်။ ယင်းဖြစ်ရပ်များနှင့် အလားတူဖြစ်ရပ်များတွင် ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာကျင့်သုံးရေးမူ (principle of subsidiarity) အရ ဖက်ဒရယ်အဆင့်သို့ လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။

ယင်းရွေးချယ်မှုများကို အမြော်အမြင်ရှိစွာ ပြုလုပ်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များက တောင်းခံသော ကိုယ်တိုင်အုပ်ချုပ်ခွင့် အတိုင်းအတာနှင့် အမျိုးအစားများကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်

တောင်းခံရခြင်း အကြောင်းများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဥပမာ ယဉ်ကျေးမှု မတူကွဲပြားမှုကြောင့် ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းဖြစ်လျှင် တိုင်းဒေသကြီး/ပြည်နယ်များက ပညာရေး၊ ဘာသာစကားဥပဒေများ၊ အသုံးလွှင့်ခြင်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း၊ ယဉ်ကျေးမှုမူဝါဒများကို ကိုင်တွယ်ရန် တောင်းဆိုလေ့ရှိပါသည်။ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် လူမှုဖူလုံရေး မူဝါဒအပိုင်းကဏ္ဍများကို ဗဟိုချုပ်ကိုင်ခွင့်ပြုရန် ယေဘုယျအားဖြင့် သဘောတူညီလေ့ရှိပါသည်။ အပြန်အားဖြင့် ယဉ်ကျေးမှုတစ်မျိုးတည်းရှိသော လူ့အဖွဲ့အစည်းတွင် အရင်းအမြစ် ခွဲဝေမှုအပေါ် နယ်မြေဒေသအလိုက် ထိန်းချုပ်မှု ပိုမိုရရှိလိုခြင်းကြောင့် ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းဖြစ်ပါက အထက်ဖော်ပြပါနှင့် ဆန့်ကျင်ဖက်ကျင့်သုံးလေ့ ရှိပါသည်။

**ပုံ ၂ - ဖက်ဒရယ်နိုင်ငံနှင့် ဖက်ဒရယ်တစ်ပိုင်း နိုင်ငံအချို့တွင် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေထားပုံ**

| | ဩစတြီးယား | ကနေဒါ | မလေးရှား | နိုက်ဂျီးရီးယား | ပါကစ္စတန် | တောင်အာဖရိက |
|---|---|---|---|---|---|---|
| အထွေထွေအုပ်ချုပ်ရေး | | | | | | |
| နိုင်ငံခြားရေး | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |
| ကာကွယ်ရေး | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |
| ရဲ | မျှဝေ | မျှဝေ | ဖက်ဒရယ် | ဖက်ဒရယ် | ယူနစ် | ဗဟို |
| မီးသတ်နှင့် ကယ်ဆယ်ရေး | ယူနစ် | ယူနစ် | ဖက်ဒရယ် | မျှဝေ | ယူနစ် | ယူနစ် |
| ပြစ်မှုတရားစီရင်ရေး | မျှဝေ | ယူနစ် | ဖက်ဒရယ် | မျှဝေ | ယူနစ် | ဗဟို |
| တရားမမှု တရားစီရင်ရေး | မျှဝေ | မျှဝေ | ဖက်ဒရယ် | ယူနစ် | ယူနစ် | ဗဟို |
| ရွေးကောက်ပွဲ | မျှဝေ | မျှဝေ | ဖက်ဒရယ် | မျှဝေ | ဖက်ဒရယ် | ဗဟို |
| ပညာရေး | | | | | | |
| မူလတန်း | ယူနစ် | ယူနစ် | ဖက်ဒရယ် | ယူနစ် | ယူနစ် | မျှဝေ |
| အလယ်တန်း အထက်တန်း | ယူနစ် | ယူနစ် | ဖက်ဒရယ် | မျှဝေ | ယူနစ် | မျှဝေ |
| သက်မွေး | မျှဝေ | ယူနစ် | ဖက်ဒရယ် | ယူနစ် | ယူနစ် | ဗဟို |
| တက္ကသိုလ်များ | မျှဝေ | ယူနစ် | ဖက်ဒရယ် | မျှဝေ | ယူနစ် | ဗဟို |
| ပြတိုက်နှင့် စာကြည့်တိုက်များ | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | ယူနစ် | မျှဝေ |
| ကျန်းမာရေးနှင့် လူမှုဖူလုံရေး | | | | | | |
| မိသားစု သာယာဝပြောရေး | ယူနစ် | ယူနစ် | ဖက်ဒရယ် | မသတ်မှတ် | မသတ်မှတ် | ဗဟို |
| လူမှုဖူလုံရေး | ဖက်ဒရယ် | ယူနစ် | ဖက်ဒရယ် | မသတ်မှတ် | ယူနစ် | ဗဟို |
| အခြေခံကျန်းမာရေး စောင့်ရှောက်မှု | မျှဝေ | ယူနစ် | ဖက်ဒရယ် | ယူနစ် | ယူနစ် | မျှဝေ |
| ဆေးရုံများ | ယူနစ် | မျှဝေ | ဖက်ဒရယ် | မျှဝေ | ယူနစ် | မျှဝေ |
| ပြည်သူ့ကျန်းမာရေး | မျှဝေ | မျှဝေ | ဖက်ဒရယ် | ယူနစ် | မျှဝေ | မျှဝေ |
| သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦ၊ လျှပ်စစ်ဓာတ်အား ရေပေးဝေရေး | | | | | | |
| အဝေးပြေးလမ်း | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | ယူနစ် | မျှဝေ |
| မြို့တွင်းလမ်း | ယူနစ် | ယူနစ် | ယူနစ် | မျှဝေ | ယူနစ် | ယူနစ် |
| ဆိပ်ကမ်း | ယူနစ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |

| | | | | | | |
|---|---|---|---|---|---|---|
| လေဆိပ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဖက်ဒရယ် | ဗဟို |
| လျှပ်စစ် | ယူနစ် | ယူနစ် | ယူနစ် | ဖက်ဒရယ် | မျှဝေ | ယူနစ် |
| သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | | | | | | |
| အိုးအိမ် | ယူနစ် | ယူနစ် | မျှဝေ | မျှဝေ | ယူနစ် | မျှဝေ |
| မြို့ပြစီမံကိန်း | ယူနစ် | ယူနစ် | မျှဝေ | ယူနစ် | ယူနစ် | ယူနစ် |
| ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး | ယူနစ် | ယူနစ် | ဖက်ဒရယ် | ယူနစ် | ယူနစ် | ယူနစ် |
| သဘာဝ ပတ်ဝန်း ကျင် ကာကွယ် စောင့်ရှောက်ရေး | မျှဝေ | မျှဝေ | ဖက်ဒရယ် | ယူနစ် | မျှဝေ | မျှဝေ |
| စားသုံးသူ ကာကွယ် စောင့်ရှောက်ရေး | မျှဝေ | မျှဝေ | မသတ်မှတ် | မျှဝေ | ယူနစ် | ဗဟို |
| စီးပွားရေး | | | | | | |
| စိုက်ပျိုးရေး သစ်တောနှင့် ရေလုပ်ငန်း | မျှဝေ | မျှဝေ | မျှဝေ | ဖက်ဒရယ် | ယူနစ် | ဗဟို |
| ကုန်သွယ်ရေးနှင့် စက်မှု | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | ဗဟို |
| ခရီးသွားလုပ်ငန်း | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ | မျှဝေ |

**ရည်ညွှန်းချက်** - Commonwealth Local Government Forum, 2014 (နေသဟာယ ဒေသန္တရ အုပ်ချုပ်ရေး ဖိုရမ် ဆွေးနွေးပွဲ) မှ အချက်များကို ဆီလျော်အောင် ပြုပြင်ဖော်ပြပါသည်။

**မှတ်စုများ**

၁။ ဤဇယားတွင် မူဝါဒချမှတ်ဆောင်ရွက်ရေးကို အဓိက ဆောင်ရွက်သည့် အစိုးရအဆင့်များကို ဖော်ပြထားပါသည်။ ဥပဒေပြု လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပုံနှင့် ကွာခြားနိုင်ပါသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်များတွင် လုပ်ပိုင်ခွင့်အာဏာရှိကြောင်း ဖော်ပြထားရာ၌ မြို့နယ်အဆင့်များသို့ ထပ်ဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချထားခြင်းများလည်း ရှိနိုင်ပါသည်။

## (ဃ) အာဏာခွဲဝေခြင်းကြောင့် ဖြစ်ပေါ်လာသည့် လူမှုစီးပွားရေး သက်ရောက်မှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် စီးပွားရေး၊ အများပြည်သူ ဝန်ဆောင်မှုများနှင့် လူမှုဖူလုံရေး အစီအစဉ်များ ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို တရားဝင် ဗဟိုချုပ်ကိုင်ထားရှိသည့်အတိုင်းအတာ မတူညီကြပါ။

- ဥပမာ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူမှုဖူလုံရေး၊ ဆင်းရဲနွမ်းပါးသူများကို အကူအညီပေးရေး၊ အလုပ်အကိုင်ခန့်ထားရေးဥပဒေ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ အများပြည်သူပညာရေး၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင် မူဝါဒတို့ကို ဖက်ဒရယ်အဆင့်တွင် သတ်မှတ်ဆုံးဖြတ်ရန် ပြဌာန်းထားခြင်းမရှိပါ။ ယင်းတို့အားလုံးမှာ ပြည်နယ်များက ကိုင်တွယ်သည့် နယ်ပယ်များ ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုအစိုးရသည် ယင်း မူဝါဒနယ်ပယ်များတွင် ပါဝင်မည်ဆိုလျှင် သာမန်အားဖြင့် 'ပြည်နယ်အချင်းချင်း ကူးသန်းရောင်းဝယ်ရေးကို စည်းမျဉ်းထိန်းချုပ်နိုင်သည့်' လုပ်ပိုင်ခွင့်အာဏာကို ပြောင်းလဲကျင့်သုံးခြင်းဖြင့်ဖြစ်စေ၊ ပြည်နယ်များသို့ သတ်မှတ်ချက်ထားရှိ၍ ဘဏ္ဍာငွေကြေး လွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ လုပ်ဆောင်လေ့ရှိပါသည်။ ဤအစီအစဉ်မှာ အဆင်ပြေခြင်း ထိရောက်တွင်ကျယ်ခြင်း မရှိပါ။ တစ်ပြေးညီ ရလဒ်များထွက်ပေါ်စေရန် အမျိုးသားအဆင့် မူဝါဒများကို ကျင့်သုံးနိုင်ရေးအခက်အခဲ ရှိပါသည်။ ထို့အပြင် တရားရုံးများသည် ယေဘုယျအားဖြင့် ဖက်ဒရယ်အစိုးရအား ဤနည်းလမ်းဖြင့် ပြုမူ

ဆောင်ရွက်ရန် ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုထားသော်လည်း အချို့မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို တရားဝင်ဟုတ်မဟုတ် တရားရုံးများတွင် ငြင်းချက်ထုတ်ခြင်းများ ရှိပါသည်။

- ဩစတြေးလျနိုင်ငံတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၆ ခုနှစ်တွင် ပြင်ဆင်လျက် ဖက်ဒရယ်လွှတ်တော်ကို 'နာမကျန်းနှင့် သက်ကြီးပင်စင်များ'၊ 'မီးဖွားထောက်ပံ့ငွေပေးခြင်း၊ မုဆိုးမများအတွက် ပင်စင်များ၊ ကလေးသူငယ်ကို ထောက်ပံ့ငွေ၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဆေးဝါး၊ နာမကျန်းခံစားခွင့်နှင့် ဆေးရုံတက်ကုသမှုခံယူခြင်း ခံစားခွင့်များ၊ ဆေးဝါးကုသခြင်းနှင့် သွားဆိုင်ရာ ဝန်ဆောင်မှုများ ...၊ ကျောင်းသူကျောင်းသားစရိတ်များနှင့် မိသားစုစရိတ်များ'နှင့် စပ်လျဉ်းသည့် ဥပဒေများပြဋ္ဌာန်းရန် လုပ်ပိုင်ခွင့် ပေးအပ်ခဲ့ပါသည် (အပိုဒ် ၅၁၊ (၂၃) နှင့် (၂၃) (က) )။ သို့ဖြစ်၍ ယင်းနယ်ပယ်များတွင် အမျိုးသားအဆင့်တိုးတက်သော မူဝါဒများရေးဆွဲချမှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပိုင်း အဟန့်အတားများ မရှိပါ။
- ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဥပဒေစည်းမျဉ်းများကို အဓိပ္ပာယ်ဖော်ပြသည့်အပြင် ရည်ရွယ်ချက်ကို ဖော်ပြခြင်း၊ ကိုယ်ပိုင်စရိုက်လက္ခဏာကို ဖော်ပြခြင်းများအတွက်လည်း ပြဋ္ဌာန်းချက်များ ပါဝင်သဖြင့် အများပြည်သူ ဝန်ဆောင်မှုများ၊ လူမှုဖူလုံရေးနှင့် လူမှုဝန်ထမ်းမူဝါဒများကို ဖက်ဒရယ်အစိုးရက တာဝန်ယူမည်ဖြစ်ကြောင်း အတိအလင်းအသိအမှတ်ပြု ပြဋ္ဌာန်းထားခြင်းအားဖြင့် အမျိုးသားအဆင့် စံချိန်စံနှုန်းများ မြှင့်တင်ရန်အလို့ငှာ ယင်းမူဝါဒနယ်ပယ်များတွင် ဖက်ဒရယ်လုပ်ပိုင်ခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးရန် နိုင်ငံရေးကြောင်းကျိုးခိုင်လုံမှု ပိုမိုအားကောင်းစေနိုင်ပါသည်။

## (င) ဖွံ့ဖြိုးရေးနှင့် လိုက်လျောညီထွေ ပြောင်းလဲခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေများကို စီစဉ်ရေးဆွဲသူများအနေဖြင့် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ လုပ်ပိုင်ခွင့် အာဏာများ မည်ကဲ့သို့ ခွဲဝေလာကြမည်ကို အမြဲတစေအောင်မြင်စွာ စည်းမျဉ်းသတ်မှတ်ခြင်း သို့မဟုတ် ခန့်မှန်းခြင်း မပြုနိုင်ကြပါ။ ဥပမာ ကနေဒါနိုင်ငံမှာ ဗဟိုချုပ်ကိုင်မှုများပြားသည့် ဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်ရန် ရည်ရွယ်ခဲ့ပြီး ပြည်နယ်များအတွက် သတ်မှတ်ပေးထားသည့် လုပ်ပိုင်ခွင့်အာဏာများမှအပ လုပ်ပိုင်ခွင့် အာဏာများအားလုံးကို ဖက်ဒရယ်အဆင့်တွင် ကျင့်သုံးခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုတွင်မူ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဖက်ဒရယ်နိုင်ငံအဖြစ် ရည်ရွယ်ခဲ့ပါသည်။ လုပ်ပိုင်ခွင့်အာဏာအများစုကို ပြည်နယ်များအတွက် သတ်မှတ်ပေးထားခဲ့ပါသည်။ သို့ရာတွင် ယင်းနိုင်ငံ နှစ်နိုင်ငံ၏သမိုင်းကြောင်းကိုကြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများ၏ ရည်ရွယ်ရင်းအတိုင်း မဖြစ်သည်ကိုတွေ့ရပါသည်။ အမေရိကန်ပြည်ထောင်စုမှာ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ဗဟိုချုပ်ကိုင်မှုများပြားလာပြီး ကနေဒါနိုင်ငံမှာ အဆင့်ဆင့် ဗဟိုချုပ်ကိုင်မှု ပိုမိုလျော့နည်းလာပါသည်။ ဤသို့ အပြောင်းအလဲဖြစ်ရခြင်းမှာ တစ်စိတ်တစ်ဒေသအားဖြင့် တရားစီရင်ရေးပိုင်းမှ ဆုံးဖြတ်ချက်များကြောင့် ဖြစ်သော်လည်း အခြေအနေအရ ပြောင်းလဲခြင်းလည်း ရှိပါသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံမှ ခွဲထွက်ရေးကိစ္စအတွက် ပြည်တွင်းစစ်ဖြစ်ခဲ့ပါသည်။ ကနေဒါမှာ ယင်းသို့သောအခြေအနေ မကြုံတွေ့ခဲ့ရပါ။ အမေရိကန်ပြည်ထောင်စုမှာ စစ်ရေးအရ မဟာအင်အားကြီးနိုင်ငံဖြစ်လာပြီး ကနေဒါမှာ ယင်းသို့မဖြစ်ခဲ့ပါ။ ကနေဒါနိုင်ငံတွင် အဓိကယဉ်ကျေးမှုနှင့် ဘာသာစကား လူနည်းစုတစ်ရပ်မှာ နယ်မြေအလိုက်စုစည်းနေပြီး အမေရိကန်ပြည်ထောင်စုတွင် ယင်းသို့မရှိပါ။

ပါတီစနစ်မှာ နိုင်ငံရေးပါတီများ အရေအတွက်၊ ပါတီအချင်းချင်း အင်အားအနည်းအများ ကွာခြားချက်၊ အယူဝါဒ အစွန်းရောက်ခြင်းနှင့် ပါတီတွင်း ဖွဲ့စည်းပုံအမျိုးမျိုးရှိပြီး မက်ခရိုအဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်စဉ်အပေါ် ဩဇာသက်ရောက်နိုင်ပါသည်။ ယင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပြုစုသူများအနေဖြင့် စည်းမျဉ်းသတ်မှတ်ရန် သို့မဟုတ် ခန့်မှန်းရန်ခက်ခဲပါသည်။ ပါတီများကို ပြည်ထောင်စုအဆင့်/ဖက်ဒရယ်အဆင့်တွင် စုဖွဲ့ထားပြီး ပါတီခေါင်းဆောင်မှာ ပြည်ထောင်စုအဆင့်/ဖက်ဒရယ်အဆင့်တွင် ရှိပါက၊ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် ပါတီများသည် ပြည်ထောင်စုအဆင့် ပါတီ၏ရုံးခွဲများအဖြစ် ဆောင်ရွက်ပါက၊ ထို့မှမက ယင်းပါတီများသည်ပင် နိုင်ငံ၏ နယ်မြေဒေသအသီးသီးတွင် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံပါက၊ နိုင်ငံရေးပါတီများသည် စည်းလုံးညီညွတ်ရေး၊ အကျိုးစီးပွားများကို စုစည်းပေါင်းစပ်ရေးနှင့် မူဝါဒညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးတို့အတွက် အရေးပါသော

လမ်းကြောင်းများ ဖြစ်နိုင်ပါသည်။ သို့ရာတွင် ပါတီများ၏ စုဖွဲ့ပုံမှာလျော့ရဲပြီး ပြည်နယ်အဆင့် ခေါင်းဆောင်များက ကြီးစိုးနေလျှင် သို့မဟုတ် ပါတီအသီးသီး၏ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အနိုင်ရမှုအင်အားမှာ နိုင်ငံ၏ နယ်မြေဒေသ အသီးသီး၌ များစွာကွာခြားနေလျှင် ပြည်နယ်အဆင့် အာဏာရရှိသူများသည် ပြည်ထောင်စုအစိုးရကို ထိန်းချုပ်ရန်၊ တန်ပြန် ဆောင်ရွက်ရန်၊ မလုပ်နိုင်မကိုင်နိုင်ဖြစ်စေရန် သို့မဟုတ် ပြည်ထောင်စုအစိုးရနှင့် မတူညီသော လမ်းကြောင်းကို ရွေးချယ်ရန် မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြုရေး ကြိုးပမ်းလာနိုင်ပါသည်။ ထို့ကြောင့် အဖွဲ့အစည်းစနစ်များ စုဖွဲ့ပုံတူညီသည့်တိုင် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြုရာ၌ အနည်းဆုံးအသုံးပြုသည့် ချဉ်းကပ်ပုံ သို့မဟုတ် အများဆုံးအသုံးပြုသည့် ချဉ်းကပ်ပုံဟူ၍ ကွာခြားနိုင်ပါသည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တွင် အများစုရရှိသောပါတီများ အချိုးအစားပေါ် မူတည်၍ ပြည်ထောင်စုအစိုးရ သို့မဟုတ် ဖက်ဒရယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သောဆက်ဆံရေး ရှိနိုင်သကဲ့သို့ ပဋိပက္ခ ဆက်ဆံရေးလည်း ရှိနိုင်ပါသည်။

သို့ဖြစ်လေရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မည်သည့် သဘောတူညီချက်မျှ ယတိပြတ်ခိုင်မြဲခြင်း မရှိသဖြင့် စိတ်ဓာတ်ကျဆင်းဖွယ်ရာဟု ထင်မြင်ကောင်း ထင်မြင်ပါလိမ့်မည်။ သို့သော် (၁) ဖက်ဒရယ်စနစ်များသည် ပြောင်းလဲနေသော လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည်၊ (၂) ကနဦးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ပြဋ္ဌာန်းချက်များ၌ မိမိတို့ အလိုရှိသမျှအားလုံး မရရှိသူများလည်း နောင်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးလျက် တရားရုံးများက စီရင်ဆုံးဖြတ်သည့်အခါ မိမိတို့၏ ရည်မှန်းချက်အောင်မြင်ရန်ဆက်လက်ဆောင်ရွက်နိုင်သည် ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အဖွဲ့အစည်းအသီးသီးအကြား လုပ်ပိုင်ခွင့်အာဏာများကိုဆွေးနွေးညှိနှိုင်း သတ်မှတ်နိုင်ရန် လုံခြုံမှုရှိသောအခြေခံကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း ဖြစ်ပါသည်။

*ပြိုင်ဆိုင်သော ဖက်ဒရယ်စနစ်နှင့် ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်* - ဖက်ဒရယ်စနစ်ကို ပြိုင်ဆိုင်သော ဖက်ဒရယ်စနစ်နှင့် ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ပြိုင်ဆိုင်သော ဖက်ဒရယ်စနစ်များတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် စီရင်ပိုင်ခွင့်ရှိသော နယ်မြေဒေသအားဖြင့် ထပ်နေသည့်တိုင် ဥပဒေနယ်ပယ် မတူညီသောအခြေခံအားဖြင့် သီးခြားစီ အဖွဲ့အစည်းများ သဖွယ် ခံယူကြပါသည်။ မူအားဖြင့် အဖွဲ့အစည်းအားလုံးသည် မိမိလုပ်ငန်းကိုသာ အဓိကထားပြီး အခြားအဖွဲ့အစည်းများကို လျစ်လျူရှုပါသည်။ ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်များတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် မိတ်ဖက်အစိုးရအဖွဲ့အစည်းများအဖြစ် ခံယူကြပြီး ဘုံအကျိုးအတွက် လုပ်ပိုင်ခွင့်အာဏာများကို မျှဝေကျင့်သုံးပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များက ဖက်ဒရယ်အဆင့် မူဝါဒများ ရေးဆွဲရာတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ပြီး ဖက်ဒရယ်အစိုးရကလည်း ဖက်ဒရယ်အဆင့် မူဝါဒများ အကောင်အထည်ဖော်ရန် တိုင်းဒေသကြီး/ပြည်နယ်များကို အားကိုးအားထားပြုပါသည်။ ဥပမာ ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်တွင် အသုံးပြုလေ့ရှိသည့် နည်းလမ်းတစ်ရပ်မှာ မူဘောင်ဥပဒေပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ ဖက်ဒရယ်လွှတ်တော်က မူဝါဒနယ်ပယ်တစ်ရပ်အတွက် အခြေခံရည်မှန်းချက်ပန်းတိုင်များနှင့်မူများ ချမှတ်ပေးပြီး တိုင်းဒေသကြီး/ပြည်နယ်များအား ၎င်းတို့ကိုယ်ပိုင် နည်းလမ်းများဖြင့် ယင်းတို့ကို အကောင်အထည်ဖော်ရန် ခွင့်ပြုခြင်း ဖြစ်ပါသည်။

ဖက်ဒရယ်စနစ် အမျိုးအစား နှစ်မျိုးမှာ အရေးပါသော စုဖွဲ့ပုံပိုင်း ကွာခြားချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် မတူညီခြင်းများ ရှိသော်လည်း ယင်းကွဲပြားခြားနားချက်များကို ပုံကြီးမချဲ့သင့်ပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြိုင်ဆိုင်သော ဖက်ဒရယ်စနစ်များတွင်ပင် အလွတ်သဘော ပူးပေါင်းဆောင်ရွက်သည့် အစီအမံများ ရှိသည်သာ ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်များတွင်လည်း လုပ်ပိုင်ခွင့်အာဏာများနှင့် အရင်းအမြစ်များကို ပြိုင်ဆိုင်ရသည်သာ ဖြစ်ပါသည်။

# အချိုးမညီ ဖက်ဒရယ်စနစ် Asymmetrical Federalism

## (က) အချိုးညီ (Symmetry) နှင့် အချိုးမညီ (Asymmetry)

အချိုးမညီဖက်ဒရယ်စနစ်မှာ နိုင်ငံအတွင်း နယ်မြေဒေသ တစ်ခုနှင့်တစ်ခု ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည့် အဆင့် မတူညီသောဖက်ဒရယ်စနစ်ပုံစံကို ဆိုပါသည်။ အချိုးညီဖက်ဒရယ်စနစ်နှင့် မတူညီပါ။ အချိုးညီဖက်ဒရယ် စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး အုပ်ချုပ်စီရင်မှုအဆင့်နှင့် လုပ်ပိုင်ခွင့်အာဏာများ တန်းတူရှိကြပါသည်။ အချိုးမညီ ဖက်ဒရယ်စနစ်မှာ အမြဲတစေမဟုတ်သည့်တိုင် သာမန်အားဖြင့် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် ဖက်ဒရယ် စနစ်ကျင့်သုံးရာမှ ('holding together' ဖက်ဒရယ်စနစ်မှ) ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ သီးခြားလွတ်လပ်သော ပြည်နယ်များစုဖွဲ့၍ ဖက်ဒရယ်နိုင်ငံ တည်ထောင်သောအခါ သာမန်အားဖြင့် တန်းတူညီမျှ အခြေအနေတွင် စုဖွဲ့ပါ သည်။ သို့ရာတွင် ရှိရင်းနိုင်ငံကို ဖက်ဒရယ် တိုင်းဒေသကြီး/ပြည်နယ်များ အဖြစ် ခွဲခြားသတ်မှတ်သောအခါ ကိုယ်တိုင် အုပ်ချုပ်ရေးလိုအင်ဆန္ဒများကို လိုက်လျောနိုင်ရန်အတွက် ယဉ်ကျေးမှု၊ သမိုင်း၊ သို့မဟုတ် ပထဝီနယ်မြေ ထူးခြားချက် များကို အခြေခံလျက် သီးခြားကိုယ်ပိုင်စရိုက် လက္ခဏာများ သို့မဟုတ် အကျိုးစီးပွား အလေးထားမှုမတူညီခြင်းအပေါ် မူတည်လျက် နယ်မြေဒေသအသီးသီးကို အတိုင်းအတာမတူညီဘဲ လိုက်လျောဆောင်ရွက်ပေးရပါသည်။

- စပိန်နိုင်ငံတွင် ကိုယ်တိုင်အုပ်ချုပ်သည့် သမိုင်းကြောင်းနှင့် ဘာသာစကား သီးခြားရှိသော သမိုင်းစဉ် တစ်လျှောက် ပြည်နယ်ဖြစ်ခဲ့သည့် ပြည်နယ်များနှင့် နိုင်ငံ၏ အခြားနယ်မြေဒေသများမှာ မတူညီဘဲ သမိုင်းစဉ်တစ်လျှောက် ပြည်နယ်ဖြစ်ခဲ့သည့် ပြည်နယ်များသည် နိုင်ငံ၏ အခြားနယ်မြေဒေသများ မရရှိ သည့် ထပ်ဆောင်းလုပ်ပိုင်ခွင့်အာဏာများ ရရှိပါသည်။ ဥပမာ Basque Country နှင့် Navarra တို့သည် ၎င်းတို့ကိုယ်တိုင် အခွန်ကောက်ခံနိုင်သည့် အခွင့်အရေးများ ရရှိပါသည်။ Catalonia ပြည်နယ်မှာ ပြည်နယ် ရဲတပ်ဖွဲ့ သီးခြားရှိပြီး စပိန်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့နှင့် ပြည်သူ့အစောင့်တပ်ဖွဲ့များနေရာတွင် တာဝန် ထမ်းဆောင်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရပ်ရွာအသိုက်အဝန်း အားလုံးမဟုတ်သည့်တိုင် အချို့သည် မိမိတို့ဘာသာစကားများကိုလည်း ရုံးသုံးဘာသာစကားအဖြစ် ပူးတွဲသတ်မှတ်ထားကြပါသည်။
- ကနေဒါနိုင်ငံတွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်နယ်တစ်ခု သို့မဟုတ် နှစ်ခုအတွက်သာ အကျုံးဝင်ပြီး ပြည်နယ်အားလုံးအတွက် အကျုံးမဝင်သော ပြဋ္ဌာန်းချက်အချို့ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းကြောင့် ဘက်မညီမှု အနည်းငယ်ကို အသိအမှတ်ပြုထားပါသည်။ ယင်းပြဋ္ဌာန်းချက်အများအပြားမှာ လူနည်းစု အုပ်စုများအတွက် လိုက်လျောဆောင်ရွက်သည့် ကိစ္စရပ်များဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဘာသာ စကား လူနည်းစုများဖြစ်ပြီး အထူးအားဖြင့် Quebec (ကွီးဘက်) ပြည်နယ်အခြေအနေဖြစ်ပါသည်' (Bodnar 2003)။

ကိုယ်ပိုင်အုပ်ချုပ်ရန် စွမ်းဆောင်ရည် မတူညီခြင်းကြောင့် ဘက်မညီမှုကျင့်သုံးခြင်းလည်းဖြစ်နိုင်ပါသည်။ ဆင်းရဲသော သို့မဟုတ် ဖွံ့ဖြိုးမှုနည်းပါးသော နယ်မြေဒေသတွင် ကြွယ်ဝချမ်းသာသော နယ်မြေဒေသလောက် ကိုယ်တိုင်အုပ်ချုပ်နိုင်သည့် စွမ်းဆောင်ရည်မရှိဘဲ ဖြစ်နိုင်ပါသည်။ ဗဟိုအစိုးရမှတဆင့် နိုင်ငံ၏အခြား နယ်မြေဒေသ များမှ ငွေကြေးများလွှဲပြောင်းပေးခြင်းကို များစွာမှီခိုနေရနိုင်ပါသည်။

## (ခ) နယ်မြေများနှင့် မှီခိုနယ်မြေများ အုပ်ချုပ်မှု

ဖက်ဒရယ်နိုင်ငံတွင် ပြည်နယ်မဟုတ်သော နယ်မြေများရှိသောအခါတွင် ဘက်မညီမှု အခြားပုံစံတစ်မျိုး ဖြစ်ပွားပါသည်။

- ကနေဒါနိုင်ငံတွင် ပြည်နယ် ၁၀ ပြည်နယ်နှင့် နယ်မြေ ၃ခု ရှိပါသည်။ ပြည်နယ်များသည် ဖက်ဒရယ်နိုင်ငံ တွင် အပြည့်အဝ အစိတ်အပိုင်းများအဖြစ် ပါဝင်ပါသည်။ နယ်မြေများမှာ ကနေဒါနိုင်ငံပိုင်ဖြစ်ပြီး ကနေဒါ နိုင်ငံ တစ်စိတ်တစ်ဒေသအဖြစ် အုပ်ချုပ်ပါသည်။ သို့သော် ဖက်ဒရယ်နိုင်ငံ၏ အစိတ်အပိုင်းများအဖြစ် ပါဝင်ခြင်းမဟုတ်ပါ။ နယ်မြေများရှိ လွှတ်တော်များသည် ပြည်နယ်လွှတ်တော်များကဲ့သို့ မဟုတ်ဘဲ

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စည်းမျဉ်းသတ်မှတ် ပြဋ္ဌာန်းပေးထားခြင်း မရှိပါ။ သာမန် ဖက်ဒရယ် ဥပဒေများဖြင့်သာ ပြဋ္ဌာန်းပေးထားပြီး ယင်းဖွဲ့စည်းပုံများကို ပြင်ဆင်ရန် နယ်မြေများ၏ သဘောတူညီချက် မလိုအပ်ပါ။

- အိန္ဒိယနိုင်ငံတွင် ပြည်နယ် ၂၉ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ ၇ ခု ရှိပါသည်။ ပြည်နယ်များမှာ ပြည်ထောင်စု၏ အစိတ်အပိုင်းများ ဖြစ်ပါသည် (အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁)။ ပြည်ထောင်စု နယ်မြေများမှာ အိန္ဒိယနိုင်ငံတွင် ပါဝင်သော်လည်း မည်သည့်ပြည်နယ်တွင်မျှ မပါဝင်ပါ။

ဖက်ဒရယ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော ပြည်နယ်များနှင့် ဖက်ဒရယ်နိုင်ငံပိုင် နယ်မြေများ ကွဲပြားခြားနားနေရခြင်းမှာ သာမန်အားဖြင့် နယ်မြေများသည် တစ်နည်းနည်းဖြင့် ဖက်ဒရယ်နိုင်ငံတွင် အပြည့်အဝ ပါဝင်ရန် မသင့်တော်ဟု ယူဆခြင်းကြောင့် ဖြစ်ပါသည်။ သာမန်အားဖြင့် လူဦးရေအလွန်နည်းခြင်း၊ အုပ်ချုပ်မှုစွမ်းဆောင်ရည် နိမ့်ကျခြင်း၊ ဘဏ္ဍာရေး အရင်းအမြစ်များ မရှိခြင်းတို့ ဖြစ်ပါသည်။ (ဥပမာ ဩစတြေးလျနှင့် the Cocos (Keeling) ကျွန်းများ ဖြစ်ပါသည်။) ဖက်ဒရယ်နိုင်ငံက စစ်မက်ဖြစ်ပွားခြင်း ရလဒ်အဖြစ် သိမ်းပိုက်ထားသောမြေများကို ဖက်ဒရယ်နိုင်ငံ၏ အစိတ်အပိုင်းမဟုတ်ဘဲ နယ်မြေများအဖြစ် အုပ်ချုပ်ခြင်းလည်းဖြစ်နိုင်ပါသည်။ (ဥပမာ အမေရိကန်ပြည်ထောင်စုနှင့် ပူအာတိုရီကို ဖြစ်ပါသည်။)

ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံများ ပိုင်ဆိုင်သော နယ်မြေအများစုသည် နယ်မြေဒေသတွင်း ကိစ္စရပ်များအတွက် ကိုယ်စားပြုအစိုးရ ပုံစံတစ်မျိုးမျိုး ရှိသော်လည်း နယ်မြေအတွင်းနေထိုင်ကြသော နိုင်ငံသားများသည် ပြည်နယ်များတွင် နေထိုင်ကြသောနိုင်ငံသားများထက် နိုင်ငံရေးအခွင့်အရေး ပိုမိုနည်းပါးကြပါသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုတွင် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်သည့်စနစ်မှာ ပြည်နယ်များမှတဆင့် စုဖွဲ့စီစဉ်ထားခြင်းဖြစ်ပါသည်။ နယ်မြေဒေသတွင်နေထိုင်သော အမေရိကန်နိုင်ငံသားအနေဖြင့် အမေရိကန်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခွင့် မရရှိပါ။ (မဲမပေးသော လွှတ်တော်တက်ရောက်သူသာ ရရှိပါသည်။) ဤသို့ မဟုတ်ဘဲ ကိုယ်စားလှယ်ရရှိသော နိုင်ငံများလည်းရှိပါသည်။ ကနေဒါနိုင်ငံတွင် နယ်မြေများရှိ မဲဆန္ဒရှင်များသည် ပြည်ထောင်စုအဆင့် အောက်လွှတ်တော်တွင် ရွေးကောက်တင်မြှောက်နိုင်သည့် ကိုယ်စားလှယ်အရေအတွက် အချိုးအစားမှာ ၎င်းတို့၏ ကနေဒါလူဦးရေစုစုပေါင်းနှင့် နှိုင်းစာလျှင်ရှိသည့် အချိုးအစားထက် အနည်းငယ် ကျော်လွန်နေပါသည်။

*မြို့တော် နယ်မြေများ* - ဖက်ဒရယ်နိုင်ငံအများအပြားသည် ဖက်ဒရယ် မြို့တော်တည်ရှိရာ မြို့တော်နယ်မြေကို သီးခြားတည်ထောင်ထားရှိကြပါသည်။ (ဥပမာ ဩစတြေးလျတွင် ကင်ဘာရာ၊ အိန္ဒိယတွင် နယူးဒေလီ၊ နိုက်ဂျီးရီးယားတွင် အဘူဂျာ၊ အမေရိကန်ပြည်ထောင်စုတွင် ကိုလံဘီယာခရိုင်တို့ ဖြစ်ပါသည်။) မြို့တော်နယ်မြေ တည်ထောင်ထားရှိခြင်းဖြင့် အကျိုးကျေးဇူးအချို့ ရရှိပါသည်။ ပထမဦးစွာ ပြည်နယ်များကဲ့သို့ မဟုတ်ဘဲ ဖက်ဒရယ်မြို့သည် ဘက်မလိုက်သည့် ကြားနေမှုကို ဖော်ညွှန်းပါသည်။ ဥပမာအားဖြင့် ဖက်ဒရယ်ရန်ပုံငွေများ ခွဲဝေရာတွင် မျက်နှာလိုက်သည်ဟူသော စွပ်စွဲချက်များကို ရှောင်ရှားနိုင်ပါသည်။ ဒုတိယအနေဖြင့် ဖက်ဒရယ်အစိုးရ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများသည် ပြည်နယ်အစိုးရ အုပ်ချုပ်စီရင်သည့် နယ်မြေတွင်ရှိနေပါက ပြည်နယ်အစိုးရက ဝင်ရောက်စွက်ဖက်နိုင်ခြေမရှိစေရန် ကာကွယ်ပေးပါသည်။ ပြည်နယ်များ၏ မြို့တော်များနှင့် မတူညီဘဲ ယခင် တစ်ပြည်ထောင်နိုင်ငံ၏ မြို့တော်မှ ပထဂီနယ်မြေအားဖြင့် ကွာဝေးသောနေရာတွင် မြို့တော်နယ်မြေ တည်ထောင်ထားရှိခြင်းဖြင့် လုပ်ပိုင်ခွင့်အာဏာကို (ရုပ်ဝတ္ထုပိုင်းနှင့် ပထဂီနယ်မြေအရ) ဗဟိုချုပ်ကိုင်မှု လျှော့ချရန် နိုင်ငံတော်အစိုးရက အလေးအနက်ထားကတိကဝတ်ပြုကြောင်း ရှင်းလင်းစွာ သင်္ကေတပြု ဖော်ပြနိုင်ပါသည်။ မြို့တော်နယ်မြေများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပ်နှင်းသည့်အတိုင်းအတာမှာ အမျိုးမျိုးရှိပါသည်။ ကိုလံဘီယာခရိုင်တွင် ဥပဒေများအားလုံးကို အမေရိကန်လွှတ်တော်က တိုက်ရိုက်ပြဋ္ဌာန်းပါသည်။ ဒေသန္တရအုပ်ချုပ်ရေးမှာ ရွေးကောက်ခံ မြို့ဝန်နှင့် မြို့ကောင်စီလက်တွင်းတွင် ရှိပါသည်။ အိန္ဒိယနိုင်ငံ ပြည်ထောင်စု မြို့တော်နယ်မြေဖြစ်သော ဒေလီတွင်မူ (၆၉ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက် ပြဋ္ဌာန်းပြီးချိန်မှစ၍) အိန္ဒိယနိုင်ငံ ပြည်နယ်များနှင့် များစွာဆင်တူသော ပြည်နယ်အစိုးရပုံစံဖြင့် အုပ်ချုပ်ပါသည်။ ရွေးကောက်တင်မြှောက်သော လွှတ်တော်ရှိပြီး ဝန်ကြီးချုပ်ကလည်း ပြည်နယ်ကဲ့သို့သောလုပ်ပိုင်ခွင့် အာဏာများကို ကျင့်သုံးပါသည်။

# တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်နိမိတ်များ

ပြည်နယ်များ၏ ပိုင်နက်နယ်မြေများကို နယ်နိမိတ်သတ်မှတ်ဖော်ပြရာတွင် မတူကွဲပြားပြီး မကြာခဏ ဖြောင့်ဖြောင့် ဆန့်ကျင်နေသည့် လိုအပ်ချက်အမျိုးမျိုးကို ဟန်ချက်ညီစေရန် လိုအပ်ပါသည်။ ပုံ ၃ တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။ အဓိက နိုင်ငံရေးအင်အားစုအားလုံး လက်ခံနိုင်သည့် နည်းလမ်းဖြင့် ဟန်ချက်ညီမှု ရရှိရန် ဆောင်ရွက်ရေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် အခက်ခဲဆုံးအပိုင်းကဏ္ဍ တစ်ရပ်ဖြစ်ပါသည်။

**ပုံ ၃ - ပြည်နယ် နယ်နိမိတ်များ ရေးဆွဲသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက်များ**

| | |
|---|---|
| **စီးပွားရေး အကြောင်းအချက်များ** | ဥပမာ ထိရောက်တွင်ကျယ်မှု၊ ရပ်တည်နိုင်မှု (သေးငယ်ပြီး စီးပွားရေးအရ ဆင်းရဲသော ပြည်နယ်များ အရေအတွက်များစွာ မဖွဲ့စည်းသင့်ခြင်းအကြောင်းရင်း)နှင့် စီးပွားရေး ဒေသများကို စုဖွဲ့ထားရှိမှု |
| **လူမှုရေးနှင့် ယဉ်ကျေးမှု အကြောင်း အချက်များ** | ဥပမာ လူမျိုး၊ တိုင်းရင်းသားဖြစ်ခြင်း၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်ရာဘာသာ၊ လူမျိုးစုနှင့် ဆွေမျိုးစု |
| **ပထဝီနယ်မြေ သွင်ပြင်လက္ခဏာများ** | မြစ်များ တောင်များ ကဲ့သို့သော သဘာဝ နယ်နိမိတ်များ |
| **နိုင်ငံရေးဟန်ချက်ညီမှု** | လွှမ်းမိုးကြီးစိုးသည့် နယ်မြေဒေသများကို ခွဲခြမ်းပစ်ခြင်း ဖြစ်နိုင်ပါသည်။ နိုင်ငံမှ ခွဲထွက်လိုသည့် နယ်မြေဒေသကို ခွဲခြမ်းခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် (စိတ်ဂမ်းကွဲပြားစေသည့် နိုင်ငံရေးသွင်ပြင် လက္ခဏာ ဆောင်သော) ပြည်နယ် ၂ ခု ၃ ခုမျှသာ စုဖွဲ့ပုံကို ရှောင်ရှားခြင်း ဖြစ်နိုင်ပါသည်။ |
| **အများပြည်သူ ထင်မြင်ချက်** | ရွေးကောက်ပွဲများ၊ လူထုဆန္ဒခံယူပွဲများ သို့မဟုတ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အကဲဖြတ်နိုင်ပါသည်။ |
| **သမိုင်းတစ်လျှောက် ရှိခဲ့သည့် နယ်နိမိတ်များ** | ပြည်သူလူထုက စွဲမြဲလက်ခံထားသော နယ်နိမိတ်များဖြစ်ပြီး ရည်ညွှန်းမှတ်များအဖြစ် အသုံးဝင်ပါသည်။ နယ်နိမိတ်များ သတ်မှတ်ရာတွင် အခြား အကြောင်းအချက်များကို အသေးစိတ် ထည့်သွင်းစဉ်းစားရန် မလိုအပ်တော့ဘဲ ဖြစ်နိုင်ပါသည်။ |

ရည်ညွှန်းချက် - Anderson and Choudhry, 2014.

*ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် ချင့်ချိန်ဆုံးဖြတ်နိုင်မှု မည်မျှရှိကြပါသနည်း။* အချို့နိုင်ငံများတွင် (အထူးသဖြင့် မူလကပင်တည်ရှိသော ပြည်နယ်များက ဖက်ဒရယ်နိုင်ငံ စုဖွဲ့ရာတွင် ('coming together' အတူယှဉ်တွဲရေး) ပြည်နယ်များက မူလနယ်နိမိတ်များကို ဆက်လက်ထားရှိလိုလျှင်လည်းကောင်း၊ ပဋိပက္ခပြီးနောက် ငြိမ်းချမ်းရေးသဘောတူညီချက်များအရ ပိုင်နက်နယ်မြေနယ်နိမိတ်များ သတ်မှတ်ရာတွင် အကန့်အသတ်ရှိသော နိုင်ငံများတွင်လည်းကောင်း) ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် နယ်နိမိတ်သတ်မှတ်ရာတွင် ချင့်ချိန်ဆောင်ရွက်နိုင်သည့် အတိုင်းအတာ နည်းပါးပါမည်။ ယင်းသို့သော ဖြစ်ရပ်များတွင် စီးပွားရေး သို့မဟုတ် အုပ်ချုပ်စီမံမှုရှုထောင့်မှကြောင်းကျိုးဆီလျော်ခြင်းမရှိသည့်နယ်နိမိတ်များကိုလည်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများအနေဖြင့် လက်ခံပြီး ပကတိအခြေအနေများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရနိုင်ပါသည်။ ယင်းသို့ လိုက်လျောဆောင်ရွက်ရာ၌ ဥပမာအားဖြင့် ပိုမိုဆင်းရဲသော တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေးကို ပံ့ပိုးပေးရန် ဘဏ္ဍာငွေကြေးလွှဲပြောင်းပေးသည့် အစီအမံတစ်ရပ် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ စွမ်းဆောင်ရည်များနှင့် ဖွံ့ဖြိုးမှုအဆင့်များ များစွာကွာခြားနေကြောင်း အသိအမှတ်ပြု သည့်အနေဖြင့် ဘက်မညီလုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုကို ထည့်သွင်းပြဋ္ဌာန်းခြင်းတို့ ဖြစ်ပါသည်။

အခြားနိုင်ငံများတွင်မူ (ဥပမာ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် မတူကွဲပြားမှု မများပြားသော နိုင်ငံတစ်နိုင်ငံတွင် လုပ်ပိုင်ခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှုများလွန်းသည်ဟု ရှုမြင်ခြင်းကြောင့် ဖက်ဒရယ်စနစ်ကျင့်သုံးသောအခါတွင်) စီးပွားရေး သို့မဟုတ် အုပ်ချုပ်စီမံမှုရှုထောင့်မှ ပိုမို၍ လက်တွေ့ကျသောနည်းလမ်းဖြင့် နယ်နိမိတ်များကို ပြန်လည်ရေးဆွဲသတ်မှတ်ရန် အခွင့်အလမ်းရရှိနိုင်ပါသည်။ ဥပမာ ဓနဥစ္စာနှင့် လူဦးရေတို့ အနီးစပ်ဆုံး တူညီစေရန် တိုင်းဒေသကြီး/ပြည်နယ်များကို နယ်နိမိတ်သတ်မှတ်ခြင်း ဖြစ်ပါသည်။

*နယ်နိမိတ်များသည် ယဉ်ကျေးမှု အသိုက်အဝန်းများကို ထင်ဟပ်လျက် သတ်မှတ်သင့်ပါသလား။* အချို့နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ်၏ အောင်မြင်မှုသည် တိုင်းရင်းသား၊ ဘာသာစကား၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေး အသိုက်အဝန်းများအား ကိုယ်တိုင်အုပ်ချုပ်ခွင့်ပေးခြင်းနှင့် အသိအမှတ် ပြုခြင်းအပေါ် မူတည်ပါမည်။ ယင်းသို့သောနိုင်ငံများတွင် ယင်းအသိုက်အဝန်း ကိုယ်ပိုင် စရိုက်လက္ခဏာများကို ထင်ဟပ်ပေါ်လွင်စေသော နည်းလမ်းဖြင့် နယ်နိမိတ်များကို သတ်မှတ်ရန် အထူးသင့်တော်သည်ဟု ယူဆဖွယ်ရာ ဖြစ်ပါသည်။ သို့ရာတွင် ဤချဉ်းကပ်ပုံမှာ လက်တွေ့တွင် အခက်အခဲရှိနိုင်ပါသည်။ ယဉ်ကျေးမှုကိုသာလျှင် အကြောင်းပြုလျက် နယ်နိမိတ်များကို ရေးဆွဲသောအခါ တူရာစုလျက်နေကြသော အစုများ၊ တသီးတခြားအစုများ၊ ကြောင်းကျိုးမဆီလျော်သော နယ်နိမိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ ထွက်ပေါ်လာသော ယူနစ်များမှာလည်း အရွယ်အစား၊ ဖွံ့ဖြိုးမှုအဆင့်၊ အရင်းအမြစ်များ ရယူအသုံးပြုနိုင်မှု၊ ကိုယ်တိုင်အုပ်ချုပ်မှုတို့ များစွာကွာခြားနေတတ်ပါသည်။ ထို့အပြင် ယဉ်ကျေးမှုအရ သတ်မှတ်သော နယ်နိမိတ် များသည် အသိုက်အဝန်း စရိုက်လက္ခဏာများကို အားဖြည့်ပေးပြီး လုပ်ပိုင်ခွင့်အာဏာနှင့် အရင်းအမြစ်များကိုရယူလိုမှု အသိုက်အဝန်းတစ်ခုနှင့်တစ်ခုအကြား ပြိုင်ဆိုင်မှုများ ကြီးထွားလာတတ်ပါသည်။ လူနည်းစုအတွင်းမှ လူနည်းစုများကို သီးသန့်ကွဲထွက်စေပြီး အကာအကွယ်မဲ့ ဖြစ်စေနိုင်ပါသည်။ နိုင်ငံမှခွဲထွက်ရန် ဖိအားပေးမှုများ တိုးတက်များပြားလာနိုင်ပါသည်။ အသိုက်အဝန်းအလိုက် နယ်မြေများကို နယ်နိမိတ်သတ်မှတ်ရန် တောင်းဆိုမှုများကို ပယ်ချရမည်ဟု မဆိုလိုပါ။ (၁) ဤသို့ စီမံဆောင်ရွက်မည်ဆိုပါက ကြုံတွေ့ရမည့် အခက်အခဲများကို လျစ်လျူမရှုမိရန်နှင့် (၂) နယ်နိမိတ်များ သတ်မှတ်ရာတွင် ယင်းတောင်းဆိုမှုများကို အခြားအကြောင်းအချက်များနှင့် ဟန်ချက်ညီစေရန်သာလျှင် ဖြစ်ပါသည်။

*ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နယ်နိမိတ်များကို သတ်မှတ်ဖော်ပြသင့်ပါသလား။* ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်နက်နယ်မြေနယ်နိမိတ်များကို သတ်မှတ်ဖော်ပြရန် အမြဲတစေ မလိုအပ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမည့်အစား တိုင်းဒေသကြီး/ပြည်နယ်အဆင့် နည်းလမ်းများဖြင့် သတ်မှတ်နိုင်ပါသည်။ ဥပမာ သာမန်ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း၊ အစိုးရ/ပြည်နယ် ဖွဲ့စည်းသည့် ဥပဒေများဖြင့် ပြဋ္ဌာန်းခြင်းတို့ ဖြစ်ပါသည်။ ဤနည်းလမ်းများဖြင့် အထက်ဖော်ပြပါ ပြဿနာများ ပြေလည်စေနိုင်ပါသည်။ သို့မဟုတ် ယင်းပြဿနာများ ဖြေရှင်းရေးကို ရွှေ့ဆိုင်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ပျက်ပြားမသွားစေရန် ဆောင်ရွက်နိုင်ပါသည်။ နောင်အခါ လူဦးရေ အချိုးအစား ပြောင်းလဲသွားလျှင်လည်းကောင်း၊ အခြား လူဦးရေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ ပေါ်ပေါက်လာလျှင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မလိုအပ်ဘဲ ဆီလျော်သလို အပြောင်းအလဲများ ပြုလုပ်နိုင်ပါသည်။

- အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်စနစ်မှာ ယခင်က သီးခြားလွတ်လပ်စွာရပ်တည်ခဲ့သော ပြည်နယ်များအကြား သဘောတူညီချက်ဖြင့် တည်ထောင်ထားခြင်း မဟုတ်ဘဲ တိုင်းရင်းသားလူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးကိုယ်ပိုင်စရိုက်လက္ခဏာ များပြားသော နိုင်ငံကြီးတစ်နိုင်ငံ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်ပြီး ထိရောက်မှုရှိသော အဆင့်အသီးသီးရှိသည့် အစိုးရစနစ်တစ်ရပ်ကို တိုင်းပြုပြည်ပြု လွှတ်တော်က တည်ထောင်ထားခြင်း ဖြစ်ပါသည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် အသိုက်အဝန်း (အဓိကအားဖြင့် ဘာသာစကား) အလိုက် ပြန်လည်သတ်မှတ်လိုသူများနှင့် ကိုလိုနီခေတ် နယ်နိမိတ်များအတိုင်း ဆက်လက်ထားရှိလိုသူများအကြား ပြည်နယ်နယ်နိမိတ်များကို သဘောမတူညီနိုင်ဘဲ ရှိခဲ့ပါသည်။ ကိုလိုနီခေတ်နယ်နိမိတ်အတိုင်းဆိုပါက ပြည်နယ်များတွင် အသုံးပြုသည့် ဘာသာစကားများ ရောနှော နေမည်ဖြစ်ပါသည်။ ညှိနှိုင်းဖြေရှင်းသည့်အနေဖြင့် ရှိရင်းနယ်နိမိတ်များကို ကနဦးတွင် ဆက်လက်ထားရှိပြီး ပြည်ထောင်စုလွှတ်တော်အား ပြည်နယ် နယ်နိမိတ်များကို တစ်ဖက်သတ် ပြောင်းလဲရန် လုပ်ပိုင်ခွင့်ပေးအပ်ထားပါသည်။

ယင်းသို့ ပြည်နယ်နယ်နိမိတ်ပြောင်းလဲမည်ဆိုပါက ပြည်နယ်လွှတ်တော်များနှင့် တိုင်ပင်ရမည်ဖြစ်သော်လည်း ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက် မလိုအပ်ပါ။ နောက်ပိုင်းတွင် ဤပြဋ္ဌာန်းချက်ကို အသုံးပြုလျက် ပြည်နယ်နယ်နိမိတ်များကို ယဉ်ကျေးမှုနှင့် ဘာသာစကား နယ်နိမိတ်များနှင့် ပိုမိုနီးစပ်တူညီစေရန် ပြင်ဆင်သတ်မှတ်လျက် တင်းမာမှုများ လျော့နည်းကျဆင်းစေရန် လုပ်ဆောင်ခဲ့ပါသည် (Anderson 2008: 20)။ ဥပမာ အာသံပြည်နယ်တွင် ပြည်နယ်နယ်နိမိတ်များ ပြန်လည်ရေးဆွဲသတ်မှတ်လျက် ပိုမိုသေးငယ်သော ပြည်နယ်အချို့အဖြစ် ခွဲခြားသတ်မှတ်ပေးလိုက်ရာ တိုင်းရင်းသားတင်းမာမှုများ လုံးဝပြေလည်မသွားသည့်တိုင် တင်းမာမှုများ လျော့နည်းကျဆင်းသွားပါသည်။ သို့သော် ဤသို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့်စနစ်၏ ဖက်ဒရယ်သဘောသဘာဝကို များစွာ အားနည်းစေပါသည်။ ပြည်နယ်များသည် မိမိတို့၏ နယ်နိမိတ်များကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ပြည်နယ်အဖြစ် တည်ရှိရေးအတွက်ပင် ဗဟိုအဆင့် အာဏာပိုင်များ၏ သဘောထားအပေါ် များစွာမူတည်မည် ဖြစ်ပါသည်။

- စပိန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၁၄၃)၌ 'တူညီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေး သွင်ပြင်လက္ခဏာများရှိသည့် လက်ရှိနယ်နိမိတ် ထိစပ်နေသော ပြည်နယ်များ၊ ကျွန်းနယ်မြေများနှင့် သမိုင်းတွင် တစ်ပေါင်းတည်းဖြစ်ခဲ့သည့် ပြည်နယ်များ' အနေဖြင့် ကိုယ်တိုင်အုပ်ချုပ်ရေးတွင် ပါဝင်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုက်အဝန်းများအဖြစ် စုဖွဲ့တည်ထောင်နိုင်သည်ဟု ခွင့်ပြုထားပါသည်။ ဤချဉ်းကပ်ပုံမှာ အိန္ဒိယနိုင်ငံမှာကဲ့သို့ ပြောင်းလွယ်ပြင်လွယ်ရှိပြီး နယ်နိမိတ်သတ်မှတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသည့်လုပ်ငန်းစဉ် ရပ်တန့်ပျက်ပြားမသွားစေရန် တားဆီးပေးနိုင်ပါသည်။ သို့သော် အိန္ဒိယနိုင်ငံနှင့် မတူညီသောအချက်မှာ နယ်မြေဒေသများကိုယ်တိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုက်အဝန်းများ၏ နယ်နိမိတ်များကို မိမိတို့ဆန္ဒအလျောက် အပြန်အလှန်သဘောတူညီလျက် ရေးဆွဲသတ်မှတ်ရပါသည်။ ယင်းနယ်နိမိတ်များကို ဗဟိုအဆင့်လွှတ်တော်က တစ်ဖက်သတ်ပြင်ဆင်ခြင်း သို့မဟုတ် သတ်မှတ်ခြင်း မပြုလုပ်နိုင်ပါ။

# တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့အစည်းများ

## (က) တိုင်းဒေသကြီး/ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အဖွဲ့အစည်းစနစ်များ

ဖက်ဒရယ်စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသည် ၎င်းတို့အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးနိုင်ရန် အစိုးရအဖွဲ့အစည်းများ ထားရှိကာ လုပ်ငန်းဆောင်ရွက်ဖို့ လိုအပ်ပါသည်။ ယင်းစုဖွဲ့ပုံများကို တိုင်းဒေသကြီး/ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြဋ္ဌာန်းလျက်ဖြစ်စေ၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲလျက်ဖြစ်စေ၊ အချို့နိုင်ငံများတွင် အထူးဥပဒေများပြဋ္ဌာန်း၍ ဖြစ်စေ သတ်မှတ်ထားရှိကြပါသည်။

*တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဒီမိုကရေစီ၏ ပုံစံများနှင့် စုဖွဲ့ပုံများ* - တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းစနစ်များမှာ သာမန်အားဖြင့် ပြည်ထောင်စုအဆင့်/ဖက်ဒရယ်စနစ် အဖွဲ့အစည်းစနစ်များအတိုင်း ချို့၍ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ဥပမာ တောင်အာဖရိက ပြည်နယ်လွှတ်တော်များမှာ ပြည်ထောင်စုလွှတ်တော်မှာကဲ့သို့ အချိုးကျကိုယ်စားပြု (ပီအာ)စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ အမေရိကန်ပြည်ထောင်စု ပြည်နယ်လွှတ်တော်များမှာမူ ဖက်ဒရယ်ကွန်ဂရက်လွှတ်တော်ကဲ့သို့မဲဆန္ဒနယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို မဲအများဆုံးဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများရှိခြင်းကြောင့် အဖွဲ့အစည်းစနစ်ပိုင်း ဆန်းသစ်တီထွင်နိုင်ပါသည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်နှင့် ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်တို့သည် တိုက်ရိုက်ဒီမိုကရေစီ (လူထုဆန္ဒခံယူပွဲများနှင့် ဥပဒေပြုလုပ်ငန်းများ) ကို အထူးအားထားပါသည်။ သို့သော် သက်ဆိုင်ရာနိုင်ငံများတွင် ပြည်ထောင်စုအဆင့်၌ တိုက်ရိုက်ဒီမိုကရေစီကို မကျင့်သုံးပါ။ အနည်းငယ်သောနိုင်ငံများတွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အဖွဲ့အစည်းစနစ်များသည် ပြည်ထောင်စုအဆင့်နှင့် များစွာကွာခြားနေခြင်းများလည်း ရံဖန်ရံခါ ရှိပါသည်။ ဥပမာ အီတလီနိုင်ငံတွင် ပြည်ထောင်စုအစိုးရမှာ လွှတ်တော်စနစ်ကို ကျင့်သုံးပြီး တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းစနစ်များမှာ သမ္မတစနစ်ဖြစ်ပါသည်။

*တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီအတွက် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေများ* - အချို့ဖက်ဒရယ်စနစ်များတွင် တိုင်းဒေသကြီး/ပြည်နယ်များသည် (သာမန်အားဖြင့် ကျယ်ပြန့်စွာ) သတ်မှတ်ထားသော ဘောင်အတွင်း မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြဋ္ဌာန်းနိုင်ခွင့် ရှိပါသည်။

- ဩစတြေးလျ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသိအမှတ်ပြုလျက် အကာအကွယ်ပေးထားပါသည်။ ပြည်နယ်တစ်ခုစီသည် မိမိတို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်လည်း ခွင့်ပြုပါသည်။ 'ဓနသဟာယနိုင်ငံတွင် ပါဝင်သော ပြည်နယ်တစ်ခုစီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပြောင်းလဲသည့်အချိန်ကာလအထိ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ ဓနသဟာရနိုင်ငံ ဖွဲ့စည်းတည်ထောင်ချိန်ကအတိုင်း သို့မဟုတ် ဓနသဟာယနိုင်ငံသို့ ဝင်ရောက်ချိန်ကအတိုင်း သို့မဟုတ် ပြည်နယ်တည်ထောင်ချိန်ကအတိုင်း ဆက်လက်တည်ရှိစေရမည်။' (ဩစတြေးလျ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၆)
- အာဂျင်တီးနားနိုင်ငံတွင် အမျိုးသားအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တိုင်းဒေသကြီး/ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြည့်စုံစေရမည့် ယေဘုယျ ဒီမိုကရေစီသတ်မှတ်ချက်များကို ဖော်ပြထားပါသည်။ 'ပြည်နယ်တစ်ခုစီသည် သမ္မတနိုင်ငံ ကိုယ်စားပြုစနစ်အောက်တွင် ပြည်နယ်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းရမည်။ အမျိုးသားအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူများ၊ ကြေညာချက်များ၊ အာမခံချက်များနှင့် ကိုက်ညီစေရမည်။ တရားစီရင်ရေး၊ စည်ပင်နယ်မြေ အုပ်ချုပ်ရေး၊ အခြေခံပညာရေးတို့ကို ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းရမည်။ ယင်းသတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဖက်ဒရယ်အစိုးရသည် ပြည်နယ်တစ်ခုစီကို ပြည်နယ်၏အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ခွင့်ပြုရေး အာမခံချက်ပေးသည်။' (အာဂျင်တီးနားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅)

ယူနစ်တစ်ခုစီအနေဖြင့် မိမိတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်သဖြင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေများအကြား မတူညီမှုများရှိနိုင်ပါသည်။ ဥပမာ ရွေးကောက်ပွဲစနစ်များ၊ ရာထူးသက်တမ်းကာလများ၊ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးမှု၊ အထက်လွှတ်တော်နှင့် အခြား အသေးစိတ်အချက်များမှာ တိုင်းဒေသကြီး / ပြည်နယ်အလိုက် လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများအပေါ် မူတည်ပြီး ကွာခြားပါမည်။

*တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများကို ပြည်ထောင်စုအဆင့်မှ စည်းမျဉ်းစည်းကမ်းသတ်မှတ်ထိန်းချုပ်ခြင်း*-တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများကို ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းပေးထားသည့် နိုင်ငံများလည်း ရှိပါသည်။

- ဥပမာ နိုက်ဂျီးရီးယားနိုင်ငံ၏ ၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတစ်ခုစီတွင် ထပ်တူတူညီသော အစိုးရစနစ် တည်ထောင်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့အစည်းများကို အသေးစိတ် ဖော်ပြထားပါသည်။
- အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့အစည်းများကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ သို့သော် ပြည်နယ်များအား လွှတ်တော်တစ်ရပ်သာထားရှိလိုက ထားရှိရန်နှင့် အထက် အောက် လွှတ်တော်နှစ်ရပ်ထားရှိလိုက ထားရှိရန် ခွင့်ပြုထားသဖြင့် နယ်မြေဒေသအလိုက် အပြောင်းအလဲပြုလုပ်နိုင်မည့် အတိုင်းအတာ ထည့်သွင်းပေးထားပါသည်။

ဤဒုတိယချဉ်းကပ်ပုံမှာ တိုင်းဒေသကြီး/ပြည်နယ်များတွင် အဖွဲ့အစည်းများ မရှိသေးဘဲ ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် စတင်တည်ထောင်သည့် အခြေအနေများတွင် အသင့်တော်ဆုံးဖြစ်ပါသည်။ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး အခိုင်အမာ မတည်ဆောက်ရသေးဘဲ နယ်မြေဒေသအလိုက် လုပ်ဆောင်လာကြသည့်အပေါ် အားထားခြင်းထက် အဖွဲ့အစည်းစနစ်ပုံစံများကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်းက ပိုမိုအန္တရာယ်ကင်းရှင်းသည့် အခြေအနေများတွင်လည်း သင့်တော်ပါသည်။ ယင်းသို့သော ဖြစ်ရပ်များတွင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံ

အခြေခံဥပဒေသည် အဆင့်အားလုံးတွင် ဒီမိုကရေစီ ကျင့်သုံးရေး အာမခံချက်ပေးသည့်အနေဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

*တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများကို အထူးဥပဒေများဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ထိန်းချုပ်ခြင်း* - တတိယစီစဉ်ပုံနည်းလမ်းမှာ တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများကို အထူးဥပဒေပြဋ္ဌာန်းလျက် စည်းမျဉ်းထိန်းချုပ်ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီအကြား ညှိနှိုင်းဆွေးနွေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေများ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဤသို့ ပူးတွဲဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ထုံးလုပ်နည်းအရ တိုင်းဒေသကြီး/ပြည်နယ်များသည် မိမိတို့၏ အဖွဲ့အစည်းစနစ်များကိုစီစဉ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး ပြည်ထောင်စုအဆင့်အနေဖြင့်လည်း ယင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအား ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြဋ္ဌာန်းခွင့်ပြုခြင်းနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တစ်ပုံစံတည်း အဖွဲ့အစည်းများ စုဖွဲ့ပုံသတ်မှတ်ပြဋ္ဌာန်းပေးခြင်းအကြား အလယ်အလတ်လမ်းကြောင်းဟု ယူဆနိုင်ပါသည်။ ဤအစီအစဉ်မှာစစ်မှန်သော ဖက်ဒရယ်စနစ်များမှာထက် နယ်မြေဒေသအလိုက် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဖက်ဒရယ်တစ်ပိုင်း နိုင်ငံများတွင် ပိုမို၍အတွေ့ရများပါသည် (အပိုင်း ၉)။

- စပိန်နိုင်ငံတွင် ကိုင်ပိုင်အုပ်ချုပ်သော အသိုက်အဝန်းများ တည်ထောင်သည့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေများ' ('Statutes of Autonomy') သည် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၊ သာမန်ဥပဒေအထက် အဆင့်အတန်းရှိပါသည်။ ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုက်အဝန်းတို့က သဘောတူညီမှသာ ယင်းတို့ကို ပြင်ဆင်ပြောင်းလဲခွင့် ရှိပါသည်။ စပိန်နိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေများသည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ကိုရွေးကောက်တင်မြှောက်ခြင်း၊ အားလုံးမဲပေးခွင့်ရှိခြင်း၊ ပြည်နယ် ဝန်ကြီးချုပ်ကို လွှတ်တော်က မဲဖြင့်ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်နယ်လွှတ်တော်ကို တာဝန်ခံရမည့် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းအပါအဝင် ဒီမိုကရေစီအခြေခံမှုများနှင့်လည်းကောင်း၊ သီးခြားလွတ်လပ်သော တရားစီရင်ရေးကဏ္ဍ ဖြစ်စေရေး စည်းမျဉ်းများနှင့်လည်းကောင်း ကိုက်ညီရမည်ဟုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ (စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၂)
- အီတလီနိုင်ငံတွင် ပြည်နယ်အဆင့် အဖွဲ့အစည်းများကို အထူးဥပဒေများဖြင့် သတ်မှတ်ပေးထားပါသည်။ ယင်းအထူးဥပဒေများသည် 'ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရပုံစံနှင့် ပြည်နယ်စုဖွဲ့ပုံအခြေခံမှုများကိုလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံကိုလည်းကောင်း ချမှတ်ပြဋ္ဌာန်းပေးရပါသည်။' (အီတလီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၃)။ ယင်းအထူးဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် ပြည်ထောင်စုလွှတ်တော်သည် တိုက်ရိုက်အခန်းကဏ္ဍ ပါဝင်ခြင်းမရှိပါ။ သို့ရာတွင် အထူးဥပဒေတစ်ရပ်သည် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခြင်းမရှိကြောင်းအတည်ပြုရန် ပြည်ထောင်စုအစိုးရက ယင်းအထူးဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသို့ တင်ပို့နိုင်ပါသည်။

# အခွန်ဘဏ္ဍာနှင့်ဆိုင်သော ဖက်ဒရယ်စနစ် Fiscal Federalism

## (က) အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေကြေးခွဲဝေခြင်း

ဤဖက်ဒရယ်စနစ် လမ်းညွှန်စာစောင်တွင် မတူညီသော အခွန်စနစ်အသီးသီး၏ စီးပွားရေးအပေါ် သက်ရောက်မှုများ၊ အားသာချက်များနှင့် အားနည်းချက်များကို ဖော်ပြနိုင်မည်မဟုတ်ပါ။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ စီစဉ်ရေးဆွဲသူများအနေဖြင့် အဓိကထည့်သွင်းစဉ်းစားရမည့်အချက်မှာ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ၎င်းတို့ကိုယ်ပိုင် အခွန်ကောက်ခံနိုင်သည့် နယ်ပယ်နှင့် အခွန်ဘဏ္ဍာကောက်ခံနိုင်သည့် လုပ်ပိုင်ခွင့်အာဏာများ မည်သည့်အတိုင်းအတာအထိ ရှိသင့်သနည်းဟူသော အချက်ဖြစ်ပါသည်။ ဥပဒေပြုအာဏာများကို မည်သို့ပင် ခွဲဝေထားသည်ဖြစ်စေ လက်တွေ့တွင် ဗဟိုချုပ်ကိုင်မှုအဆင့် သို့မဟုတ် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် အဆင့်ကို ဘဏ္ဍာငွေကြေးခွဲဝေမှုက အဓိကကျကျ အဆုံးအဖြတ်ပေးနိုင်ပါသည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်အာဏာကို ဗဟို

ချုပ်ကိုင်မှု ထိရောက်စွာ လျှော့ချလိုပါက တိုင်းဒေသကြီး/ပြည်နယ် အာဏာပိုင်များအား လုံလောက်သော အရင်းအမြစ်များရရှိစေသည့် ရန်ပုံငွေ ဖြည့်ဆည်းပေးရေး အစီအစဉ်များ ခိုင်မာစွာချမှတ်ထားရန်နှင့် ယင်းအရင်းအမြစ်များကို ခွဲဝေသုံးစွဲရာတွင် ကိုယ်တိုင်ဆုံးဖြတ်ခွင့် အလုံအလောက် ပေးအပ်ထားရန် လိုအပ်ပါသည်။

*အပြည့်အဝ ဘဏ္ဍာရေးကိုယ်ပိုင်အုပ်ချုပ်ခွင့်* - အပြည့်အဝ ဘဏ္ဍာရေးကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များသည် အခွန်ကောက်ခံမှုများ၊ အခကြေးငွေကောက်ခံမှုများ၊ ချေးငွေရယူခြင်းများဖြင့် တိုင်းဒေသကြီး/ပြည်နယ်၏ ဘဏ္ဍာငွေကြေး အရင်းအမြစ်အားလုံးကို ၎င်းတို့ကိုယ်တိုင်ကောက်ခံရယူပြီး မိမိတို့ဘတ်ဂျက်ဖြင့် အုပ်ချုပ်မှုကုန်ကျစရိတ်များ၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်းများအတွက် ကျခံသော အစီအစဉ်ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရတွင် အခွန်ကောက်ခံသည့် လုပ်ပိုင်ခွင့်အာဏာမရှိဘဲ တိုင်းဒေသကြီး/ပြည်နယ်အားလုံးအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကိုကျခံနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များက ဖက်ဒရယ်အစိုးရသို့ ဘဏ္ဍာငွေကြေးပေးအပ်ရပါသည်။ ပေးအပ်ရမည့် ဘဏ္ဍာငွေကြေးပမာဏကို လူဦးရေပေါ် အခြေခံ၍ ဖြစ်စေ၊ အခြားတွက်ချက်နည်းဖြင့်ဖြစ်စေ သတ်မှတ်ပါသည်။ ယင်းတွက်ချက်နည်းကို ဖက်ဒရယ်အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ရံဖန်ရံခါ သဘောတူညီလျက် ဖြစ်စေ၊ ဖက်ဒရယ်အစိုးရက သတ်မှတ်လျက်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားနိုင်ပါသည်။ သို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသည် ဘဏ္ဍာရေးလွတ်လပ်မှုနှင့် ပြည်သူလူထုအပေါ် တာဝန်ခံရမှုအမြင့်ဆုံးအဆင့် ရှိမည်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ဩဇာသက်ရောက်နိုင်သည့် ဘဏ္ဍာရေးထိန်းကျောင်းမှုနည်းလမ်းများကိုလည်း ကျင့်သုံးနိုင်ပါမည်။ သို့သော် ထိခိုက်နိုင်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ (၁) အခွန်ကောက်ခံမှု ပုံစံအမျိုးမျိုး အခွန်နှုန်းထားအမျိုးမျိုး ဖြစ်ခြင်းကြောင့် စီးပွားရေးတွင်ကျယ်မှုများ (၂) အခွန်ထမ်းများက အခွန်နှုန်း အနည်းဆုံး တိုင်းဒေသကြီး/ပြည်နယ်သို့ ပြောင်းရွှေ့ကြခြင်း (tax shopping အခွန်နည်းရာသို့ ပြောင်းရွှေ့ခြင်း) နှင့် တိုင်းဒေသကြီး/ပြည်နယ် အာဏာပိုင်များက စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်နိုင်ရန် အပြိုင်အဆိုင် အခွန်နှုန်းများလျှော့ချရင်း အခွန်ဘဏ္ဍာ ကောက်ခံရရှိနိုင်စွမ်း ကျဆင်းပြီး ပြည်သူ့ဘဏ္ဍာနှင့် ပြည်သူ့ဝန်ဆောင်မှု ဖြည့်ဆည်းပေးမှုကို ပြင်းထန်စွာထိခိုက်ခြင်း (race to the bottom အနိမ့်ဆုံးအဆင့်သို့ အပြိုင်သက်ဆင်းခြင်း) (၃) တိုင်းဒေသကြီး/ပြည်နယ်များအကြား ကွာဟမှုကြီးမားလာခြင်း (၄) ဖက်ဒရယ်အစိုးရအားနည်းပြီး ဖက်ဒရယ်အဆင့် ဘဏ္ဍာငွေကြေး လိုအပ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်ဆည်းပေးရခြင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘောတူညီမှုအပေါ် အလွန်အမင်းမှီခိုနေရခြင်း စသည်တို့ အပါအဝင် ဖြစ်ပါသည်။ ယင်းအကြောင်းများကြောင့် ဖက်ဒရယ် နိုင်ငံများတွင် ဘဏ္ဍာရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝ ပေးအပ်ထားခြင်းများရှားပါးပြီး ပိုမိုလျော့ရဲသော စုဖွဲ့မှုပုံစံဖြစ်သည့် ကွန်ဖက်ဒရေးရှင်းများနှင့် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်သည့် အခြေအနေများတွင်သာ ပိုမို၍ တွေ့ရှိရပါသည်။

*အခွန်ဘဏ္ဍာကောက်ခံနိုင်သည့် လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေခြင်း* - ဖက်ဒရယ်နိုင်ငံများတွင် ကျင့်သုံးလေ့ရှိသည့် အစီအစဉ်တစ်ရပ်မှာ အချို့သောအခွန်များကို တိုင်းဒေသကြီး/ပြည်နယ်များက ကောက်ခံပြီး အချို့သော အခွန်များကို ဖက်ဒရယ်အစိုးရကကောက်ခံခြင်း ဖြစ်ပါသည်။ အခွန်ကောက်ခံသည့် လုပ်ပိုင်ခွင့်အာဏာများ ဤသို့ ခွဲဝေထားခြင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားလေ့ ရှိပါသည်။ အခွန်နည်းရာသို့ ပြောင်းရွှေ့ခြင်းနှင့် အနိမ့်ဆုံးအဆင့်သို့ အပြိုင်သက်ဆင်းခြင်းကို ရှောင်ရှားနိုင်ရန် ယေဘုယျစည်းမျဉ်းတစ်ရပ်မှာ ရွှေ့ပြောင်းနိုင်သော အရာများအပေါ် ကောက်ခံသည့် အခွန်များ (ဥပမာ ဝင်ငွေခွန်နှင့် အရင်းအနှီးမှ ရသည့် အမြတ်အစွန်းအပေါ် ကောက်ခံသည့်အခွန်)ကို ဖက်ဒရယ်အစိုးရ ကောက်ခံပါက ပိုမို သင့်တော်လေ့ရှိပါသည်။ ရွှေ့ပြောင်းနိုင်ခြင်းမရှိသော အရာများအပေါ် ကောက်ခံသည့် အခွန်များ (ဥပမာ ရောင်းခွန်နှင့် အိမ်ခြံမြေအခွန်)ကိုမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် ကောက်ခံပါက ပိုမိုသင့်တော်ပါသည်။

*ချေးငွေရယူနိုင်သည့် လုပ်ပိုင်ခွင့်အာဏာများ* - ချေးငွေရယူခြင်းသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအတွက် ဘဏ္ဍာငွေကြေးရရှိနိုင်သော အခြားနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကို ကြွေးမြီရယူခွင့်ပြုသည့် အတိုင်းအတာနှင့် ယင်းသို့သော ကြွေးမြီများကို ဖက်ဒရယ်အစိုးရက အာမခံချက်ပေးသည့် အတိုင်းအတာမှာ ဖက်ဒရယ်စနစ် တစ်ခုနှင့်တစ်ခု မတူညီကြပါ။ ချေးငွေများအတွက် ဖက်ဒရယ်အဆင့်က အာမခံ

ချက်ပေးမည်ဆိုလျှင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ဒေဝါလီမခံရစေရန် ကာကွယ်နိုင်ပါသည်။ သို့သော် ယင်းသို့ အာမခံချက်ပေးသည့် တစ်ချိန်တည်းတွင် တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်များကို ဖက်ဒရယ်အဆင့်က ကြီးကြပ်ခြင်းမရှိလျှင် ချေးငွေများကို အလွယ်တကူ ရယူသုံးစွဲသည့် စည်းကမ်းလျော့ရဲသော ချဉ်းကပ်ပုံကိုအားပေးရာ ရောက်နိုင်ပါသည်။

*ဘဏ္ဍာငွေကြေးများကို သတ်မှတ်အချိုးအတိုင်း ခွဲဝေခြင်း* - အစိုးရအဆင့်တစ်ဆင့်က အခွန်နှုန်းထား သတ်မှတ်ကောက်ခံပြီး ရရှိလာသောအခွန်ဘဏ္ဍာများကို သဘောတူညီ သတ်မှတ်ထားသော တွက်ချက်နည်းဖြင့် အစိုးရ အဆင့်နှစ်ဆင့် သို့မဟုတ် ထို့ထက်ပို၍ အကြားခွဲဝေသော အစီအစဉ် ဖြစ်ပါသည်။ ဥပမာ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဂင်ငွေခွန်များအားလုံးကို ဖက်ဒရယ်အဆင့်က သတ်မှတ်မည်ဖြစ်ကြောင်း (အထက်ဖော်ပြပါ အကြောင်း များကြောင့် ဖြစ်ပါသည်) ကောက်ခံရရှိသော ယင်းအခွန်ဘဏ္ဍာ အချို့အဂက်ကို တိုင်းဒေသကြီး/ ပြည်နယ် အာဏာပိုင်များ အသုံးပြုရန်သတ်မှတ်ကြောင်း ပြဋ္ဌာန်းထားနိုင်ပါသည်။ အခွန်ဘဏ္ဍာများကို ကောက်ခံရရှိသည့် နေရာဒေသအလိုက် ခွဲဝေနိုင်ပါသည်။ (ဆိုလိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်းမှ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာအချို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်က ရယူခွင့်ရှိပါသည်။ သို့ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား ကွာဟချက်ကြီးမားလာစေနိုင်သော်လည်း တိုင်းဒေသကြီး/ပြည်နယ်များသည် အခွန်ကောက်ခံနိုင်သည့် နယ်ပယ်ကျယ်ပြန့်စေရန် လုပ်ဆောင်ရေး ဆွဲဆောင်နိုင်ပါမည်။) သို့မဟုတ် လူဦးရေ အလိုက်ဖြစ်စေ အကဲဖြတ်ရရှိသော ဘဏ္ဍာရေးလိုအပ်ချက်များအရဖြစ်စေ ခွဲဝေနိုင်ပါသည်။ (ဤသို့ ခွဲဝေခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား တန်းတူညီမျှမှု ရှိစေမည် ဖြစ်ပါသည်။)

*ဖက်ဒရယ်အဆင့်မှ ထောက်ပံ့ငွေများနှင့် ချေးငွေများထုတ်ပေးခြင်း* - တိုင်းဒေသကြီး/ပြည်နယ်များ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် လုံလောက်သော အခွန်ဘဏ္ဍာကို တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှ မရရှိပါက ပြင်ပမှ ဘဏ္ဍာငွေကြေး အရင်းအမြစ်များအပေါ် မှီခိုအားထားရပါမည်။ အထူးသဖြင့် ဖက်ဒရယ်အစိုးရကို အားကိုး ရပါမည်။ ယင်းသို့ မှီခိုအားထားရသောအခါ ဖက်ဒရယ်အဆင့်မှ ထောက်ပံ့ငွေများ သို့မဟုတ် ချေးငွေများမှာ စည်းနှောင်မှုရှိသော သတ်မှတ်ချက်များ ပါရှိလာတတ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်နိုင်မှု အကန့်အသတ် ဖြစ်နိုင်ပါသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုတွင် ဖက်ဒရယ်အစိုးရသည် သတ်မှတ်ချက်ပါရှိသည့် ထောက်ပံ့ငွေများ (conditional grants) ကို အသုံးပြုလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတိအကျ အဓိပ္ပာယ်ကောက် ယူလျှင် ပြည်နယ်များအတွက် သီးခြားသတ်မှတ်ပေးထားသော ပညာရေး၊ လမ်းများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက် မှုကဲ့သို့သော နယ်ပယ်များတွင် ဖက်ဒရယ်အဆင့်မှ ထိန်းချုပ်မှုတိုးချဲ့ရယူလာခြင်းများ ရှိပါသည်။ (သတ်မှတ်ချက် ပါရှိသည့် ထောက်ပံ့ငွေများ (conditional grants) ဆိုသည်မှာ ဖက်ဒရယ်လွှတ်တော်က ချမှတ်သည့် ဥပဒေပြု မှုဘောင်နှင့်အညီ ပြည်နယ်များက လုပ်ဆောင်မှသာ လုပ်ငန်းအစီအစဉ်တစ်ရပ် သို့မဟုတ် မူဂါဒတစ်ရပ်အတွက် ပြည်နယ်များကို ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။) အချို့နိုင်ငံများ (ဥပမာ နိုက်ဂျီးရီးယား) တွင် ပြည်ထောင်စုအဆင့်လွှတ်တော်ကဖက်ဒရယ်ထောက်ပံ့ငွေများသို့မဟုတ်ချေးငွေများဖြင့်ဘဏ္ဍာငွေကြေးသုံးစွဲနိုင်ရန် ဖြည့်ဆည်းပေးခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းထည့်သွင်းပြဋ္ဌာန်းလျက်အသိအမှတ်ပြုထားပါသည်။ အချို့နိုင်ငံများ (ဥပမာ ဘယ်ဂျီယမ်) တွင်မူ ယင်းနည်းလမ်းဖြင့် ဘဏ္ဍာငွေကြေးသုံးစွဲခြင်းကို တရားရုံးများ၏ စီရင် ဆုံးဖြတ်ချက်ဖြင့် ကန့်သတ်ထားပါသည် (Anderson 2008: 38)။

## (ခ) အဖွဲ့အစည်းများကို ပြောင်းလွယ်ပြင်လွယ်ရှိစေရန် စုဖွဲ့ထားခြင်း - ဘဏ္ဍာရေးကော်မရှင်များ

ဘဏ္ဍာငွေကြေး ခွဲဝေခြင်း သို့မဟုတ် အခွန်ကောက်ခံနိုင်သည့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်းအပေါ် သဘောမတူညီနိုင်မှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွေးနွေးညှိနှိုင်းရာတွင် မပြီးပြတ်နိုင် ဖြစ်တတ်ပါသည်။ အခက်အခဲဖြစ်ရခြင်းမှာ တစ်စိတ်တစ်ဒေသအားဖြင့် ယင်းသို့ ညှိနှိုင်းဆွေးနွေးခြင်းများသည် တစ်ဖက်က နစ်နာမှ အခြားတစ်ဖက်ကအမြတ်ရရှိသည်(zero-sum)ဟုထင်မြင်ယူဆရခြင်းကြောင့်ဖြစ်ပါသည်။တိုင်းဒေသကြီး/ပြည်နယ် များသို့ ငွေတစ်ကျပ် ပေးအပ်လိုက်တိုင်း ဖက်ဒရယ်အာဏာပိုင်များက ယင်းငွေတစ်ကျပ်ကို မရရှိတော့ခြင်း ဖြစ်ပါ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်း သဘောတူညီမှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းသဘော

တူညီချက်များ၏ ကာလရှည်ထွက်ပေါ်ရလဒ်ကိုလည်း ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ ဖြစ်တတ်ပါသည်။ ဥပမာ ရေနံအများအပြားထွက်ရှိမည်ဟု ယူဆလျက် သဘောတူညီချက်များရရှိခဲ့လျှင် ရေနံမှဘဏ္ဍာငွေကြေးများ ပုံမှန်ရရှိနေသရွေ့ သဘောတူညီချက်များမှာ တည်တံ့နိုင်သော်လည်း ရေနံဈေးနှုန်းများ အများအပြား ကျဆင်းသောအခါ သို့မဟုတ် ရေနံထွက်ရှိမှု လျော့နည်းကျဆင်းသွားသောအခါ ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ပေါ်လာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ အလွယ်တကူ ထွက်ပေါက်မရှိဘဲ ဖြစ်နိုင်ပါသည်။

ဖြေရှင်းချက်တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘဏ္ဍာရေးအစီအစဉ်များတွင် အတိုင်းအတာ တစ်ခုအထိ ပြောင်းလွယ်ပြင်လွယ်ရှိစေရေး စီမံထားခြင်းဖြစ်ပါသည်။ ဘဏ္ဍာရေးညှိနှိုင်းဆွေးနွေးမှုရလဒ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမထားဘဲ ရံဖန်ရံခါ ပြန်လည်ညှိနှိုင်းဆွေးနွေးနိုင်စေရန် ဖြစ်ပါသည်။ ဥပမာ အိန္ဒိယနိုင်ငံတွင် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းထားရှိပြီး (အပိုဒ် ၂၈၀) ငါးနှစ်တစ်ကြိမ် ခန့်အပ်လျက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များအကြား အချို့သော အခွန်ဘဏ္ဍာများ ခွဲဝေခြင်းနှင့်စပ်လျဉ်း၍ အကြံပေးစေခြင်းဖြစ်ပါသည်။ ပါကစ္စတန်တွင်လည်း ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ဘဏ္ဍာရေးဝန်ကြီးများ ပါဝင်သည့် အလားတူ အမျိုးသားဘဏ္ဍာရေးကော်မရှင် ရှိပါသည် (ပိုဒ်မ ၁၆၀)။

# ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးအပေါ် လွှမ်းခြုံသက်ရောက်မှု

ဖက်ဒရယ်စနစ်ကျင့်သုံးရန် ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုံစံတစ်ရပ်လုံး၏ပုံသဏ္ဌာန်ကိုသတ်မှတ်ဆုံးဖြတ်ပေးမည် ဖြစ်ပါသည်။ ဥပဒေပြုရေးကဏ္ဍဖွဲ့စည်းပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်နှင့် အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေစီစဉ်ပုံ အပိုင်းကဏ္ဍများအပေါ် သက်ရောက်မှုရှိပါသည်။ လူမျိုးအများနေထိုင်သော လူ့အဖွဲ့အစည်းတွင် မတူကွဲပြားမှုကို တုံ့ပြန်သည့်အနေဖြင့် ဖက်ဒရယ်စနစ်ကို အဓိကအားဖြင့် ကျင့်သုံးသော အခြေအနေများတွင် နယ်မြေဒေသအလိုက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဖက်ဒရယ်စနစ်တွင် အလေးအနက် လုပ်ဆောင်ခြင်းကို သီးခြားစဉ်းစား၍ ဖြစ်နိုင်မည်မဟုတ်ဘဲ ဘာသာစကား၊ ယုံကြည်ကိုးကွယ်သော ဘာသာနှင့် လူနည်းစုကိုယ်စားပြုမှုကဲ့သို့သော ကိစ္စရပ်များအပါအဝင် ရပ်ရွာအသိုက်အဝန်းများအကြား ညှိနှိုင်းပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအားလုံးနှင့် ဆက်စပ်လျက်သာလျှင် စဉ်းစားရပါမည်။

## (က) ဖွဲ့စည်းပုံအခြေခံဥပဒေက လွှမ်းမိုးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးစည်းမျဉ်းများ

**ဖွဲ့စည်းပုံအခြေခံဥပဒေက လွှမ်းမိုးခြင်း (Constitutional supremacy)** (တရားစီရင်ရေး အပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် သာမန် ဥပဒေများ၏ အထက်တွင် ရှိခြင်း)နှင့် **ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခိုင်အမာတည်ရှိမှု (constitutional entrenchment)** (သာမန်ဥပဒေများကို ပြင်ဆင်ရန်ထက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ပိုမိုခက်ခဲခြင်း) တို့ကို ဖက်ဒရယ်စနစ်တွင် အမြဲတစေ တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက လွှမ်းမိုးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခိုင်အမာ တည်ရှိမှုတို့သည် တိုင်းဒေသကြီး/ပြည်နယ်များကို ၎င်းတို့၏ တည်ရှိမှု၊ အဆင့်နှင့် လုပ်ပိုင်ခွင့်အာဏာများကို အသိအမှတ်ပြုကြောင်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုကို အလေးဂရုပြုကြောင်း အာမခံချက်ပေးပါသည်။ ယင်းအာမခံချက်များကို ချိုးဖောက်ပါက တိုင်းဒေသကြီး/ပြည်နယ်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးသို့ စွဲတင်နိုင်ပါသည်။ ယင်းသို့ အကာအကွယ်ပေးထားခြင်း မရှိပါက ဗဟိုအဆင့် လွှတ်တော်မှ လုပ်ပိုင်ခွင့်အာဏာများကို တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသော်လည်း (အပိုင်း ၉ ကို ကြည့်ပါ) စစ်မှန်သော ဖက်ဒရယ်သဘောဆောင်သည့် အချုပ်အခြာအာဏာကို ခွဲဝေပေးခြင်းမရှိနိုင်ပါ။ ဗဟိုအဆင့်မှ အများစုဖြစ်နေချိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရှင်းလင်းစွာ အာမခံချက်ပေးနိုင်မည် မဟုတ်ပါ။

ဖက်ဒရယ်နိုင်ငံတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘောတူညီမှု မပါရှိဘဲ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုကို အပြောင်းအလဲတစ်စုံတစ်ရာ မပြုလုပ်နိုင်စေရေးတားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် လုပ်ငန်းစဉ်ကို စီစဉ်ထားရနိုင်ပါသည်။

- ဩစတြေးလျတွင် ပြည်နယ်များစုဖွဲ့လျက် ဖက်ဒရယ်နိုင်ငံ တည်ထောင်ထားခြင်း ဖြစ်ပါသည်။ နိုင်ငံတော်စုဖွဲ့ပုံ၏ ဖက်ဒရယ်သဘောသဘာဝကို ထင်ဟပ်ပါသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေး လုပ်ငန်းစဉ်ဖြင့် အချုပ်အခြာအာဏာကို ဩစတြေးလျ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်တစ်ခုစီမှ ပြည်နယ်သူ ပြည်နယ်သားများအကြား မျှဝေထားပါသည်။ ဩစတြေးလျဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက တစ်နိုင်ငံလုံးလူများစုမဲသာမက ပြည်နယ် ၆ ပြည်နယ်အနက် အနည်းဆုံး ၄ ပြည်နယ်မှ လူများစုမဲဖြင့် အတည်ပြုရပါသည်။

- အချို့နိုင်ငံများတွင် အဆိုပြုထားသော ပြင်ဆင်ချက်သည် တိုင်းဒေသကြီး/ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများ သို့မဟုတ် စီရင်ပိုင်ခွင့်နယ်ပယ်နှင့် သက်ဆိုင်မှသာ သို့မဟုတ် ဖက်ဒရယ် အစီအမံတွင် အခရာဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံ အပိုင်းများနှင့် သက်ဆိုင်မှသာ ယင်းတိုင်းဒေသကြီး/ပြည်နယ်များက အခန်းကဏ္ဍ ပါဝင်နိုင်ပါသည်။ ဥပမာ အိန္ဒိယနိုင်ငံတွင် ဗဟိုအဆင့် အထက်အောက်လွှတ်တော်နှစ်ရပ်လုံးတွင် သုံးပုံနှစ်ပုံ မဲအများစုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ပါသည်။ သို့သော် ပြင်ဆင်ချက်များသည် ဗဟိုအစိုးရနှင့် ပြည်နယ်များအကြား လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း၊ ဗဟိုအဆင့်လွှတ်တော်တွင် ပြည်နယ်များ၏ ကိုယ်စားလှယ်များ ပါဝင်မှု၊ တရားစီရင်ရေးကဏ္ဍနှင့် အခြားသတ်မှတ်ထားသော ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ပါက ယင်းပြင်ဆင်ချက်များကို ပြည်နယ် လွှတ်တော်များတွင်လည်း မဲအများစုဖြင့် အတည်ပြုရပါမည်။

- အချို့ဖြစ်ရပ်များတွင် အားလုံးသဘောတူညီမှု စည်းမျဉ်းကိုလိုက်နာရန် ဖြစ်ပါသည်။ ကနေဒါနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယေဘုယျ ပြင်ဆင်ရေး နည်းလမ်းကို ပြဋ္ဌာန်းထားပါသည်။ ပြည်နယ်များအနက် သုံးပုံနှစ်ပုံ၏ လွှတ်တော်များက ပြင်ဆင်ချက်များကို အတည်ပြုရပါမည်။ ယင်းပြည်နယ်များတွင် နေထိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၀% ထက် မနည်းစေရပါ။ ဤစည်းမျဉ်းကို သတ်မှတ်ထားရခြင်းမှာ လူဦးရေ အထူထပ်ဆုံး ပြည်နယ်နှစ်ခုဖြစ်သော အွန်တာရီယိုနှင့် ကွီဘက်တို့က ပြင်ဆင်ချက်အများစုကို ပယ်ချနိုင်သည့် အခြေအနေကြောင့် ဖြစ်ပါသည်။ (အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာကို ရုံးသုံးဘာသာစကား သတ်မှတ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စုဖွဲ့ပုံတို့နှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက်များ အပါအဝင်) သတ်မှတ်ထားသည့် အချို့ ပြင်ဆင်ချက်များအတွက်မူ ပြည်နယ်အားလုံးက သဘောတူညီရန် လိုအပ်ပါသည်။ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် အခွင့်အရေးများကို အတိအကျ ထုတ်ဖော်ကန့်သတ်သည့် ပြင်ဆင်ချက်များကိုမူ ယင်းပြင်ဆင်ချက်ကို အတည်ပြုသော ပြည်နယ်များအတွက်သာ အကျုံးဝင်စေပါသည်။ ပြည်နယ်တစ်ခုအနေဖြင့် အခွင့်အရေးများကို ကာကွယ်နိုင်ရန် ပြင်ဆင်ချက်တွင် မပါဝင်ဘဲ နေနိုင်သည့် အခွင့်အလမ်းပေးထားပါသည်။

- ဖက်ဒရယ်စနစ်မူမှာ ပြင်ဆင်၍မရသော ပြဋ္ဌာန်းချက် ဖြစ်နိုင်ပါသည်။ ထာဝရပြဋ္ဌာန်းချက်အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည် (ဥပမာ ဂျာမနီနိုင်ငံ)။ ဖက်ဒရယ်စနစ်သည် နိုင်ငံရေးစနစ် အခြေခံစုဖွဲ့ပုံတွင် မရှိမဖြစ် အနှစ်သာရသွင်ပြင်လက္ခဏာဖြစ်ပြီး မူအားဖြင့် ပြင်ဆင်နိုင်သော လုပ်ပိုင်ခွင့်အာဏာ၏ ပြင်ပတွင်ရှိသည်ဟုလည်းတရားရုံးများကစီရင်ဆုံးဖြတ်နိုင်ပါသည်(ဥပမာအိန္ဒိယနိုင်ငံ)။နောက်ထပ်လေ့လာလိုပါက International IDEA မှ ထုတ်ဝေသော (ဤစာစဉ်တွင် ပါဝင်သည့်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း လမ်းညွှန်စာစောင်ကို လေ့လာနိုင်ပါသည်။

### (ခ) ပြည်ထောင်စုအဆင့် ဥပဒေပြုရေးနှင့် မူဝါဒရေးဆွဲချမှတ်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ်များ ပါဝင်ဆောင်ရွက်ခြင်း

မတူကွဲပြားသော လူ့ဘောင်အဖွဲ့အစည်းများကို မပြိုကွဲစေရန် ထိန်းသိမ်းရ၍ မက်ခရို Macro အဆင့် လုပ်ပိုင်ခွင့်များ ခွဲဝေပေးခြင်း macro-devolution (ကိုယ်ပိုင်အုပ်ချုပ်ခြင်း **self-government**)၊ ၎င်းနှင့် ဆက်စပ်လျက် ကိုယ်ပိုင်အုပ်ချုပ်ရေး autonomy ပေးခြင်းတို့ကို ပြည်ထောင်စုအဆင့် သို့မဟုတ် ဖက်ဒရယ်အဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်များကို အသိအမှတ်ပြုခြင်းနှင့် ပါဝင်ခွင့်ပြုခြင်းကို အားပေးမြှင့်တင်ရန် ရည်ရွယ်သော အဖွဲ့အစည်းစနစ်များ တည်ထောင်ခြင်း (အတူတကွ ပူးပေါင်းအုပ်ချုပ်ခြင်း **shared government**) နှင့် တွဲဖက်ဆောင်ရွက်လေ့ရှိပါသည်။ များသောအားဖြင့် အထက်အောက် လွှတ်တော် နှစ်ရပ်အနက် အထက်လွှတ်တော်ဖြင့် ဆောင်ရွက်ပါသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း (အာဂျင်တီးနား၊ ဩစတြေးလျ၊ ကင်ညာ) သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ခန့်အပ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခြင်း (ဩစတြီးယား၊ ဂျာမနီ၊ ပါကစ္စတန်) သို့မဟုတ် ယင်းနည်းလမ်းများကို ပေါင်းစပ်အသုံးပြုခြင်း (စပိန်) တို့ ဖြစ်ပါသည်။

အထက်လွှတ်တော် ဖွဲ့စည်းတည်ထောင်ရာတွင် နည်းလမ်းအမျိုးမျိုး ရှိပါသည်။ အထက်လွှတ်တော်၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်အာဏာများလည်း အမျိုးမျိုးရှိပါသည်။ နောက်ထပ်လေ့လာလိုပါက International IDEA မှ ထုတ်ဝေသော (ဤစာစဉ်တွင် ပါဝင်သည့်) အထက်အောက် လွှတ်တော်နှစ်ရပ်ထားရှိခြင်း လမ်းညွှန်စာစောင်ကို လေ့လာနိုင်ပါသည်။

အထက်လွှတ်တော်သည် တိုင်းဒေသကြီး/ပြည်နယ်များ ကိုယ်စားပြုပါဝင်စေရေးအတွက် နည်းလမ်းတစ်ရပ်အဖြစ် အသုံးဝင်သော်လည်း အစိုးရအဆင့်အသီးသီးအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးအတွက် ထိရောက်သော အဖွဲ့အစည်းမဟုတ်ပါ။ (တိုင်းဒေသကြီး/ပြည်နယ်များက အထက်လွှတ်တော်တွင် တိုက်ရိုက်ပါဝင်နေလျှင်မူ ထိရောက်မှုရှိနိုင်သည့်အတွက် ခြွင်းချက်ပြုရပါမည်။ ဥပမာ ဂျာမနီအထက်လွှတ်တော် Bundesrat ဖြစ်ပါသည်။) အစိုးရအဆင့် အသီးသီးအကြား ပိုမိုကောင်းမွန်သော တိုင်ပင်ဆွေးနွေးမှုနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အခြားအစီအမံများကို တည်ထောင်ထားကြပါသည်။

- ဥပမာ ကနေဒါနိုင်ငံတွင် ဝန်ကြီးချုပ်များဆွေးနွေးပွဲ ရှိပါသည်။ ယင်းဆွေးနွေးပွဲတွင် ကနေဒါဝန်ကြီးချုပ်နှင့် ကနေဒါပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြပါသည်။ ဝန်ကြီးချုပ်များ ဆွေးနွေးပွဲကျင်းပရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါ။ ပုံမှန် လုပ်ရိုးလုပ်စဉ်အဖြစ်ကျင်းပခြင်း ဖြစ်ပါသည်။
- ပါကစ္စတန်တွင်မူ တိုင်ပင်ဆွေးနွေးရေးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး ယန္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ဘုံအကျိုးစီးပွားများကောင်စီ Council of Common Interests ထားရှိပြီး (ပုဒ်မ ၁၅၃) ဖက်ဒရယ်အဆင့်မှ ဝန်ကြီးချုပ်နှင့် ပြည်နယ်လေးခုမှ ဝန်ကြီးချုပ်များပါဝင်လျက် ဖွဲ့စည်းပါသည်။ ယင်းကောင်စီ၏ လုပ်ငန်းတာဝန်မှာ သတ်မှတ်ထားသော မူဝါဒနယ်ပယ်အသီးသီးတွင် 'မူဝါဒများ ရေးဆွဲလျက် စည်းမျဉ်းထိန်းချုပ်ပေးရန်' ဖြစ်ပါသည် (အပိုဒ် ၁၅၄)။ ၁၈ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် ဘုံအကျိုးစီးပွားများကောင်စီကို အားကောင်းစေရန် (၁) ဝန်ကြီးချုပ်သည် အာဏာရယူပြီး ရက်ပေါင်း ၃၀ အတွင်း ယင်းကောင်စီကို ဖွဲ့စည်းရမည်ဟု သတ်မှတ်ခြင်း (၂) ယင်းကောင်စီက စီရင်ဆောင်ရွက်ခွင့်ရှိသည့် မူဝါဒနယ်ပယ်များကို တိုးချဲ့ခြင်း (၃) ကောင်စီအစည်းအဝေးများကို အနည်းဆုံးရက်ပေါင်း ၉၀လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရန် သတ်မှတ်ခြင်း (၄) ပြည်နယ်ဝန်ကြီးချုပ်များအား ကောင်စီအစည်းအဝေးခေါ်ယူရေး တောင်းခံခွင့်ပေးခြင်း (၅) ကောင်စီ၏ လုပ်ဆောင်ချက်များကို လွှတ်တော်သို့နှစ်စဉ် အစီရင်ခံစာတင်သွင်းရန် သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- တောင်အာဖရိကတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အာဏာပိုင်များနှင့် ဒေသန္တရအာဏာပိုင်များသည် 'သီးခြားစီဖြစ်သော်လည်း အပြန်အလှန်မှီခိုပြီး အပြန်အလှန် ဆက်စပ်နေသော' မိမိတို့၏လုပ်ပိုင်ခွင့်

နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည် (အပိုဒ် ၄၀ နှင့် ၄၁)။ အဆင့်အားလုံးရှိ အာဏာပိုင်များအားလည်း ပူးပေါင်းဆောင်ရွက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှုနှင့် ကောင်းမွန်သော အစိုးရဖြစ်ရေး စံနှုန်းများအတိုင်း ကိုက်ညီစေရန် သတ်မှတ်ထားပါသည်။

**စဉ်းစားရန်အချက်** - ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် အဓိကရည်ရွယ်ချက်မှာ တိုင်းရင်းသား၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးအုပ်စုများကို အသိအမှတ်ပြုရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းသူများအနေဖြင့် ဗဟိုအဆင့်တွင် အများပါဝင်နိုင်ရေး ပြဋ္ဌာန်းချက်များဖြင့် ယင်းဦးတည်ချက်များကို မည်သို့ဟန်ချက်ညီစေလျက် ပံ့ပိုးပေးနိုင်ကြောင်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် အများပါဝင်မှုအကြား အတိုးအလျှော့ ညှိနှိုင်းနိုင်မည့် အတိုင်းအတာ မည်မျှရှိပါသနည်း။ ရပ်ရွာအသိုက်အဝန်းများအား လုပ်ပိုင်ခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ချပေးခြင်း သို့မဟုတ် ဗဟိုအစိုးရတွင် ယင်းရပ်ရွာအသိုက်အဝန်းများ ပါဝင်နိုင်စေခြင်း မည်သည်က ပိုမို၍အရေးကြီးပါသနည်း။

## (ဂ) အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ

*အုပ်ချုပ်ရေးအဖွဲ့အစည်းများ* - လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှု သို့မဟုတ် ကိုယ်ပိုင်စရိုက်လက္ခဏာ ကွဲပြားမှုကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါက ဗဟိုအဆင့်အဖွဲ့အစည်းများတွင် လူ့အဖွဲ့အစည်းအတွင်းမှ သီးခြားအုပ်စုအသီးသီးအတွက် အခြားပါဝင်စေမှုပုံစံများ ထည့်သွင်းဖွဲ့စည်းနိုင်ပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဥပဒေပြုလွှတ်တော်တို့တွင်လည်း ထည့်သွင်းဖွဲ့စည်းနိုင်ပါသည်။

- ဘယ်ဂျီယမ်နိုင်ငံတွင် အစိုးရအဖွဲ့၌ ပြင်သစ်စကားပြောသူများနှင့် ဒတ်ချ်စကားပြောသူများ အရေအတွက် တူညီစွာ ပါဝင်ဖွဲ့စည်းရပါသည်။

- ဆွစ်ဇာလန်တွင် ၇ ဦးပါဝင်သော အမှုဆောင်ကောင်စီဝင်များသည် အလှည့်ကျ သမ္မတတာဝန်ကို ထမ်းဆောင်ကြပါသည်။ အစဉ်အလာ လုပ်ထုံးလုပ်နည်းအရ (သို့သော် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါ) အမှုဆောင်ကောင်စီဝင်များအနက် ပြင်သစ်ဘာသာစကား အသုံးပြုသောပြည်နယ်များ၊ ဂျာမန်ဘာသာစကားအသုံးပြုသော ပြည်နယ်များနှင့် အီတလီဘာသာစကား အသုံးပြုသော ပြည်နယ်များမှ အရေအတွက် ဟန်ချက်ညီစွာ ပါဝင်စေပါသည်။

- နိုက်ဂျီးရီးယားတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရရန်အတွက် သမ္မတလောင်းသည် မဲအများဆုံးရရှိရုံမျှမက ပြည်နယ် ၃၆ ပြည်နယ်အနက် သုံးပုံနှစ်ပုံတွင် ဆန္ဒမဲအရေအတွက်၏ ၂၅% ထက် မနည်း ရရှိရန် သတ်မှတ်ပါသည် (နိုက်ဂျီးရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၉၉ ခုနှစ်၊ ပုဒ်မ ၁၃၃)။ ဤစည်းမျဉ်းမှာ ကွဲပြားမှုဖြစ်စေသော သမ္မတလောင်းများ အလွယ်တကူ ရွေးကောက်တင်မြှောက်ခံရခြင်း မရှိစေရန် စီစဉ်ထားခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေးတွင် မတူညီသော တိုင်းရင်းသားအသိုက်အဝန်းများနှင့် ဘာသာရေးအသိုက်အဝန်းများ ပါဝင်လာခြင်းကို အားပေးမြှင့်တင်ရန် ရည်ရွယ်ပါသည်။

*တရားစီရင်ရေးအဖွဲ့အစည်းများ* - ဖက်ဒရယ်နိုင်ငံတွင် တရားစီရင်ရေးအပိုင်းအနေဖြင့် အစိုးရအဆင့်အသီးသီးအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရတတ်ပါသည်။ အစိုးရအဆင့်အသီးသီး၏ လုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်များကိုလည်း ဆုံးဖြတ်ပေးရတတ်ပါသည်။ ထိုအခါ တရားစီရင်ရေးစနစ်တွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးတွင် အထူးတာဝန်ရှိလာပါသည်။ သီးခြားလွတ်လပ်မှု၊ ဘက်မလိုက်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု နာမည်ကောင်း အထူးတလည် ခိုင်မာရန်လိုအပ်ပါသည်။ ယဉ်ကျေးမှု မတူကွဲပြားမှုကြောင့် ဖက်ဒရယ်စနစ် ကျင့်သုံးသောနိုင်ငံများတွင် တရားရုံး တရားသူကြီးများအကြား အသိုက်အဝန်းအသီးသီးမှပါဝင်စေရန် သို့မဟုတ် တရားစီရင်ရေးပိုင်း ရာထူးတာဝန်များ ခန့်အပ်သည့် လုပ်ငန်းစဉ်တွင် ဟန်ချက်ညီစွာ ပါဝင်စေရန်လိုအပ်ပါသည်။ ဥပမာ ကနေဒါနိုင်ငံတွင် ပြည်ထောင်စုတရား

လွှတ်တော်ချုပ် တရားသူကြီးသုံးပုံတစ်ပုံကို ကွိဘက်ပြည်နယ်မှ ခန့်အပ်ရန်သတ်မှတ်ထားပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးတွင် တရားသူကြီးများ ပါဝင်ဖွဲ့စည်းမှုကို နောက်ထပ်လေ့လာလိုပါက International IDEA မှ ထုတ်ဝေသော (ဤစာစဥ်တွင် ပါဝင်သည့်) တရားစီရင်ရေးပိုင်းရာထူးတာဝန်ခန့်အပ်ခြင်း လမ်းညွှန်စာစောင်ကို လေ့လာနိုင်ပါသည်။

## (ဃ) စိစစ်ခြင်း ကြီးကြပ်ခြင်းနှင့် စတုတ္ထမဏ္ဍိုင် အင်စတီကျူးရှင်းများ

ထိရောက်သော ဒီမိုကရေစီစနစ်ဖြစ်စေရန်၊ သန့်ရှင်းပြီး တုန့်ပြန်မှုကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရန်၊ နယ်မြေဒေသအလိုက် လူတစ်စုအုပ်ချုပ်မှုမဖြစ်စေရန်နှင့် အာဏာပွဲစားများလက်သို့ အာဏာရောက်ရှိ မသွားစေရန် ထိရောက်သောဖက်ဒရယ်စနစ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ တရားစီရင်ရေးအပိုင်းနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ (ရွေးကောက်ပွဲကော်မရှင်) ကဲ့သို့သော ဗဟိုအဆင့် အဖွဲ့အစည်းများအားကောင်းရန် လိုအပ်ပါသည်။ ယင်းအဖွဲ့အစည်းများကို ပြည်ထောင်စုအဆင့် သို့မဟုတ် ဖက်ဒရယ်အဆင့်တွင် ဖွဲ့စည်းတည်ထောင်ထားရှိခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ပြီး လူတစ်ဦးချင်းအကြား တန်းတူညီမျှမှုကို အကာအကွယ်ပေးလျက် နယ်မြေဒေသအသီးသီးတွင် စုဝေးမိသော လူများစုများအနေဖြင့် လုပ်ပိုင်ခွင့်ကိုအလွဲမသုံးစေရေး ဆောင်ရွက်နိုင်ပါသည်။ ကုန်ကျစရိတ်လည်း သက်သာစေနိုင်ပါသည်။

## (င) ဖက်ဒရယ်အစိုးရက အရေးပေါ် ကြားဝင်ဆောင်ရွက်ခြင်း

ဖက်ဒရယ်စနစ်အများစုတွင် ဒီမိုကရေစီစနစ် တည်မြဲမြံစေရန်၊ လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုအခြေခံစံနှုန်းများကို ထိန်းသိမ်းရန်အလို့ငှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ အုပ်ချုပ်စီမံမှုတွင် ဖက်ဒရယ်အစိုးရအား ပါဝင်ဆောင်ရွက်ခွင့် ပြုလေ့ရှိပါသည်။ ဥပမာ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် 'ပြည်နယ်အားလုံးကို ပြင်ပကျူးကျော်မှုနှင့် ပြည်နယ်တွင်း ဆူပူနှောင့်ယှက်မှုများမှ အကာအကွယ်ပေးရန်လည်းကောင်း၊ ပြည်နယ်အားလုံးတွင် အစိုးရလုပ်ငန်းတာဝန်များကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရန်လည်းကောင်း ပြည်ထောင်စုတွင် တာဝန်ရှိစေရမည်' ဟု ပြဋ္ဌာန်းထားပါသည် (ပုဒ်မ ၃၅၅)။ ပြည်နယ် တစ်ခုသည် ဤတာဝန်လစ်ဟင်းပါက သမ္မတအနေဖြင့် ကြေညာချက်ထုတ်ပြန်ပြီး ပြည်နယ်ရှိ ဥပဒေပြုနှင့် အုပ်ချုပ်ရေးအာဏာများကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စု စိုးရသို့ အသီးသီး ယာယီလွှဲပြောင်း နိုင်ပါသည် (ပုဒ်မ ၃၅၆)။

ဤသို့သော ပြဋ္ဌာန်းချက်မျိုးထားရှိရခြင်းမှာ အကြောင်းနှစ်ရပ် ရှိပါသည်။ (၁) ဖက်ဒရယ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုတွင် ဒီမိုကရေစီ စံချိန်စံနှုန်းများကို လက်ခံနိုင်သော အတိုင်းအတာဖြင့် ထိန်းသိမ်းမထားနိုင်ပါက ဖက်ဒရယ် နိုင်ငံတစ်နိုင်ငံလုံးအပေါ် အကျိုးဆက်များ သက်ရောက်မည်ဖြစ်ပါသည်။ ဥပမာ ပြည်နယ်တစ်ခုကို အာဏာရှင်က အုပ်ချုပ်နေလျှင် ယင်းပြည်နယ်သည် ဒီမိုကရေစီကျင့်သုံးနေသော ဖက်ဒရယ်နိုင်ငံအတွင်း ပြည်နယ်တစ်ခုအနေနှင့် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်တော့မည် မဟုတ်ပါ။ (၂) ပြည်နယ်သူ ပြည်နယ်သား များတွင် ဖက်ဒရယ်အစိုးရက ထိန်းသိမ်းစောင့်ရှောက်ရမည့် အခြေခံအနစ်သာရ အခွင့်အရေးများနှင့် သင့်တော်သော လုပ်ငန်းစဉ် ဆောင်ရွက်ပေးမှုရရှိရေး အခွင့်အရေးများရှိပါသည်။ ဖက်ဒရယ်အစိုးရအနေဖြင့် ကြားဝင်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာမရှိဘဲ ယင်းအခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မည် မဟုတ်ပါ။

သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပြည်နယ်တွင်း နိုင်ငံရေးနှင့် စီမံအုပ်ချုပ်မှုတွင် ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးခြင်းဖြင့် ဖက်ဒရယ်နိုင်ငံတွင်း အာဏာခွဲဝေမှု ပျက်ပြားသွားနိုင်ပါသည်။ ဖက်ဒရယ်အစိုးရ၏ တစ်ဖက်သတ် အစီအစဉ်ဖြင့် အချိန်မရွေး မည်သည့်အကြောင်းကြောင့်မဆို တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကို ဖျက်သိမ်းခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာများကို ရုတ်သိမ်းခြင်း ပြုလုပ်နိုင်ပါက တိုင်းဒေသကြီး/ပြည်နယ် အစိုးရများတွင် စစ်မှန်သောကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိနိုင်တော့ပါ။

လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးခြင်း မပြုနိုင်စေရန်တားဆီးနိုင်မည့် နည်းလမ်းတစ်ရပ်မှာ ကြားဝင်ဆောင်ရွက်ရေးလုပ်ပိုင်ခွင့်အာဏာကို အင်စတီကျူးရှင်းအသီးသီးသို့ ခွဲဝေပေးအပ်ထားခြင်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင်

ပြည်နယ်တစ်ခု၌ 'သမ္မတက တိုက်ရိုက်အုပ်ချုပ်ခြင်း' ကို လွှတ်တော်က နှစ်လအတွင်း အတည်ပြုပေးရပါသည်။ ထို့နောက် ခြောက်လတစ်ကြိမ် ဆက်လက်အတည်ပြုပေးရန် လိုအပ်ပါသည်။ ဘရာဇီးနိုင်ငံတွင် ဖက်ဒရယ် သမ္မတသည် ပြည်နယ်တစ်ခုတွင် 'အမိန့်ဒီကရီထုတ်ပြန်ပြီး လိုက်နာစေရန် အရေးယူဆောင်ရွက်' နိုင်ပါသည် (ပုဒ်မ ၈၄)။ သို့ရာတွင် လွှတ်တော်၌ ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်ခြင်းကို 'အတည်ပြုရန်'နှင့် ဆိုင်းငံ့ရန် လုပ်ပိုင်ခွင့်အာဏာ ရှိပါသည် (ပုဒ်မ ၄၉)။ ဘရာဇီးတွင် အခြား ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများအဖြစ် အကြံပေးအဖွဲ့ (သမ္မတနိုင်ငံကောင်စီ) သည် ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ထင်မြင်ချက်ပေးခွင့်ရှိပြီး (ပုဒ်မ ၉၀) အထက်လွှတ်တော် ဥက္ကဋ္ဌတွင် ဖက်ဒရယ်အဆင့်မှ ကြားဝင်ဆောင်ရွက်နေစဉ်အတွင်း လွှတ်တော်ခေါ်ယူခွင့်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းမပြုရန် တားမြစ်ခွင့်ရှိပါသည် (ပုဒ်မ ၆၀)။

# ဖက်ဒရယ်စနစ်အစား အခြားရွေးချယ်နိုင်မည့် စနစ်များ

## (က) မက်ခရို Macro အဆင့် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အခြားပုံစံများ (ဖက်ဒရယ်တစ်ပိုင်းစနစ်)

ဖက်ဒရယ်စနစ်တွင် အားနည်းချက် အများအပြားရှိပါသည်။ နယ်မြေဒေသအလိုက် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေရန် လိုအပ်သည့်တိုင် ဖက်ဒရယ်စနစ်သည် တစ်ခုတည်းသော နည်းလမ်းမဟုတ်ပါ (အခြေအနေပေါ် မူတည်၍ အခြား ပိုမိုကောင်းမွန်သောနည်းလမ်းများလည်း ရှိနိုင်ပါသည်)။ အခြားရွေးချယ်နိုင်မည့် အဓိက နည်းလမ်း လေးရပ်ရှိပါသည်။ ကွန်ဖက်ဒရေးရှင်း ဖွဲ့စည်းခြင်း confederation၊ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးခြင်း devolution၊ နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးခြင်း regionalism နှင့် အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးခြင်း special autonomy (federacy)တို့ဖြစ်ပါသည်။

*ကွန်ဖက်ဒရေးရှင်း Confederation* - အချို့ဖြစ်ရပ်များတွင် ဖက်ဒရယ်စနစ်အစား ကွန်ဖက်ဒရေးရှင်း တည်ထောင်နိုင်ပါသည်။ (ကွန်ဖက်ဒရေးရှင်းမှာ ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များစွာ ပိုမိုရရှိပြီး နိုင်ငံခြားရေးနှင့် ကာကွယ်ရေး ကဲ့သို့သော မူဝါဒနယ်ပယ် အနည်းငယ်အတွက်သာ ဗဟိုအဆင့်က လုပ်ပိုင်ခွင့်ရှိသည့် စုဖွဲ့ပုံမတင်းကြပ်သော ပြည်ထောင်စုပုံစံတစ်မျိုး ဖြစ်ပါသည်။) အပြည့်အဝ လွတ်လပ်ရေးရယူလျှင် ဖြစ်ပေါ်လာနိုင်သည့် မတည်ငြိမ်မှုများမဖြစ်စေဘဲ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရခွင့်ပြုသည့် အတိုင်းအတာထက် ပိုလွန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရယူလိုသော ဖက်ဒရယ်စနစ်အတွင်းမှ အုပ်စုများက ကွန်ဖက်ဒရေးရှင်း ဖွဲ့စည်းတည်ထောင်ရန် တောင်းဆိုလေ့ ရှိပါသည်။ ဥပမာ ဘယ်ဂျီယမ်တွင်လည်းကောင်း၊ ကနေဒါတွင် ကွီဘက်ပြည်နယ် (Quebec) နှင့် စပ်လျဉ်း၍လည်းကောင်း ကွန်ဖက်ဒရေးရှင်း ဖွဲ့စည်းတည်ထောင်ရေး အဆိုပြုချက်များ ရှိခဲ့ပါသည်။

### ယူကေနိုင်ငံတွင် လုပ်ဆောင်သည့် Devolution ခေါ် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးခြင်း

ယူကေနိုင်ငံမှာ လေးနိုင်ငံ စုဖွဲ့ထားခြင်းဖြစ်ပါသည်။ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော နှစ်နိုင်ငံ (အင်္ဂလန်နှင့် စကော့တလန်)၊ မင်းသားအုပ်ချုပ်စားရသော နယ်တစ်နယ် (ဝေလနယ်)နှင့် ပြည်နယ်တစ်ခု (မြောက် အိုင်ယာလန်) တို့ ပါဝင်ပါသည်။ ၎င်းတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများ အသီးသီး ရှိကြပါသည်။ ယခင်က တစ်ပြည်ထောင်နိုင်ငံဖြစ်ခဲ့ပြီး ယူကေနိုင်ငံတစ်ဝန်းလုံးကို ဝက်စ်မင်စ်တာရှိ ယူကေပါလီမန်က တိုက်ရိုက်အုပ်ချုပ်ပါသည်။ ၁၉၉၇ ခုနှစ်မှစ၍ စကော့တလန်၊ ဝေလနယ်နှင့် မြောက်အိုင်ယာလန်တို့သို့ အာဏာခွဲဝေပေးသည့် လုပ်ငန်းစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ယင်းနိုင်ငံတစ်နိုင်ငံစီအတွက် သီးခြားအစီအမံများအပေါ် အခြေခံလျက် အာဏာခွဲဝေပေးခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသည့် အတိုင်းအတာ မတူညီပါ။ ယူကေနိုင်ငံတွင် စာဖြင့်ရေးသား ပြဋ္ဌာန်းထားသောဖွဲ့စည်းပုံအခြေခံဥပဒေမရှိခြင်းကြောင့် အာဏာခွဲဝေပေးအပ်ထားသော အဖွဲ့အစည်းများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်သည် ယူကေပါလီမန်၏ ဆုံးဖြတ်ချက်များအပေါ် မူတည်နေပါသည်။ မူအားဖြင့် ယူကေပါလီမန်၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် လုပ်ပိုင်ခွင့်အာဏာဟန်ချက်ညီမှုကို ပြောင်းလဲစေနိုင်ပါသည်။ သို့ရာတွင် လက်တွေ့အားဖြင့် အာဏာခွဲဝေပေးထားသော နိုင်ငံ

တစ်နိုင်ငံစီနှင့် ဗဟိုအဆင့်အာဏာပိုင်များအကြား ဆက်ဆံရေးမှာ တစ်စိတ်တစ်ပိုင်း တရားဝင် သတ်မှတ်ထားသည့် နှစ်ဘက်ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖော်ဆောင်ပါသည်။

*အာဏာခွဲဝေပေးခြင်း Devolution* - အာဏာခွဲဝေပေးခြင်းသည် **အချုပ်အခြာအာဏာကို ခွဲဝေမပေးဘဲ လုပ်ပိုင်ခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ချပေးသည့်** အစီအမံဖြစ်ပါသည်။ အာဏာခွဲဝေပေးခြင်း၏ အနှစ်သာရမှာ ဗဟိုအဆင့် (ဥပမာ ပြည်ထောင်စုလွှတ်တော်)က ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော အင်စတီကျူးရှင်းများ (ဥပမာ ပြည်နယ်လွှတ်တော်) ကို တည်ထောင်ပြီး ယင်းအဖွဲ့အစည်းများသို့ ခွဲဝေပေးအပ်မည့် လုပ်ပိုင်ခွင့်အာဏာများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ လက်တွေ့အားဖြင့် အမြဲတစေ အလွယ်တကူ ဆောင်ရွက်နိုင်မည် မဟုတ်သော်လည်း မူအားဖြင့် အာဏာခွဲဝေပေးအပ်ထားသော အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့် အာဏာများကို ဗဟိုအဆင့် လွှတ်တော်၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် **ဖျက်သိမ်းခြင်း သို့မဟုတ် ရုတ်သိမ်းခြင်း**များ ပြုလုပ်နိုင်ပါသည်။ ယင်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအစီအစဉ်များကိုလည်း ပြောင်းလဲနိုင်ပါသည်။ အာဏာခွဲဝေပေးခြင်းမှာ ပြောင်းလွယ်ပြင်လွယ် အစီအစဉ်ဖြစ်ပြီး ဖက်ဒရယ်စနစ်တွင် ကြုံတွေ့ရသော အခက်အခဲအချို့ကို ကျော်လွှားနိုင်ပါသည်။ ဗဟိုအဆင့်နှင့် အာဏာခွဲဝေပေးအပ်ထားသော နယ်မြေဒေသများအကြား အငြင်းပွားမှု အများစုကို တရားစီရင်ရေးပိုင်းမှ အဆုံးအဖြတ်ပေးခြင်းဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခိုင်အမာပြဋ္ဌာန်းထားရှိရန် သို့မဟုတ် အစိုးရ၏လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းရှိမရှိ တရားရုံးများမှ ပြန်လည်စိစစ်ဆုံးဖြတ်ခြင်း (Judicial Review)အား ကောင်းရန် မလိုအပ်ဘဲလည်း ရှိနိုင်ပါသည်။ သို့ရာတွင် ဤပြောင်းလွယ်ပြင်လွယ်ရှိမှုကြောင့် အာဏာခွဲဝေပေးခြင်း devolution သည် ယုံကြည်မှုနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုမြင့်မားရန် အထူးလိုအပ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို နိုင်ငံရေးနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကို ယုံကြည်စိတ်ချနိုင်ခြင်း မရှိပါက အာဏာခွဲဝေပေးခြင်း devolution သည် အာဏာခွဲဝေပေးအပ်ထားသော နယ်မြေဒေသများအတွက် လုံလောက်သော အာမခံချက်များ မပေးနိုင်ဘဲ ဖြစ်နိုင်ပါသည်။

*နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးခြင်း Regionalism* - နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးခြင်းမှာ ဖက်ဒရယ်စနစ်နှင့် အာဏာခွဲဝေပေးခြင်း devolution ကို ပေါင်းစပ်ကျင့်သုံးခြင်း ဖြစ်ပါသည်။ ဥပမာ နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် (ဖက်ဒရယ်စနစ်မှာကဲ့သို့) တိုင်းဒေသကြီး/ ပြည်နယ်များ၏ တည်ရှိမှုနှင့် ပင်မလုပ်ငန်းတာဝန်များကို အသိအမှတ်ပြု ပြဋ္ဌာန်းထားပြီး (အာဏာခွဲဝေပေးခြင်း devolution မှာကဲ့သို့) ဗဟိုအဆင့် လွှတ်တော်အားလည်း တိုင်းဒေသကြီး / ပြည်နယ်များ၏ လုပ်ပိုင်ခွင့် အာဏာများကို ကန့်သတ်ရန် သို့မဟုတ် တိုးချဲ့ရန်ခွင့်ပြုထားနိုင်ပါသည်။ တဖန် ဗဟိုအဆင့်လွှတ်တော်တွင် တိုင်းဒေသကြီး/ပြည်နယ်များ ကိုယ်စားပြုပါဝင်နိုင်ရန် ပြဋ္ဌာန်းထားသော်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘောတူညီမှုကို မရယူဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ခွင့်ပြုထားနိုင်ပါသည်။ ဥပမာ အီတလီနိုင်ငံတွင် ဒုတိယကမ္ဘာစစ် ပြီးနောက် ဒီမိုကရေစီပြန်လည်ကျင့်သုံးသောအခါ ဆန်းသစ်တီထွင်သော နယ်မြေဒေသအလိုက် အုပ်ချုပ်မှုစုဖွဲ့ပုံကိုတည်ထောင်ခဲ့ပါသည်။ ဘာသာစကား လူနည်းစုများ စုဝေးနေထိုင်သော အီတလီနိုင်ငံ၏ အပိုင်းများတွင်လည်းကောင်း ကျွန်းနယ်မြေဖြစ်၍ ဗဟိုမှ ပထဝီအနေအထားအရ ဝေးကွာလျှင်လည်းကောင်း အထူးဒေသအဖြစ် ဖွဲ့စည်းတည်ထောင်ပါသည်။ အထူးဒေသ ၅ ရပ် ရှိပါသည်။ (Aosta Valley, Friuli-Venezia Giulia, Sardinia, Sicily နှင့် Trentino-Alto Adige တို့ဖြစ်ပါသည်။) ယင်းအထူးဒေသတစ်ခုစီတွင် သီးခြားစီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး ယင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးထားပါသည်။ ၁၉၇၀ ပြည့်နှစ်များတွင် နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးခြင်း regionalization ဒုတိယလှိုင်းအဖြစ် အီတလီနိုင်ငံ၏ ကျန်အပိုင်းများကို ပုံမှန် တိုင်း ၁၅ တိုင်း ခွဲခြားပေးပါသည်။ ယင်းတိုင်းများ၏ လုပ်ပိုင်ခွင့်အာဏာများမှာ အထူးဒေသများထက် လျော့နည်းပါသည်။ တိုင်းများ ဖွဲ့စည်းခြင်းမှာ ပိုမိုကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရေး တောင်းဆိုချက်များကို တုံ့ပြန်လျက် ဖွဲ့စည်းခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အီတလီနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးချဉ်းကပ်ပုံ နှစ်ရပ်ကို ကျင့်သုံးပါသည်။ အထူးဒေသများတွင် ယဉ်ကျေးမှု မတူကွဲပြားမှုများအတွက် ကျယ်ပြန့်စွာဗဟိုချုပ်ကိုင်မှုလျှော့ချပေးပြီး ပုံမှန်တိုင်းများတွင် အုပ်ချုပ်မှုတိုးတက်ကောင်းမွန်စေရန် ဗဟိုချုပ်ကိုင်မှုလျှော့ချပါသည်။ သို့ရာတွင် အုပ်ချုပ်မှု တိုးတက်ကောင်းမွန်မှုများမှာ တိုင်းတစ်ခုနှင့် တစ်ခု

မတူညီပါ။ အချို့တိုင်းများတွင် ရလဒ်ပိုမို ကောင်းမွန် ပါသည် (Putnam 1994)။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်အရ ပြင်ဆင်ချက်တစ်ရပ်ကို အထက်အောက် လွှတ်တော် နှစ်ရပ်လုံးက မဲသုံးပုံနှစ်ပုံ အများစုဖြင့် အတည်ပြုခြင်း မဟုတ်လျှင် ဒေသကောင်စီ ၅ ရပ်သည် ပြင်ဆင်ချက်ပြုလုပ်ရေး လူထုဆန္ဒခံယူပွဲ ကျင်းပပေးရန် တောင်းခံခွင့်ရှိပါသည်။

*အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် Special autonomy (federacy သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေး (home rule)ဟုလည်း ခေါ်ပါသည်)* - ယင်းဝေါဟာရများသည် ပိုမိုကြီးမားသော နိုင်ငံတစ်နိုင်ငံတွင်ပါဝင်ပြီး သို့မဟုတ် ပိုမိုကြီးမားသော နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်း ဖြစ်ပြီး တစ်စိတ်တစ်ဒေသအားဖြင့် သီးခြားအဆင့်အတန်းရရှိသည့် သေးငယ်သော စီရင်စုနယ်မြေအတွက်သာ အကျုံးဝင်သည့် အချိုးမညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပုံစံတစ်မျိုးကို ရည်ညွှန်းပါသည်။ စီရင်စု နယ်မြေကရရှိသော လုပ်ပိုင်ခွင့်အာဏာအမျိုးမျိုးနှင့် ဘဏ္ဍာငွေကြေးကိစ္စရပ်များကို ထိန်းချုပ်နိုင်မှုစသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတိုင်းအတာမှာ သာမန်အားဖြင့် ကျယ်ပြန့်သော်လည်း ဗဟိုအဆင့် နိုင်ငံတော်တွင် ပေါင်းစည်းပါဝင်မှု နည်းပါးပါသည်။ (ဥပမာ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမှတပါး အားလုံးနီးပါးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသော်လည်း ဗဟိုအဆင့် နိုင်ငံတော်၏လွှတ်တော်တွင် ကိုယ်စားပြုပါဝင်မှုမရှိခြင်း သို့မဟုတ် အလွန်နည်းပါးခြင်း ဖြစ်နိုင်ပါသည်။) ဤသို့သော အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်မျိုးရရှိသည့် စီရင်စုနယ်မြေများကို ဥပမာဖော်ပြရမည်ဆိုပါက (နယူးဇီလန်မှ) ကွတ်ကျွန်းများ Cook Islands၊ (ဩစတြေးလျမှ) နော်ဖော့ကျွန်း Norfolk Island ၊ (ဒိန်းမတ်မှ) ဖာရိုးကျွန်း များ Faroe Islands နှင့် ဂရင်းလန် Greenland၊ (ဖင်လန်မှ) အာလန် Åland တို့ဖြစ်ပါသည်။) ပင်လယ်ရပ်ခြား ပိုင်နက်နယ်မြေများဖြစ်သော ဘာမြူဒါ Bermuda၊ ကေမင်ကျွန်းများ Cayman Islands နှင့် ဂျီဘရော်လ်တာ Gibraltar၊ မှီခိုနယ်မြေဒေသများဖြစ်သော ဂျာဆီ Jersey၊ ဂါန်ဆေ Guernsey နှင့် မန်းကျွန်း Isle of Man တို့သည်လည်း ယူကေထံမှ အလားတူ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ရရှိကြပါသည်။ ယင်းစီရင်စု နယ်မြေများအတွက် ယူကေသည် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကို ဆက်လက်တာဝန်ယူထားသည်မှအပ လုံးဝနီးပါး ကိုယ်ပိုင်အုပ်ချုပ်ခွင့် self-rule ပေးအပ်ထားပါသည်။

*ပုံသဏ္ဍာန်နှင့် အနှစ်သာရ* - အောက်ပါ ပုံ ၄ တွင် ယင်း ဗဟိုချုပ်ကိုင်မှု ပုံစံများကို ဖော်ပြထားပါသည်။ လက်တွေ့တွင် ယင်းသို့ အမြဲတစေ ရှင်းလင်းစွာ ခွဲခြားနိုင်မည်မဟုတ်ပါ။ ပညာရှင်များသည် ယေဘုယျ ဝေါဟာရ အသုံးအနှုန်းများကိုလည်းကောင်း၊ အတိအကျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အမျိုးအစား ခွဲခြားပုံနှင့် စပ်လျဉ်း၍လည်းကောင်း သဘောမတူညီဘဲ ရှိကြပါသည်။ အမျိုးအစားခွဲရန် ခက်ခဲသောနိုင်ငံများလည်း ရှိပါသည်။ ဥပမာ စပိန် သို့မဟုတ် တောင်အာဖရိကကို အချို့က နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးထားသော regionalist နိုင်ငံများဟု ယူဆပြီး အချို့က ဖက်ဒရယ် နိုင်ငံများ (သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖက်ဒရယ် quasifederal နိုင်ငံများ၊ သို့မဟုတ် ဖက်ဒရယ်ဟု အမည်မခံသော်လည်း ဖက်ဒရယ်ကျင့်သုံးသော နိုင်ငံများ) ဟု ယူဆပါသည်။ ထို့မျှမက ယင်းအသွင်သဏ္ဍာန်ကွာခြားချက်များအတိုင်း အနှစ်သာရပိုင်း ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အတိုင်းအတာတွင် အလားတူ ကွာခြားမှုများကို အမြဲတစေ မတွေ့ရှိရပါ။ ဥပမာ တရားဝင် ဖက်ဒရယ်နိုင်ငံဟု တည်ထောင်ထားသော နိုင်ငံ formal federation သည် အနှစ်သာရအားဖြင့် အမြဲတစေ နယ်မြေဒေသအလိုက်အုပ်ချုပ်ခွင့်ပြုသောနိုင်ငံ regionalized state သို့မဟုတ် အာဏာခွဲဝေပေးထားသောနိုင်ငံ devolved state တို့ထက် ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချထားလိမ့်မည်ဟု ယတိပြတ်မဆိုနိုင်ပါ။ ဥပမာ စပိန်နိုင်ငံသည် ဖက်ဒရယ်နိုင်ငံဟု တရားဝင်ခံယူထားခြင်း မရှိသော်လည်း အချို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုက်အဝန်းများ (အထူးသဖြင့် ဘတ်စ်ခ်နယ် Basque Country ကဲ့သို့သော သမိုင်းကြောင်းအရ အထူးအခွင့်အရေး ရရှိသည့် အသိုက်အဝန်းများ)သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် အခိုင်အမာရရှိကြပါသည်။ သို့သော် ဩစတြီးယားနှင့် မလေးရှား ကဲ့သို့သော ဖက်ဒရယ်နိုင်ငံအဖြစ် တရားဝင်ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံအချို့မှာ ဗဟိုချုပ်ကိုင်မှု များပြားသည်ကို တွေ့ရပါသည်။ ထို့အပြင် ယင်းဝေါဟာရသတ်မှတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရေး သို့မဟုတ် ပြင်ဆင်ရေး ညှိနှိုင်းဆွေးနွေး စဉ်းစားရာတွင် များစွာအထောက်အကူ မဖြစ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပါဝင်သူအချို့အနေဖြင့်လည်း ဖက်ဒရယ်စနစ် 'federalism' သို့မဟုတ် နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးသည့် စနစ် 'regionalism' ဟူသော အမည်နာမများအပေါ် သင်္ကေတသဘော စွဲလမ်းဆုတ်ကိုင်ထားခြင်းများ ဖြစ်လာနိုင်ပါ

သည်။ နိုင်ငံ၏ လက်တွေ့လိုအပ်ချက်များနှင့် နိုင်ငံတွင်ပါဝင်သော ယူနစ်များ (တိုင်းဒေသကြီး/ပြည်နယ်များ) ၏ လက်တွေ့ လိုအပ်ချက်များကို ဦးစွာစဉ်းစားပြီး ဖက်ဒရယ် federal သို့မဟုတ် နယ်မြေဒေသအလိုက်အုပ်ချုပ်ခွင့်ပေးခြင်း regional သို့မဟုတ် အာဏာခွဲဝေပေးခြင်း devolved ဟူ၍ ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်၏ အမည်နာမအပေါ် ဆုတ်ကိုင်စွဲလမ်းခြင်းမပြုဘဲ ယင်းလိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ပြီး လက်တွေ့ဆောင်ရွက်နိုင်သည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံကို ဖော်ထုတ်နိုင်ရန် စဉ်းစားသင့်ပါသည်။

**ပုံ ၄ ဖက်ဒရယ်စနစ်နှင့် မက်ခရို (Macro) အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အခြားရွေးချယ်နိုင်သော ပုံစံများ**

| | ကွန်ဖက်ဒရေးရှင်း | ဖက်ဒရယ်နိုင်ငံ | နယ်မြေဒေသ အလိုက် အုပ်ချုပ်ခွင့် ပေးအပ်ခြင်း | အာဏာခွဲဝေပေးခြင်း |
|---|---|---|---|---|
| **ဥပဒေအရ အချုပ်အချာ အာဏာတည်မှု** | အဆုံးစွန်အားဖြင့် ပြည်နယ်အသီးသီး တွင် ရှိသည်။ | ပြည်နယ်အသီးသီး နှင့် ဖက်ဒရယ် နိုင်ငံတော်အကြား ခွဲဝေထားသည်။ | တစ်နိုင်ငံလုံးတွင် ရှိသည်။ အချို့ အထူး ဒေသများ၏ အဆင့် အတန်းကို နှစ်ဖက် သဘောတူသတ်မှတ် ချက်နှင့်အညီ ထားရှိနိုင်သည်။ | တစ်နိုင်ငံလုံးတွင်ရှိသည်။ (ဗဟိုအဆင့် အဖွဲ့ အစည်းများတွင်ရှိသည်။) |
| **အာဏာခွဲဝေမှု ခိုင်မာခြင်း** | ပြည်နယ်အသီးသီး၏ ဆုံးဖြတ်ချက်ဖြင့် ကွန်ဖက်ဒရေးရှင်း နိုင်ငံ၏အာဏာများကို ကန့်သတ်ခြင်း ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။ | ခိုင်မာသည်။ ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး စည်းမျဉ်း များပေါ်မူတည်သည်။ | ခိုင်မာသည်။ သို့သော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို မပြင်ဆင်ဘဲ အာဏာခွဲဝေပုံကို ညှိနှိုင်းဆွေးနွေး နိုင်သည်။ | အာဏာခွဲဝေပေးထား သောနယ်မြေဒေသ များ၏လုပ်ပိုင်ခွင့်အာဏာ များကို ဗဟိုမှရုတ်သိမ်း ခြင်း တစ်ဖက်သတ် ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။ |
| **ဗဟိုချုပ်ကိုင်မှု အတိုင်းအတာ** | ပြည်တွင်း မူဝါဒ အပိုင်းကဏ္ဍ အားလုံး နီးပါးကို ပြည်နယ် အသီးသီးက သတ်မှတ်ဆုံးဖြတ် သည်။ ကွန်ဖက် ဒရေးရှင်း နိုင်ငံတော် သည် အဓိကအားဖြင့် ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး တို့ကိုသာ ကိုင်တွယ် သည်။ | အမျိုးမျိုးဖြစ်နိုင်ပါသည်။ တရားဝင်ဖွဲ့စည်းတည်ထောင်ထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အမျိုးအစားနှင့် အမှန်တကယ် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် အတိုင်းအတာအကြား ဆက်စပ်မှုရှိမည်ဟု ယတိပြတ် မဆိုနိုင်ပါ။ (ဥပဒေပြုလုပ်ပိုင်ခွင့် အာဏာများ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကို ပံ့ပိုးမှုပေးသည့် ဘဏ္ဍာရေး အစီအစဉ်များဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှစ်ရပ်စလုံး ပါဝင်သည်။) | | |

| | ကွန်ဖက်ဒရေးရှင်း | ဖက်ဒရယ်နိုင်ငံ | နယ်မြေဒေသ အလိုက် အုပ်ချုပ်ခွင့် ပေးအပ်ခြင်း | အာဏာခွဲဝေပေးခြင်း |
|---|---|---|---|---|
| **ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အာဏာ၏ အခြေခံ** | ကွန်ဖက်ဒရေးရှင်း ဖွဲ့စည်းသည့် စာချုပ် သို့မဟုတ် သဘော တူညီချက်အပိုဒ်များ အရ အတိအကျ သတ်မှတ်သည်။ အနည်းဆုံး တစ်စိတ်တစ်ဒေသ အားဖြင့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေထက် နိုင်ငံတကာ ဥပဒေ အရ ချုပ်ဆိုသော စာချုပ်စာတမ်း သဘောသဘာဝ ဆောင်သည်။ | ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း ထားသည်။ သာမန် အားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ခက်ခဲပြီး တရားစီရင်ရေး အပိုင်းမှ စီရင်ဆုံးဖြတ် ချက်များဖြင့် ထိန်းချုပ်ထားသည်။ များသောအားဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်တွင် ပြည်နယ်များ ပါဝင် ဆောင်ရွက်နိုင်သည်။ | ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ယေဘုယျ အားဖြင့်အကျဉ်းမျှသာ ပြဋ္ဌာန်းထားပြီး နယ်မြေဒေသ တစ်ခုစီနှင့် သီးခြားစီ ဆွေးနွေး သဘော တူညီထားသော သဘောတူညီချက် များ (ဥပမာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဥပဒေ များ) အပေါ် မူတည်၍ နယ်မြေဒေသ တစ်ခုစီ၏ လုပ်ပိုင်ခွင့် အာဏာများ အသေး စိတ်ကို သတ်မှတ်နိုင် ပါသည်။ | ဗဟိုအဆင့်လွှတ်တော်က သတ်မှတ်ဆုံးဖြတ် ပါသည်။ မူအားဖြင့် ဗဟိုအဆင့်လွှတ်တော်က အလိုရှိသလို ပြောင်းလဲ နိုင်ပါသည်။ အာဏာ ခွဲဝေပေးထားသော အဖွဲ့အစည်းများမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကို အခြေခံလျက် ဖွဲ့စည်းထားခြင်း မဟုတ်ဘဲ ယင်းတို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြင့် အကာအကွယ် ပေးထားခြင်းမရှိပါ သို့မဟုတ် အကာအကွယ် နည်းပါးပါသည်။ |
| **လုပ်ဆောင်လေ့ ရှိသည့် ဘဏ္ဍာရေး အစီအမံများ** | ပြည်နယ်များက အခွန်ဘဏ္ဍာများ ကောက်ခံပြီး ပြည်နယ်အားလုံး အတွက် ဆောင်ရွက် ပေးမည့် ဝန်ဆောင်မှု များ အတွက် ကွန်ဖက်ဒရေးရှင်းသို့ ထည့်ဝင် ပေးဆောင် ပါသည်။ | ဖက်ဒရယ်နှင့် ပြည်နယ် လွှတ်တော် များအားလုံး အခွန် ဘဏ္ဍာ ကောက်ခံ နိုင်ခွင့် ရှိပါသည်။ ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား ဖက်ဒရယ် အစိုးရက ဘဏ္ဍာငွေကြေး ပြန်လည် ဖြန့်ခွဲပေး ခြင်း ရှိနိုင်ပါသည်။ | ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော် အသီးသီးတွင် အခွန် ဘဏ္ဍာ ကောက်ခံနိုင် သည့် နယ်ပယ်များ ရှိပါသည်။ ဘဏ္ဍာ ငွေကြေး ပြန်လည် ဖြန့်ခွဲခြင်းလည်း ရှိနိုင်ပါသည်။ အချို့ နယ်မြေဒေသများ တွင် ဘဏ္ဍာရေး အထူးလုပ်ပိုင်ခွင့် အာဏာများ ရှိနိုင် ပါသည်။ | အမျိုးမျိုး ရှိပါသည်။ နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့် ပေးသော စနစ်နှင့် ဆင်တူနိုင် ပါသည်။ သို့မဟုတ် အာဏာ ခွဲဝေပေး ထားသော လွှတ်တော်များသည် ဗဟိုအဆင့် အာဏာပိုင် များထံမှ တစ်လုံးတစ်ခဲ တည်း ထောက်ပံ့ငွေ များအပေါ် မှီခိုနေရ နိုင်ပါသည်။ |

| | ကွန်ဖက်ဒရေးရှင်း | ဖက်ဒရယ်နိုင်ငံ | နယ်မြေဒေသ အလိုက် အုပ်ချုပ်ခွင့် ပေးအပ်ခြင်း | အာဏာခွဲဝေပေးခြင်း |
|---|---|---|---|---|
| **ကိုယ်စားပြု ပါဝင်မှု** | ကွန်ဖက်ဒရေးရှင်း အာဏာပိုင်သည် ပြည်နယ်များမှ ကိုယ်စားလှယ်များ စုပေါင်းစည်းဝေးခြင်း ဖြစ်ပါသည်။ အစိုးရချင်းဆက်သွယ် ဆောင်ရွက်သည့် သဘောသဘာဝ ဆောင်လေ့ရှိပါသည်။ | (အမြဲတစေ မဟုတ် သော်လည်း) သာမန် အားဖြင့် ဖက်ဒရယ် အဆင့်တွင် အထက် အောက် လွှတ်တော် နှစ်ရပ် ရှိပါသည်။ လွှတ်တော်တစ်ရပ်ကို ပြည်သူလူထု တစ်ရပ် လုံးကရွေးကောက် တင်မြှောက်ပြီး ကျန် လွှတ်တော် တစ်ရပ် သည် ဖက်ဒရယ် နိုင်ငံ၏ ယူနစ်များ (တိုင်းဒေသကြီး/ ပြည်နယ်များ) ကို ကိုယ်စားပြုပါသည်။ | အမျိုးမျိုး ရှိပါသည်။ နယ်မြေဒေသများ သည် ဗဟိုအဆင့် လွှတ်တော်တွင် ကိုယ်စားပြု ပါဝင်မှု ရှိနိုင်ပါသည်။ | အမျိုးမျိုးရှိပါသည်။ အာဏာခွဲဝေပေး ထားသော အဖွဲ့အစည်း များသည် သာမန် ဥပဒေများဖြင့် ဖွဲ့စည်း တည်ထောင် ထားခြင်း ဖြစ်၍ ဗဟိုအဆင့် အဖွဲ့အစည်းများတွင် အထူး ကိုယ်စားပြု ပါဝင်မှု မရှိပါ။ |
| **ဥပမာများ** | Benelux Union တွင် ပါဝင်သည့် Luxembourg၊ ဩစထရီ- ဟန်ဂေရီ အင်ပါယာတွင် ပါဝင်သည့် ဟန်ဂေရီ | ဩစတြေးလျ၊ အမေရိကန် ပြည်ထောင်စု၊ အိန္ဒိယ၊ ကနေဒါနှင့် အာဂျင်တီးနား နိုင်ငံများ၏ ပြည်နယ်များ | အီတလီနိုင်ငံ၏ တိုင်းများ၊ စပိန်နိုင်ငံ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အသိုက်အဝန်းများ | ယူကေနိုင်ငံရှိ စကော့တလန်၊ ဝေလနယ်နှင့် မြောက် အိုင်ယာလန် |

## (ခ) ပိုမိုအားကောင်းသော မိုက်ခရို Micro အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (ဒေသန္တရအစိုးရ)

အချို့သော အခြေအနေများတွင် ဖက်ဒရယ်စနစ် သို့မဟုတ် မက်ခရို (Macro) အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း macro-decentralization ထက် ပိုမိုအားကောင်းသော မိုက်ခရို (Micro) အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း **micro-decentralization** (ဥပမာ မြို့နယ်အဆင့် သို့မဟုတ် ခရိုင်အဆင့် အာဏာပိုင်များအား လုပ်ပိုင်ခွင့် အာဏာ ခွဲဝေပေးခြင်း) ချဉ်းကပ်ပုံသည် ပိုမို၍ သင့်တင့်လျောက်ပတ်မှု ရှိနိုင်ပါသည်။ အောက်ပါအခြေအနေများ ဖြစ်ပါသည်။

- အုပ်ချုပ်မှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် အများပြည်သူပါဝင်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း။ နယ်မြေဒေသအလိုက် စုဝေးနေသော တိုင်းရင်းသား၊ ဘာသာရေး၊ ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှု မတူကွဲပြားမှုကို ဖြေရှင်းဆောင်ရွက်ပေးရန်မလိုအပ်ဘဲ နယ်မြေဒေသ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေး မူဝါဒများနှင့် ဝန်ဆောင်မှုများကို အားပေးမြှင့်တင်ရန် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း။
- ယင်းသို့သော အသိုက်အဝန်းအုပ်စုများသည် တိုင်းဒေသကြီး/ပြည်နယ် ဖွဲ့စည်းရန်လုံလောက်သော နယ်မြေဒေသတွင် ပြန့်နှံ့နေထိုင်ကြခြင်းမဟုတ်ဘဲ နယ်မြေဒေသအလိုက် အထူးသဖြင့် မြို့ရွာ အသိုက် အဝန်းများတွင် စုဝေးနေကြခြင်း။ ယင်းအခြေအနေများတွင် မိုက်ခရို Micro အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချ

ခြင်းဖြင့် လူနည်းစုအတွင်းရှိ လူနည်းစုများကိုလည်း အကာအကွယ်ပေးနိုင်ပါမည်။ ဖက်ဒရယ်စနစ် မဟုတ်သောအခြားရွေးချယ်နိုင်သည့် နည်းလမ်းအဖြစ်သာမက ဖက်ဒရယ်စနစ်၏ ဖြည့်ဖက်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ပြည်ထောင်စုအဆင့် ကိုယ်ပိုင်စရိုက်လက္ခဏာ သို့မဟုတ် ယဉ်ကျေးမှုကိုယ်ပိုင်စရိုက် လက္ခဏာပေါ် အခြေခံလျက် မက်ခရို Macro အဆင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် တောင်းခံမှုများကို ငြင်းပယ်ရန်အတွက် စိတ်ရင်းစေတနာ မမှန်ကန်စွာ ဤချဉ်းကပ်ပုံကို အသုံးပြုခြင်းများလည်း ရှိခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြစ်ပါက လုံလောက်သောဖြေရှင်းချက် ဖြစ်လာနိုင်ခြေ နည်းပါးပါသည်။

## (ဂ) နယ်မြေဒေသအလိုက်မဟုတ်သော (ယဉ်ကျေးမှု) ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အချိုးကျ ကိုယ်စားပြုခြင်း (ပီအာရ်) နှင့် ပယ်ချခွင့် ဗီတိုလုပ်ပိုင်ခွင့်အာဏာများ

အချို့နိုင်ငံများတွင် သေးငယ်သော ပြည်နယ်အတွင်း အသိုက်အဝန်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် သို့မဟုတ် အသိအမှတ်ပြုရန် လိုအပ်သောအခါ သို့မဟုတ် ယင်းအသိုက်အဝန်းများသည် နယ်မြေဒေသအလိုက် တစ်စုတစ်ဝေးတည်း မရှိသောအခါ၊ နယ်မြေဒေသအလိုက် မဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ်သည် သင့်တင့်လျောက်ပတ်မှု ရှိနိုင်ပါသည်။ သို့ဖြင့် သီးခြားအသိုက်အဝန်းများသည် မိမိတို့၏ ကိုယ်ပိုင် စရိုက်လက္ခဏာကို ဖော်ထုတ်နိုင်ပြီး နယ်မြေဒေသအလိုက် သီးခြား စီရင်ပိုင်ခွင့်ရှိရန် မလိုအပ်သော်လည်း မိမိတို့၏ အကျိုးစီးပွားများကို စီမံခန့်ခွဲနိုင်ပါမည်။

### မက်ခရို Macro အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမဟုတ်သော အခြားရွေးချယ်နိုင်သည့် နည်းလမ်းများ - ယူကေနိုင်ငံရှိ စကော့တလန် ၁၉၇၉-၁၉၉၇ ခုနှစ်

၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် စကော့တလန်တွင် နေထိုင်သူ အများအပြားသည် စကော့တလန်နယ်မြေအတွင်း အရေးအရာများအတွက် ကျယ်ပြန့်သော ဥပဒေပြု အာဏာများ ရှိသည့် စကော့တလန် ပါလီမန် တည်ထောင်ရန် ကြိုးပမ်းခဲ့ကြပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းကို ယူကေအစိုးရက အထူး ဆန့်ကျင်ခဲ့ပါသည်။ ယူကေအစိုးရသည် မက်ခရို macro အဆင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအစား အခြားနည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။ သင်္ကေတသဘောလုပ်ဆောင်ချက်များ (ဥပမာ ယဉ်ကျေးမှုပိုင်း အရေးပါသော ရှေးစကော့ဘုရင်များ ဘိသိက်ခံရာတွင် အသုံးပြုသည့် ကံကြမ္မာကျောက်တုံး 'the Stone of Destiny' ကို စကော့တလန်သို့ ပြန်လည် ပေးပို့ခြင်း) မှ အင်စတီကျူးရှင်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ (ဥပမာ ပါလီမန်တွင် စကော့တလန်မှ အမတ်များ ပါဝင်သည့် အရေအတွက်ကို ယူကေနိုင်ငံ၏ စုစုပေါင်းလူဦးရေတွင် စကော့တလန် လူဦးရေ ပါဝင်မှုအချိုးကျထက် ပိုမို၍ပါဝင်ခွင့်ပြုခြင်း၊ စကော့တလန် ကော်မတီကြီး Scottish Grand Committee ၏ ဥပဒေပြုအခန်းကဏ္ဍကို အားကောင်းစေခြင်း) အထိ အမျိုးမျိုးလုပ်ဆောင်ခဲ့ပါသည်။ ဆောင်ရွက်ခဲ့သော အစီအမံတစ်ရပ်မှာ စကော့တလန် ဒေသန္တရအစိုးရကို ပြုပြင်ပြောင်းလဲလျက် ဒေသန္တအာဏာပိုင် အလွှာတစ်ရပ်ကို အာဏာပိုင်အဖွဲ့အစည်း သစ် ၃၂ ဖွဲ့ဖြင့် ဖွဲ့စည်းပေးခြင်းဖြစ်ပါသည်။ ယင်းသို့ ဒေသန္တရအဆင့်သို့ အာဏာခွဲဝေပေးခြင်းဖြင့် အမျိုးသားအဆင့် အာဏာခွဲဝေပေးရန် (စကော့တလန် ပါလီမန်တည်ထောင်ရန်) တောင်းဆိုမှုများ သက်သာသွားစေရန် မျှော်လင့်ခဲ့ပါသည်။ သို့သော် ယင်းအစီအမံများမှာ အောင်မြင်မှု မရရှိခဲ့ဘဲ ၁၉၉၇ ခုနှစ်တွင် ဒုတိယအကြိမ် လူထုဆန္ဒခံယူပွဲ ကျင်းပသောအခါ စကော့တလန် ပါလီမန် ဖွဲ့စည်းတည်ထောင်ရေး စကော့တလန် ပြည်သူလူထုအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သဘော တူညီမှုရှိကြောင်း ပေါ်ပေါက်ခဲ့ပါသည်။

*ပိုင်နက်နယ်မြေအလိုက် မဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်* - ပိုင်နက်နယ်မြေအလိုက် မဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပမာများကို ယဉ်ကျေးမှုအများရှိသော လူ့အဖွဲ့အစည်းများ သို့မဟုတ် ဘာသာရေး ယုံကြည်

ကိုးကွယ်မှုအများရှိသော လူ့အဖွဲ့အစည်းများ၏ လူတစ်ဦးချင်း အဆင့်အတန်းဆိုင်ရာဥပဒေစနစ် အသီးသီးတွင် တွေ့မြင်နိုင်ပါသည်။ ဥပမာ အိန္ဒိယနိုင်ငံတွင် မူဆလင်များ၊ ဟိန္ဒူများနှင့် ခရစ်ယာန်များသည် လက်ထပ်ထိမ်းမြားခြင်းနှင့် လင်မယားကွာရှင်းခြင်းကဲ့သို့သော ကိစ္စရပ်များတွင် လိုက်နာရမည့် ကိုယ်ပိုင်ဥပဒေစည်းမျဉ်းများ ရှိကြပါသည်။ အိန္ဒိယနိုင်ငံတွင် မူဆလင် အမျိုးသားတစ်ဦးသည် တရားဝင် ဇနီးမယား အများ ယူနိုင်ပါသည်။ ဟိန္ဒူအမျိုးသားတစ်ဦးမှာ ဇနီးမယားအများ ယူခွင့်မရှိပါ။ သို့ဖြစ်၍ ဥပဒေသည် လူတစ်ဦးချင်းအလိုက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ပိုင်နက်နယ်မြေအလိုက်မဟုတ်ဟု ဆိုနိုင်ပါသည်။ လူနှစ်ဦးသည် အိမ်နီးချင်းပင်ဖြစ်သော်လည်း မတူညီသော ဥပဒေများ၏ စီရင်ပိုင်ခွင့်အောက်တွင် ရောက်ရှိနေနိုင်ပါသည်။ ယင်းသို့ ဥပဒေကို ဗဟိုချုပ်ကိုင်မှုလျှော့ချရာတွင် တစ်ပြိုင်နက်တည်း တရားစီရင်ရေးအပိုင်းကိုလည်း ဗဟိုချုပ်ကိုင်မှု လျှော့ချထားနိုင်ပါသည်။ ဥပမာ ကင်ညာနိုင်ငံတွင် မူဆလင် နိုင်ငံသားများအတွက် အထူးတရားရုံးများ ရှိပါသည်။ ယင်းတရားရုံးများသည် လူတစ်ဦးချင်း၏ အဆင့်အတန်း၊ လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းတို့အတွက် စီရင်ပိုင်ခွင့်ရှိပါသည်။ ယင်းတရားရုံးများ၏ တရားသူကြီး (ခါဒီ) များသည် အစ္စလာမ်ဥပဒေတွင် လေ့ကျင့်သင်တန်းပေးမှု ခံယူရရှိထားသော အစ္စလာမ်ဘာသာနှင့်အညီ နေထိုင်ကျင့်ကြံသော မူဆလင်များဖြစ်ရပါမည် (ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၁၀ ခုနှစ် ပုဒ်မ ၁၇၀)။

ပိုင်နက်နယ်မြေအလိုက် မဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဘာသာစကားအခြေခံဖြင့်လည်း ကျင့်သုံးနိုင်ပါသည်။ အထူးသဖြင့် ပညာရေးနယ်ပယ်တွင် ဖြစ်ပါသည်။ ဥပမာ ကနေဒါနိုင်ငံ အွန်တာရီယို ပြည်နယ်တွင် ကျောင်းများ၌ အင်္ဂလိပ်ဘာသာအသုံးပြုသင်ကြားသည့် ဘုတ်အဖွဲ့နှင့် ပြင်သစ်ဘာသာ အသုံးပြုသင်ကြားသည့် ဘုတ်အဖွဲ့သီးခြားစီရှိပါသည်။ ဘာသာစကားတစ်ခုစီအတွက် လောကဓာတ်ကျောင်းများ ဘုတ်အဖွဲ့နှင့် ကက်သလစ်ဘာသာရေးကျောင်းများ ဘုတ်အဖွဲ့တို့ ရှိပါသည်။ ဤနည်းအားဖြင့် ပြင်သစ်စကားပြောသော အသိုက်အဝန်းများနှင့် အင်္ဂလိပ်စကားပြောသောအသိုက်အဝန်းများ၊ ကက်သလစ်ဘာသာဝင် နိုင်ငံသားများနှင့် ကက်သလစ်ဘာသာဝင် မဟုတ်သော နိုင်ငံသားများသည် ပညာရေးနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိပါသည်။

*အချိုးကျကိုယ်စားပြုခြင်း (Proportional Representation)* - ဗဟိုအဆင့်တွင် လိုက်လျောဆောင်ရွက်ပေးရေး အားပေးသည့် နည်းလမ်းတစ်ရပ်မှာ လွှတ်တော်ရွေးကောက်ပွဲများအတွက် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးခြင်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်မည့် မဲဆန္ဒနယ်များတွင် ဆန္ဒမဲအများဆုံးရရှိသူ သို့မဟုတ် ဆန္ဒမဲအများစု ရရှိသူ ကိုယ်စားလှယ်လောင်းကို ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲစနစ်များသည် နယ်မြေဒေသတစ်ခုနှင့် တစ်ခုအကြား ဆန္ဒမဲပေးမှုပုံသဏ္ဌာန် ကွဲပြားခြားနားမှုများကို ပိုမိုကြီးမားစေမည့် အလားအလာ ရှိပါသည်။ နယ်မြေဒေသတစ်ခုမှ ပြည်သူလူထုအများစုသည် ဗဟိုအဆင့် အာဏာရပါတီကို ဆန့်ကျင်မဲပေးလေ့ရှိပါက မလိုလားအပ်သော အကျိုးဆက်နှစ်ခု ရှိလာနိုင်ပါသည်။ ပထမ အကျိုးဆက်မှာ ဗဟိုအဆင့်မှ အာဏာရပါတီသည် သက်ဆိုင်ရာ နယ်မြေဒေသ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများကို အာရုံစူးစိုက်ရန် ဆွဲဆောင်မှု မရှိတော့ခြင်းဖြစ်ပါသည်။ မဲအများဆုံးမရနိုင်ပါက မဲဆန္ဒရှင်အားလုံးက မကျေနပ်သည်ဖြစ်စေ၊ မဲဆန္ဒရှင်အချို့က မကျေနပ်သည်ဖြစ်စေ ထူးခြားမှုမရှိပါ။ ဒုတိယ အကျိုးဆက်မှာ ဗဟိုအဆင့် အာဏာရပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များအနက် ၎င်းနယ်မြေဒေသကို ကိုယ်စားပြုသူနည်းပါးခြင်း သို့မဟုတ် မရှိခြင်းကြောင့် ပိုမို၍အဆက်ပြတ်လာဖွယ်ရာ ရှိပါသည်။ မကျေနပ်မှုများ တိုးသည်ထက် တိုးလာဖွယ်ရာသာ ရှိပါသည်။ ယင်းပြဿနာနှစ်ရပ်ကိုအချိုးကျကိုယ်စားပြုစနစ်ဖြင့် ဖြေရှင်းနိုင်ပါသည်။ ဗဟိုအဆင့်တွင်အုပ်ချုပ်နေသောပါတီသည် နယ်မြေဒေသအတွင်း ဆန္ဒမဲအနည်းစုသာ ရရှိသော်လည်း ယင်းဆန္ဒမဲများ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ် ရရှိပါမည်။ သို့ဖြစ်၍ အာဏာရပါတီသည် (၁) ယင်းနယ်မြေဒေသကို အာရုံစူးစိုက်ရန် ဆန္ဒရှိလာပါမည် (၂) ယင်းနယ်မြေဒေသမှ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အစုသည် ယင်းနယ်မြေဒေသ၏ လိုအပ်ချက်များကို နားလည်သူများ ဖြစ်ပါမည်။

*လူနည်းစုက ပယ်ချနိုင်ခွင့် ဗီတို လုပ်ပိုင်ခွင့်အာဏာများ* - အခြားနည်းလမ်းတစ်ရပ်မှာ ယဉ်ကျေးမှု၊ ဘာသာရေး၊ တိုင်းရင်းသား သို့မဟုတ် ဘာသာစကား လူနည်းစုများအား ဗဟိုအဆင့်တွင်ပယ်ချနိုင်ခွင့် ဗီတိုအာဏာ ပေးအပ်ထားခြင်း ဖြစ်ပါသည်။ ကိုဆိုဗိုတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂၀ အနက် ၂၀ ကို တိုင်းရင်းသား

လူနည်းစုများအတွက် သတ်မှတ်ထားပါသည်။ ယင်းလူနည်းစုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များသည် စည်ပင်နယ်မြေ အစိုးရ၊ ရပ်ရွာအသိုက်အဝန်း အခွင့်အရေးများ၊ ဘာသာစကား ဥပဒေများ၊ ယဉ်ကျေးမှုအမွေအနှစ်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ပညာရေး၊ အများပြည်သူ အားလပ်ရက် အပါအဝင် ၎င်းတို့၏ 'အဓိကအရေးပါသော အကျိုးစီးပွားများ'နှင့် သက်ဆိုင်သည့် ဥပဒေများကို ဗီတိုအသုံးပြု ပယ်ချခွင့် ရှိပါသည် (ကိုဆိုဗိုဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၈၁)။ ယင်းလူနည်းစု ကိုယ်စားလှယ်များအတွက် ဝန်ကြီးနေရာများလည်း သတ်မှတ်ထားပါသည်။ တရားရေးကောင်စီနှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်တို့တွင်လည်း နေရာများ သတ်မှတ်ထားပါသည်။ နိုင်ငံသေးငယ်သဖြင့် ဖက်ဒရယ်စနစ် ကျင့်သုံးရန်မလိုအပ်ဘဲ ကျင့်သုံးလျှင်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်မည်ဆိုလျှင်ပင် ယင်းအစီအမံများဖြင့် အသိုက်အဝန်းများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိစေပြီး အသိအမှတ်ပြုပေးနိုင်ပါသည်။ ဗဟိုအဆင့်တွင် ပါဝင်နိုင်စေခြင်း၊ လူနည်းစုကို ဗီတိုဖြင့် ပယ်ချခွင့်ပေးခြင်းတို့ ဖြစ်ပါသည်။

## (ဃ) နိုင်ငံမှ ခွဲထွက်ခြင်း Secession

အချို့နိုင်ငံများတွင် ခွဲထွက်ခွင့်ပြုခြင်းသည်လည်း သင့်တော်ကောင်းမွန်သော ဖြေရှင်းချက် ဖြစ်နိုင်ပါသည်။ တင်းမာပြီး အဆင်မပြေသော ဖက်ဒရယ်နိုင်ငံတွင် မတည့်အတူနေ ဖြစ်နေမည့်အစား နှစ်နိုင်ငံအဖြစ် ခွဲထွက်ပြီး အိမ်နီးချင်းနိုင်ငံများအဖြစ် ဆက်ဆံခြင်းက ပိုမိုကောင်းမွန်နိုင်ပါသည်။ ထိုအခါ ရှုပ်ထွေးသော ဖက်ဒရယ်အဖွဲ့အစည်း စနစ် အလွှာတစ်ခုလုံးကိုဖယ်ရှားနိုင်ပြီး အုပ်ချုပ်မှုအစီအမံများလည်း လွယ်ကူရိုးရှင်းသွားပါမည်။ ခွဲထွက်ပြီးနောက် အများပြည်သူအတွက် ပိုမိုသေးငယ်သော်လည်း ပိုမိုအဆင်ပြေသော အများပြည်သူနေရာ ဖြစ်ပေါ်လာပြီး ဒီမိုကရေစီစနစ်တွင် ပါဝင်ဆင်နွှဲနိုင်လာပါမည်။ ခွဲထွက်ပြီးနောက် နိုင်ငံနှစ်နိုင်ငံလုံးတွင် ပိုမိုစုစည်းညီညွတ်သော ပြည်သူလူထု၊ ပိုမို၍ တစ်စုတစ်စည်းတည်းရှိသော ယဉ်ကျေးမှု၊ တန်ဖိုးများနှင့် အကျိုးစီးပွားများရှိလာပြီး ထိရောက်သော ဒီမိုကရေစီစနစ်ဖြစ်ရန် လိုအပ်သည့် သွေးစည်းညီညွတ်မှုနှင့် လူမှုစုစည်းညီညွတ်မှုတို့ ထွန်းကားနိုင်မည့် အခြေအနေများ ပေါ်ပေါက်လာနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အနည်းငယ်တွင် နိုင်ငံကို စုပေါင်းဖွဲ့စည်းထားသည့် အပိုင်းများ သို့မဟုတ် အချို့သော သတ်မှတ်ဖော်ပြထားသည့် နိုင်ငံ၏နယ်မြေဒေသများကို ခွဲထွက်နိုင်သည့် အခွင့်အရေးပေးကြောင်းအတိအလင်း ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ ခွဲထွက်ခွင့်ပေးရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲထွက်ခွင့်ကို ကန့်သတ်ခြင်းများ သို့မဟုတ် ခွဲထွက်ခွင့်ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း လမ်းကြောင်းများကို ပြဋ္ဌာန်းခြင်းများလည်း ပါရှိနိုင်ပါသည်။ ဥပမာ အီသီယိုပီးယားနိုင်ငံ၏ ၁၉၉၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတွင် စုဖွဲ့ပါဝင်သည့် အစိတ်အပိုင်းများသည် 'သတ်မှတ်ချက်မထားရှိဘဲ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိကြောင်း၊ ခွဲထွက်ခွင့် အပါအဝင်ဖြစ်ကြောင်း' အသိအမှတ်ပြုထားပါသည်။ သို့ရာတွင် ယင်းခွဲထွက်ခွင့်ကိုကျင့်သုံးရန် သက်ဆိုင်ရာပြည်နယ် (ယူနစ်) ၏ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံက အဆိုတင်ရပါမည်။ အလားတူ ကယ်ရစ်ဘီယန် နိုင်ငံတစ်နိုင်ငံဖြစ်သော St Kitts and Nevis တွင် ပါဝင်သည့် Nevis မှာ လွတ်လပ်ရေးကြေညာခွင့်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ယင်းသို့ ကြေညာနိုင်ရန် ခွဲထွက်ရေးလူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီး ဆန္ဒမဲသုံးပုံနှစ်ပုံ အများစု ရရှိရပါမည်။ ယင်းသို့ လုပ်ထုံးလုပ်နည်း အတားအဆီးများ မြင့်မားစွာ သတ်မှတ်ထားခြင်းသည် လူနည်းစုများ အများအပြား စုဝေးနေထိုင်ကြသည့် ခွဲထွက်လိုသည့် နယ်မြေဒေသတွင် စည်းလုံးညီညွတ်စေသည့် အကြောင်းတစ်ရပ် ဖြစ်နိုင်သော်လည်း လူဦးရေ အနေအထားနှင့် နိုင်ငံရေးအခြေအနေပေါ် မူတည်၍ လက်တွေ့တွင် မဖြစ်နိုင်သော ခွဲထွက်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း အကာအကွယ်ပေးထားခြင်းလည်း ဖြစ်နိုင်ပါသည်။

ခွဲထွက်သောနယ်ပယ်များသည် လုံခြုံရေးနှင့် ကုန်သွယ်ရေးလိုအပ်ချက်များ ပြည့်မီနိုင်စေရန် ပိုမို ကျယ်ပြန့်သော နိုင်ငံတကာ အုပ်စုတစ်ခုတွင် ပါဝင်ခြင်းဖြင့် ခွဲထွက်ခြင်း၏ မကောင်းသောအကျိုးဆက်များကို နည်းပါးသက်သာစေနိုင်ပါသည်။ ဥပမာ ဥရောပသမဂ္ဂ၊ နေတိုးအဖွဲ့ သို့မဟုတ် အခြား အစိုးရအများပါဝင်သော အဖွဲ့အစည်းများတွင် ပါဝင်ခြင်းဖြစ်ပါသည်။ ဥပမာ ချက်ကိုဆလိုဗက် ဖက်ဒရယ်နိုင်ငံသည် သက်တမ်းကြာရှည် မတည်တံ့ဘဲ သီးခြား လွတ်လပ်သော ချက်သမ္မတနိုင်ငံနှင့် ဆလိုဗက်သမ္မတနိုင်ငံအဖြစ် အချိန်တိုအတွင်း ပြဿနာများစွာမဖြစ်ဘဲ ခွဲထွက်သွားကြပါသည်။ ယင်းနှစ်နိုင်ငံလုံးသည် ယခုအခါ ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့တွင် အဖွဲ့ဝင်များ ဖြစ်ပါသည်။

သို့ရာတွင် ခွဲထွက်ခြင်းမှာ ခွဲထွက်မည့် နယ်ပယ်သည် စီးပွားရေးအရ ရပ်တည်နိုင်ပြီး လွတ်လပ်သောနိုင်ငံအဖြစ် စွမ်းဆောင်ရည်ရှိရန်လည်း လိုအပ်ပါသည်။ အလွန်သေးငယ်သော နယ်မြေဒေသများ သို့မဟုတ် အလွန်ဆင်းရဲသော နယ်မြေဒေသများ သို့မဟုတ် တည်ငြိမ်သော အုပ်ချုပ်မှုသမိုင်းကြောင်းမရှိသည့် နယ်မြေဒေသများအတွက် သင့်တော်သော နည်းလမ်းမဟုတ်ဘဲ ဖြစ်နိုင်ပါသည်။ ထို့အပြင် ခွဲထွက်သည့်လုပ်ငန်းစဉ်မှာ ငြိမ်းချမ်းစွာ လုပ်ဆောင်နိုင်ပြီး နှစ်ဦးနှစ်ဖက် သဘောတူညီလျက် ခွဲထွက်နိုင်မှသာ သင့်တော်ပါသည်။ ဗဟိုအစိုးရက သဘောမတူညီဘဲ နယ်မြေဒေသတစ်ခုက ခွဲထွက်လျှင် အကြမ်းဖက် ပဋိပက္ခ ဖြစ်လာနိုင်ပါသည်။ လူသားချင်းစာနာရေး ပဋိပက္ခအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ထိုအခါ ပြင်ပမှ ကြားဝင်ဆောင်ရွက်မှုများ ဝင်ရောက်လာနိုင်ပါသည်။ ခွဲထွက်ရေး ဆွေးနွေးညှိနှိုင်းရာတွင်ခွဲထွက်မည့် နယ်မြေဒေသရှိ လူနည်းစုများ၏ အခွင့်အရေးများ၊ ပိုင်ဆိုင်မှုများနှင့် ပေးရန်တာဝန်များခွဲဝေခြင်း၊ နယ်မြေဒေသတွင်း နေထိုင်သူများကို နေရာပြောင်းရွှေ့ခြင်း၊ နယ်မြေဒေသအတွက် (တပ်မတော်နှင့် သံတမန်လုပ်ငန်း ကဲ့သို့သော) နိုင်ငံတော် အင်စတီကျူးရှင်းအသစ်များ တည်ထောင်ခြင်း၊ ငွေကြေးနှင့် အများပြည်သူပင်စင်များကဲ့သို့သော ကိစ္စရပ်များအတွက် အကူးအပြောင်းပြုလုပ်မည့် စည်းမျဉ်းများကို ထည့်သွင်းစဉ်းစားရန် လိုအပ်နိုင်ပါသည်။ ယင်းအစီအမံများပြုလုပ်ရန် ကုန်ကျစရိတ်အများအပြား ကျခံရနိုင်ပါသည်။

# ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် မေးခွန်းများ

(၁) ဖက်ဒရယ်စနစ်ကိုကျင့်သုံးရန် အဘယ်ကြောင့် စဉ်းစားပါသနည်း။ မည်သည့်ပြဿနာကို ဖြေရှင်းရန် ဖက်ဒရယ်စနစ်ကို အဆိုပြုခြင်း ဖြစ်ပါသနည်း။ တိုင်းရင်းသား၊ ဘာသာရေး၊ ယဉ်ကျေးမှု နှင့်/သို့မဟုတ် ဘာသာစကား ကွဲပြားမှု ကြီးမားခြင်းကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သောကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးလိုခြင်း ဖြစ်ပါသလား။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အများပြည်သူ ပိုမိုပါဝင်ရန် တောင်းဆိုမှုများကို တုံ့ပြန်လျက် ကျင့်သုံးလိုခြင်းဖြစ်ပါသလား။ ဝန်ဆောင်မှု ဖြည့်ဆည်းပေးရာတွင် သက်ဆိုင်ရာ ပြည်သူလူထုအား ပိုမိုတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန် ကျင့်သုံးလိုခြင်း ဖြစ်ပါသလား။

(၂) မေးခွန်း (၁) အတွက် အဖြေများမှာ မည်သည့်အကျိုးဆက်များ ရှိပါမည်နည်း။ ဖက်ဒရယ်စနစ်အတွက် ရွေးချယ်နိုင်မည့် နည်းလမ်းအမျိုးမျိုးအပေါ် ယင်းအဖြေများသည် မည်သည့်သက်ရောက်မှု ရှိပါမည်နည်း။ (ဥပမာ ယဉ်ကျေးမှု မတူကွဲပြားမှုကို တုံ့ပြန်လျက် ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းဖြစ်ပါက ယဉ်ကျေးမှု၊ ဘာသာစကား၊ ပညာရေးနှင့် ဘာသာရေး အာဏာပိုင်အဖွဲ့အစည်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချရေး အဓိကထား လုပ်ဆောင်နိုင်ပါမည်။ ဖွံ့ဖြိုးရေးနှင့် အများပြည်သူ ဝန်ဆောင်မှုများရရှိရေး တောင်းဆိုမှုများကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါက စီးပွားရေးလုပ်ပိုင်ခွင့်အာဏာများ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကို ပိုမို၍အလေးအနက်ထား ဆောင်ရွက်နိုင်ပါသည်။)

(၃) လုပ်ပိုင်ခွင့်အာဏာများကို ထပ်မံ၍ ဗဟိုချုပ်ကိုင်မှု လျှော့ချလျက် ပေးအပ်နိုင်မည့်ရှိရင်း တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းများ ရှိပါသလား။ သို့မဟုတ် ယင်းအဖွဲ့အစည်းများကို အစမှစ၍ ဖွဲ့စည်းတည်ထောင်ရပါမည်လား။ ယင်းအဖွဲ့အစည်းများသည် ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုပြီး တုံ့ပြန်မှုရှိစေရန် မည်သို့ ဆောင်ရွက်ထားရှိနိုင်ပါမည်နည်း။

(၄) ဖက်ဒရယ်စနစ်မဟုတ်သော အခြားရွေးချယ်စရာ မည်သည့်နည်းလမ်းများ ရှိပါသနည်း။ နယ်မြေဒေသအလိုက် အုပ်ချုပ်ခွင့်ပေးခြင်း regionalism နှင့် အာဏာခွဲဝေပေးခြင်း devolution တို့ကို ထည့်သွင်းစဉ်းစားပါသလား။ နယ်မြေဒေသတွင်း ဒီမိုကရေစီ ပိုမိုအားကောင်းစေခြင်း သို့မဟုတ် နယ်မြေဒေသအလိုက်မဟုတ်သော ယဉ်ကျေးမှု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်း ကဲ့သို့သော အခြားရွေးချယ်နိုင်မည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားပါသလား။ ယင်းရွေးချယ်နိုင်မည့် နည်းလမ်းများသည် ပြည်သူလူထု၏ လိုအပ်ချက်များနှင့် ဆန္ဒများကို မည်မျှ ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ပါမည်နည်း။

(၅) နိုင်ငံ၏ ဘဏ္ဍာငွေကြေးပိုင်း စွမ်းဆောင်ရည် မည်သို့ရှိပါသနည်း။ ဖက်ဒရယ်စနစ် အဖွဲ့အစည်းများသည် ကုန်ကျစရိတ် ကြီးမားနိုင်ပါသည်။ ပဏာမ ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်မှု ပြုလုပ်ပြီးပါပြီလား။ ယင်းကုန်ကျစရိတ်များကို ကာလရှည်တွင် ကျခံနိုင်ပါမည်လား။ အခြားရွေးချယ်နိုင်မည့် နည်းလမ်းများအတွက် ကုန်ကျ စရိတ်နှင့် နှိုင်းယှဉ်ကြည့်ပြီးပါပြီလား။

(၆) နိုင်ငံ၏ လူသားစွမ်းဆောင်ရည် မည်သို့ ရှိပါသနည်း။ ဖက်ဒရယ်စနစ်ကို ကျယ်ပြန့်စွာ တည်ထောင်ကျင့်သုံးရန် ပညာတတ် စွမ်းဆောင်ရည်ရှိသူ ဝန်ထမ်းများ လုံလောက်သော အရေအတွက် ရှိပါသလား။ နိုင်ငံတစ်ဝန်းလုံးတွင် ယင်းသို့သော စွမ်းဆောင်ရည်ရှိပါသလား။ မရှိလျှင် ရှိလာစေရန် မည်သို့ လုပ်ဆောင်နိုင် မည်နည်း။

(၇) ဖက်ဒရယ်စနစ်ကို တစ်နိုင်ငံလုံးတွင် တစ်သံတည်း တောင်းဆိုနေကြပါသလား။ သို့မဟုတ် အချို့အပိုင်းများတွင်သာ တောင်းဆိုနေခြင်း ဖြစ်ပါသလား။ အချို့အပိုင်းများတွင်သာ တောင်းဆိုနေခြင်း ဖြစ်ပါက ဘက်မညီ အစီအမံများဖြင့် ယင်းနယ်မြေဒေသများအတွက် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်းသည် တစ်နိုင်ငံလုံး တစ်ပုံစံတည်း ဖက်ဒရယ်စနစ်ဖော်ဆောင်ခြင်းထက် ပိုမိုကောင်းမွန်သောဖြေရှင်းချက် ဖြစ်နိုင်ပါမည်လား။

(၈) လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုချုပ်ကိုင်မှုလျှော့ချပေးလိုက်ပြီးနောက် ယင်းတို့ကို အဂတိလိုက်စားလျက်၊ ပါတီစွဲအုပ်စုစွဲဖြင့် သို့မဟုတ် မထိရောက်သောနည်းလမ်းများဖြင့်အသုံးမပြုစေရန် မည်သည့်အကာအကွယ်အာမခံချက်များ လိုအပ်ပါသနည်း။ တိုင်းဒေသကြီး/ပြည်နယ်/နယ်မြေဒေသ တစ်ခုတွင် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် အုပ်ချုပ်မှု ပျက်ပြားလျှင် ဗဟိုအဆင့်/ပြည်ထောင်စု/ဖက်ဒရယ်အာဏာပိုင်များက ကြားဝင်ဆောင်ရွက်နိုင်မည့် အရန်လုပ်ပိုင်ခွင့်အာဏာ ထားရှိသင့်ပါသလား။ ထားရှိသင့်ပါက ယင်းအစီအမံများကို ဗဟိုအဆင့်က အလွဲမသုံးနိုင်စေရန် မည်သို့ကာကွယ်နိုင်ပါမည်နည်း။

(၉) တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် သဘာဝနယ်နိမိတ်များ သို့မဟုတ် သမိုင်းကြောင်းတစ်လျှောက် ရှိခဲ့သည့် နယ်နိမိတ်များ ရှင်းလင်းစွာ အခိုင်အမာသတ်မှတ်ထားပါသလား။ တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်မြေဧရိယာများမှာ ထိရောက်တွင်ကျယ်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုရှုထောင့်မှ ကြည့်ပါက လက်တွေ့ကျပါသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မလိုအပ်ဘဲ နယ်နိမိတ်များကို ပြင်ဆင်သတ်မှတ်နိုင်သည့် အစီအမံ ရှိသင့်ပါသလား။

(၁၀) တိုင်းဒေသကြီး/ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များ ပါဝင်နိုင်မှုတို့အကြား မည်သို့ ဟန်ချက်ညီစေသင့်ပါသနည်း။ ကိုယ်စားပြုပါဝင်မှု (ဥပမာ အထက်လွှတ်တော်တွင် ပါဝင်နိုင်မှု) နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု (ဥပမာ အစိုးရအဆင့် အသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှု) မည်သည့်အစီအမံများ ချမှတ်ထားရှိရန် လိုအပ်ပါသနည်း။

(၁၁) ဗဟိုအဆင့်/ပြည်ထောင်စု/ဖက်ဒရယ် အစိုးရအပေါ် တိုင်းဒေသကြီး/ပြည်နယ်များက ဘဏ္ဍာရေးအရ အလွန်အမင်း မှီခိုနေရခြင်းမဖြစ်စေရန် ကာကွယ်ပေးလျက် တစ်ချိန်တည်းမှာပင် လိုအပ်ချက်များနှင့် အရင်းအမြစ်များ ပြောင်းလဲနေခြင်းကို တုံ့ပြန်နိုင်ရန် အာဏာခွဲဝေရေးဆိုင်ရာ ဘဏ္ဍာငွေကြေး အစီအမံများကို မည်သို့ ပြောင်းလွယ်ပြင်လွယ် ဖြစ်စေနိုင်မည်နည်း။

(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနည်းလမ်းသည် နိုင်ငံရေးစနစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အခန်းကဏ္ဍကို ထင်ဟပ်နိုင်ပါသလား။ တိုင်းဒေသကြီး/ပြည်နယ်များ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာအကြား သင့်တင့်လျောက်ပတ်သော ဟန်ချက်ညီမှုမှာ မည်သို့ ဖြစ်ပါမည်နည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ညှိနှိုင်းသဘောတူညီထားသည့်အတိုင်း ကျင့်သုံးနိုင်ရန် အထူးပယ်ချနိုင်ခွင့် ဗီတိုအာဏာများ လိုအပ်ပါသလား။

(၁၃) နိုင်ငံရေးပါတီများ၏ အခြေအနေမှာ မည်သို့ ရှိပါသနည်း။ မက်ခရို Macro အဆင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအဆိုပြုထားသော အင်စတီကျူးရှင်းများ လုပ်ငန်းဆောင်ရွက်မှုအပေါ် နိုင်ငံရေးပါတီများသည် မည်သို့ သက်ရောက်မှု ရှိပါမည်နည်း။ နောင်အခါ နိုင်ငံရေးပါတီများ၏ အခြေအနေသည် အခြေခံကျကျ ပြောင်းလဲသွားပါက (ဥပမာ ပါတီတစ်ပါတီက ကြီးစိုးသော အနေအထားမှ အပြိုင်အဆိုင်ပါတီများ ရှိသည့် အနေအထားသို့ ပြောင်းလဲသွားလျှင် သို့မဟုတ် အဓိက ပါတီကြီးနှစ်ပါတီ အနေအထားမှ ပါတီအများအနေအထားသို့ ပြောင်းလဲသွားလျှင်) ယင်းအင်စတီကျူးရှင်းများ ဆက်လက်ဆောင်ရွက်နိုင်ပါမည်လား။

# ရည်ညွှန်းစာအုပ်များ၊ အရင်းအမြစ်များနှင့် ဆက်လက်လေ့လာဖတ်ရှုနိုင်မည့် စာအုပ်စာတမ်းများ


Anderson, George, *Federalism: An Introduction* (Oxford: Oxford University Press, 2008)

Anderson, George and Choudhry, Sujit, *Constitutional Transitions and Territorial Cleavages* (Stockholm: International IDEA, 2015)

Anderson, George, *Creation of Constituent Units in Federal Systems*, Law Working Paper (The Center for Constitutional Transitions: NYU, 2014) ၆

Banting, Keith G. and Corbett, Stan (eds.), *Health Policy and Federalism: A Comparative Perspective on Multi-Level Governance* (Kingston and Montreal: McGill Queens University Press, 2002)

Bodnar, Cameron D., 'Practice and Principle: Asymmetrical Federalism in Canada', prepared for the 2003 Annual Meeting of the Canadian Political Science Association, Dalhousie University, Halifax, Canada, 2003

Burgess, Michael, *Comparative Federalism: Theory and Practice* (London: Routledge, 2006)

Commonwealth Local Government Forum, *Commonwealth Local Government Handbook 2013/14* (London: Commonwealth Local Government Forum, 2014)

Elazar, Daniel J., *Exploring Federalism* (Tuscaloosa, AL: University of Alabama Press, 1987)

Filippov, M. and Shvetsova, O., 'Federalism, Democracy and Decentralisation', in A. Benz and J. Broschek (eds), Federal Dynamics: Continuity, Change, and the Varieties of Federalism (Oxford: Oxford University Press 2013)

Ghai, Yash and Woodman, Sophia (eds.), *Practising Self-Government: A Comparative Study of Autonomous Regions* (Cambridge: Cambridge University Press, 2013)

Irving, Helen, *Gender and the Constitution: Equity and Agency in Comparative Constitutional Design* (Cambridge: Cambridge University Press, 2008)

John Paul II, *Centesimus Annus* [Encyclical Letter on the Hundreth Anniversary of Rerum Novarum] (1991) available at http://w2.vatican.va/content/john-paul-ii/en/encyclicals/documents/hf_jpii_enc_01051991_centesimus-annus.html#%242S accessed 18 May 2015

Karmis, Dimitrios and Norman, Wayne (eds.), *Theories of Federalism: A Reader* (Basingstoke: Palgrave MacMillan, 2005)

Putnam, Robert, *Making Democracy Work: Civic Traditions in Modern Italy* (Princeton, NJ: Princeton University Press, 1994)

ယခုစာစဉ်အား မြန်မာဘာသာသို့ ဘာသာပြန်ခြင်းနှင့်ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံသံရုံးနှင့် လူဇင်ဘတ်နိုင်ငံအစိုးရတို့မှ ကူညီထောက်ပံ့ပါသည်။

Norwegian Embassy

GRAND DUCHY OF LUXEMBOURG